# မင်္ဂလာဦ့

(ဦးကျော်ဓ)

# MINGLAPYO.

BY
THAN DAW SINT MIN
U KYAW AYE

---

ကျောင်းသားကြီးငယ်[illegible]အမျိုးသား
အမျိုးသမီး[illegible]ထောက်ရှုကြရာ[illegible]သော
[illegible]
[illegible]သော
[illegible]
[illegible]
" [illegible] "
သံတော်ဆင့်မင်း–ဦးကျော်ဧး
ရေးသားစီရင်[illegible]သော

# မင်္ဂလာဗျို။

[illegible]

---

မန္တလေးမြို့ ဒါးတန်း။
ဂုဏဝတီ[illegible]ပုံနှိပ်တိုက်။

S. 12. ၁၂၇၉-ခုဒုတိယဝါဆိုလ။ အဘိုး—၁၂ပဲ။
1917



" နေ့မျိုးမင်းကျော်စေယျာသူ " ဖွဲ့ခဲ့

သံတော်ဆင့်မင်း ဦးကျော်ငွေ၏ပုံ၊

| ဂဏန်းစဉ် | မာတိကာ | ပိုဒ်ရေ | နံပါတ် |
|---|---|---|---|
| | နိဒါန်း | ၄ | ၁ |
| ၁ | အသေဝနာစဗာလာနံ | ၅ | ၁၂ |
| ၂ | ပဏ္ဍိတာနဉ္စသေဝနာ | ၃ | ၂၂ |
| ၃ | ပူဇာစပူဇနေယျာနံ | ၂ | ၂၇ |
| | မင်္ဂလာသုံးပါးချုပ် | ၁ | ၃၂ |
| ၄ | ပတိရူပဒေသဝါသောစ | ၁ | ၃၄ |
| ၅ | ပုဗ္ဗေစကတပုညတာ | ၁ | ၃၇ |
| ၆ | အတ္တသမ္မာပဏိဓိစ | ၂ | ၃၈ |
| | မင်္ဂလာသုံးပါးချုပ် | ၁ | ၄၀ |
| ၇ | ဗာဟုသစ္စဉ္စ | ၁ | ၄၁ |
| ၈ | သိပ္ပဉ္စ | ၁ | ၄၃ |
| ၉ | ဝိနယောစသုသိက္ခိတော | ၁ | ၄၄ |
| ၁၀ | သုဘာသိတာစယာဝါစာ | ၁ | ၄၆ |
| | မင်္ဂလာ-၄-ပါးချုပ် | ၁ | ၄၈ |
| ၁၁ | မာတာပိတုဉပဋ္ဌာနံ | ၂ | ၄၉ |
| ၁၂ | ပုတ္တဒါရဿသင်္ဂဟော | ၁ | ၅၃ |
| ၁၃ | အနာကုလာစကမ္မန္တာ | ၁ | ၅၄ |
| | မင်္ဂလာ-၃-ပါးချုပ် | ၁ | ၅၅ |
| ၁၄ | ဒါနဉ္စ | ၂ | ၅၆ |
| ၁၅ | ဓမ္မစရိယာ | ၁ | ၆၀ |
| ၁၆ | ဉာတကာနဉ္စသင်္ဂဟော | ၁ | ၆၃ |
| ၁၇ | အနဝဇ္ဇာနိကမ္မာနိ | ၁ | ၆၄ |
| | မင်္ဂလာ-၄-ပါးချုပ် | ၁ | ၆၆ |
| ၁၈ | အာရတီ | ၁ | ၆၇ |
| ၁၉ | ဝိရတီပါပါ | ၁ | ၆၈ |
| ၂၀ | မဇ္ဇပါနာစသံယမော | ၁ | ၆၉ |
| ၂၁ | အပ္ပမာဒေါစဓမ္မေသု | ၃ | ၇၀ |

| ဂါထာနံ့ စဉ် | မာတိကာ | ပိုဒ် ရေ | နံပါတ် |
|---|---|---|---|
| | မင်္ဂလာ-၄-ပါးချုပ် | ၁ | ၇၄ |
| ၂၂ | ဂါရဝေါစ | ၁ | ၇၅ |
| ၂၃ | နိဝါတောစ | ၁ | ၇၇ |
| ၂၄ | သန္တုဋ္ဌီစ | ၁ | ၇၈ |
| ၂၅ | ကတညုတာ | ၂ | ၈၀ |
| ၂၆ | ကာလေနဓမ္မဿဝနံ | ၁ | ၈၂ |
| | မင်္ဂလာ-၅-ပါးချုပ် | ၁ | ၈၄ |
| ၂၇ | ခန္တီစ | ၂ | ၈၅ |
| ၂၈ | သောဝစဿတာ | ၁ | ၈၈ |
| ၂၉ | သမဏာနဉ္စဒဿနံ | ၁ | ၈၉ |
| ၃၀ | ကာလေနဓမ္မသာကစ္ဆာ | ၁ | ၉၁ |
| | မင်္ဂလာ-၃-ပါးချုပ် | ၁ | ၉၃ |
| ၃၁ | တပေါစ | ၂ | ၉၄ |
| ၃၂ | ဗြဟ္မစရိယဉ္စ | ၂ | ၉၇ |
| ၃၃ | အရိယသစ္စာနဒဿနံ | ၆ | ၁၀၀ |
| ၃၄ | နိဗ္ဗာနသစ္ဆိကိရိယာစ | ၁ | ၁၀၇ |
| | မင်္ဂလာ-၄-ပါးချုပ် | ၁ | ၁၀၉ |
| ၃၅ | ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ | ၁ | ၁၁၀ |
| ၃၆ | အသောကံ | ၁ | ၁၁၁ |
| ၃၇ | ဝိရဇံ | ၁ | ၁၁၂ |
| ၃၈ | ခေမံ | ၁ | ၁၁၃ |
| | မင်္ဂလာ-၄-ပါးချုပ် | ၁ | ၁၁၄ |
| | ဧတာဒိသာနိဟူသောမင်္ဂလာနိဂုံး | ၁ | ၁၁၄ |
| | နိဂုံးလင်္ကာ | ၃ | ၁၁၆ |
| | ပေါင်း | ၇၇ | |

# နိဒါန်း။

မဟာဗြဟ္မာ ဇမ္ဗူဒီပကဗြဟ္မ ရမ္မဝတီတိမြမ္မာ၊ ။မဟာဇေ့ ရှိသော ရရဓာတ်-ရမ္မပဋ္ဌည်း။ ။အကြင်လူမျိုးတို့သည်၊ဂေါတမ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်နှိက်မွေ့ လျော်တတ်သောကြောင့်-မြမ္မာဟူ၍ရင်း။ ။တနည်း။ ။မဟာဗြဟ္မ တိဋိသာသနံ ရဋ္ဌတိမာနေတီတိ မြမ္မာ။ ။မဟာဇေ့ ရှိသော-ရ စဓာတ်၊ရမ္မပဋ္ဌည်း။ ။အကြင် လူမျိုးတို့သည်၊ မြတ်သောဗုဒ္ဓ ဘာသာ သာသနာတော်သုံးရပ်ကို နှစ်သက်တတ်မြတ်နိုးတတ် သောကြောင့် မြမ္မာဟူ၍ရင်း။ ။တနည်း။ ။မဟာဗြဟ္မ သာသနံ ရက္ခတီတိ မြမ္မာ၊ ။မဟာဇေ့ ရှိသော ရက္ခဓာတ်၊ ရမ္မပဋ္ဌည်း။ ။ အကြင်လူမျိုးတို့သည်၊မြတ်သောဗုဒ္ဓဘာသာ သာသနာတော် ကို စောင့်ရှောက်တတ်သောကြောင့်-မြမ္မာဟူ၍ရင်း။ ။ဤသို့ ပြအပ်သော စေနဋ္ဌနှင့်အညီ၊ ရှေးရှေးသော ပညာရှိတို့သည်၊ မြမ္မာလူမျိုးဟုခေါ်ဝေါ်ပြည်ကြသတည်း၊ ။နောက်ကာလ၊ လျင် မြန်သည်၊သန်မာသည်ကိုအစွဲပြုပြီးလျှင်၊အချို့သောဆရာတို့က နယ်သတ်နှင့်“မြန်မာ”ဟူ၍ကြံစည်ပြောဆိုရေးသားကြ၏၊ ။ ထိုဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့သည်၊ ရှေးရှေးသော ဘိုး ဘွားမိဘအစဉ်အဆက်တို့က ခင်းသက်လျက်၊သားသမီးတို့ အား-လူ့အဖြစ်သို့ရောက်၍၊ ငါးနှစ် ခြောက်နှစ်ခန့်ရှိလျှင်၊ဆရာ သမား ဘုန်းတော်ကြီးများထံ အပ်နှံ ကာလ၊ နမောဗုဒ္ဓါယ, စသော သင်ပုဏ်းကြီးများကို သင်ကြားပြသ၊ စာလုံးအက္ခရာ ပေါင်းဘတ် ဘတ်တတ်ရှိသောအခါ၊ရှေးဦးစွာ ဆရာသမား၊ဘုန်း တော်ကြီးများက၊ ဝေမေသုတံ, အစရှိသော မင်္ဂလသုတ်တော် မြတ်ကို၊အနက်အဓိပ္ပါယ်နှင့်တကွတတ်မြောက်အောင် ကောင်း စွာသင်ကြားပြသမြဲအစဉ်ထုံးစံရှိသည်။

ထိုသုံးဆဲ့ရှစ်ပါးသော မင်္ဂလာ တရားတော်မြတ်ကို၊ သင်

ကြားနာခံ၊မှတ်သားကျင့်ကြံရသောကြောင့်၊ရှေးရှေးသော မြန်မာအမျိုးသားတို့သည်။ လောကဝတ်၊ဓမ္မဝတ်တို့နှင့် ကောင်းစွာ ယဉ်ကျေးလိမ္မာကြသဖြင့်။ လောကနှင့်၊ချမ်းသာသုခများပြား ကျော်စောထင်ရှားခြင်း၊ ရတနာသုံးပါး၊ဆရာ မိဘစသောရှိသေထိုက်သူတို့အား၊ကောင်းစွာရိုသေလေးမြတ်ခြင်း၊ဒါနသီလစသော ကုသိုလ်တရား ပွါးများခြင်း။ပါဏာတိပါတ,စသောအကုသိုလ်တရားနည်းပါးခြင်း,စသဖြင့် များစွာသောအကျိုးတရားများကို ခံစားကြရသည်။သံသရာ၌လည်း အပါယ်လေးပါးဘေးမှ ကင်းလွတ်၍။သုဂတိဘဝသို့ လားရလျက်၊ လူမင်း၊နတ်မင်း၊ဗြဟ္မာမင်းစသော အကျိုးထူးများကို ခံစား စံစားပြီးလျှင်၊အဆုံးဘဝနှင့် အရဟတ္တမဂ်-အရဟတ္တဖိုလ်တိုင်အောင်၊များမြောင် ကြီးကျယ်သော အကျိုးထူးတရားများကို ခံစား စံစားရမည်ကား။သံသယမရှိ အမှန်ယုံကြည်ကြသည်၊

ယခုကာလ၊နောက်သားနောက်မြေး ကလေးသူငယ်တို့မှာ။ခေတ်ကာလသမယအလျောက်အသက်မွေးမှု ပရိယေသနကိစ္စများကို။ ကြိုးပမ်း လုံ့လ အားထုတ်ကြရသဖြင့်၊ သုံးဆဲ့ရှစ်ပါးသောမင်္ဂလာတရားကို၊တတ်မြောက်အောင်မသင်ကြားနိုင်ကြ၊မေ့လျော့ လစ်လပ်သကဲ့သို့ ဖြစ်ခြင်းကြောင့်။မြန်မာအမျိုးသားတို့မှာ။စားရေးသောက်ရေး ပရိယေသနကိစ္စ ခဲယဉ်းခြင်း၊တဦးနှင့်တဦး၊ မေတ္တာ,ကရုဏာတရား နည်းပါးခြင်း၊ရတနာသုံးပါးဆရာမိဘစသော သူတို့အား၊အရိုအသေ ယုတ်လျော့ခြင်း။ဒါနသီလ,စသော ကုသိုလ်တရား ဆုတ်ယုတ်ခြင်း၊ပါဏာတိပါတစသော အကုသိုလ်တရား တိုးပွါးခြင်းစသဖြင့် များစွာသောအယုတ်တရား တိုးပွါးလာသည်ကား။ဒိဋ္ဌမျက်မြင် အထင် အရှားကဲ့သို့ဖြစ်သည်၊သံသရာ၌မူကား၊ကုသိုလ်တရားနည်းပါး၍၊အကုသိုလ်တရား ပွါးများလာခြင်းကြောင့်။ အပါယ်ဒုဂ္ဂတိသို့လားရ၍၊ကြီးစွာဒုက္ခရောက်ရမည့်ကို ကြောက်ရွံ့ ထိတ်လန့်ဘွယ်အမှုကြီးတခုဖြစ်သည်၊

ဤကဲ့သို့ဖြစ်ခြင်းကြောင့်။ နောင်လာ နောက်သား၊ ကလေးသူငယ်တို့ ချမ်းသာသုခ ရကြစေရန်စောင့်ရှောက်ခွင့်ကို အကြိမ်ကြိမ်အဘန်တန်နဖူးလက်တင်ဆင်ခြင်စဉ်းစားရာ၊ သတ္တဝါတို့၏ ချမ်းသာရာ ချမ်းသာကြောင်းကား။ အပြစ်မရှိ ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်တရားပင်တည်း၊ သတ္တဝါတို့၏ဆင်းရဲရာ ဆင်းရဲကြောင်းကား။ အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိသော အကုသိုလ်တရားပင်တည်းဟု။ ဆင်ခြင် စဉ်းစားမိရကား။ ထိုတရား နှစ်ပါးတို့တွင်၊ အကုသိုလ်တရားကို ခေါင်းပါးစေလျက်၊ ကုသိုလ်တရားကို ပွါးများစေရန်သာ လိုရင်းဖြစ်သတည်း၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့၏ အကျိုးစီးပွါး များပြား ကြစေရန် ရည်သန်လျက်၊ ဤ"မင်္ဂလာ ပျို့"ကိုရေးသားသတည်း၊

ဤသို့ မင်္ဂလာတရားတော်ကို ပျို့ကဗျာ လင်္ကာဖြင့် စီကုံးရေးသားခြင်းမှာလည်း၊ ပလုတဂိတဖြစ်စိမ့်သောငှါ ရည်ရွယ်လျက် ရေးသားသည်မဟုတ်ပါ။ ကျောင်းသားစသော ကလေးသူငယ်တို့စိတ်ကို ကြည်လင် ရွှင်လန်းစေလျက်၊ အကျက် အမှတ်၊ အဘတ် အရွတ်လွယ်ကူစေခြင်း။ ပါဠိအကွဲရာ,အပင့်,အရိ,သတ်ပုံ,ကာရန်,ခွဲသား,ပေါရာဏစကားစသောရှေးအစဉ်မြန်မာဗဟုသုတများကိုနားလည်စေခြင်း။ လောကဝတ်-ဓမ္မဝတ်တို့နှင့် ယဉ်ကျေးလိမ္မာသဖြင့်။ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါး၊ များပြားစေခြင်းစသောများစွာသောအကျိုးတရားတို့ကို ရည်ရွယ်လျက်၊ ဤသုံးဆဲ့ရှစ်ပါးသော မင်္ဂလာ တရားတော်ကို အလွယ်တကူမှတ်ယူစေရန် ကဗျာလင်္ကာဖြင့် စီကုံးရေးသားသတည်း၊

ဤမင်္ဂလာပျို့နှင့်၊ မည်မျှလောက် တရား အနက်အဓိပ္ပါယ်ကြီးကျယ် နက်နဲ ခက်ခဲ သိမ်မွေ့သည်ကို၊ ဤစာကို အစကအဆုံးတိုင်အောင်၊ ကောင်းစွာ စဉ်းစား ဘတ်နာကြည့်ရှုပါလျှင်၊

ပစ္စုပ္ပန် လောကီမှုမှစ၍၊ နိဗ္ဗာန် တိုင်အောင် အကျိုးစီးပွါးကို ဆောင်တတ်သော အနက်အဓိပ္ပါယ်တရား များစွာပါဝင်သည်ကို သိပါလိမ့်မည် အကြောင်း။ ။သို့ဖြစ်၍ အထက်က ဆိုခဲ့သော အပြစ်ခပ်သိမ်းတို့မှကင်းငြိမ်းပပျောက်လျက်၊ ရှေးအစဉ်ထုံးစံအတိုင်း၊ သောကဝတ်၊ ဓမ္မဝတ်တို့နှင့် လိမ္မာယဉ်ကျေးသဖြင့်၊ လောကီ သောကုတ္တရာ၊ နှစ်ဖြာသော ချမ်းသာများကိုရကြစေရန်၊ ဤမင်္ဂလာပျို့ကိုကြိုးစားအားထုတ်၍ဘတ်နာကြည့်ရှုကြပါစေသတည်း။

ဤမင်္ဂလာပျို့ကို ရေးသားရာနှင့်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ထိုထိုကျမ်းဂန်များကို ကြည့်ရှုမှတ်သားခြင်း-ဓမ္မပဒေသ၊ ။ရှေးရှေးသောပျို့ကဗျာ အလင်္ကာဆရာမြတ်တို့၏ နည်းနာကို ခံယူရေးသားခြင်း-ဂရုပဒေသ၊ ။ဤသို့ဓမ္မပဒေသ၊ ဂရုပဒေသ၊ များကို ခံယူရေးသားခြင်းဖြစ်သော်လည်း၊ ပုထုဇဉ်သဘာဝ၊ အာသဝတရား မကင်း၍၊ ပမာဒလေခ၊ ချွတ်ယွင်း လစ်လပ်သောအရာများကိုးတွေ့ရှိခဲ့ပါလျှင်၊ ကောင်းမြတ်သောယောနိသောမနသိကာရဖြင့်၊ ကျမ်းဂန်များကို ထပ်မံကြည့်ရှုပြီးလျှင်၊ ကောင်းရာကိုမှတ်သားကြပါစေသတည်း။

ဤမင်္ဂလာပျို့အလင်္ကာကို၊ ကောင်းမြတ်သော ကရုဏာတရားဖြင့်၊ ဘုန်းတော်ကြီးများကျောင်း၊ လူကျောင်းများတွင်၊ စာသင်သားကလေးသူငယ်များကို၊ ကောင်းစွာမှတ်သားနားလည်အောင်၊ ဆရာသမားများက၊ သင်ကြားပြသ၊ ဘတ်ရှုကြပါစေသတည်း။

ဤအလင်္ကာပိုဒ်များတွင်၊ ကွယ်ဝှက်သော လိနတ္ထအဓိပ္ပါယ်အတိုကောက်များနှင့်၊ ပေါရာဏကထာ၊ အက္ခရာအပေါင်း၊ အရော်၊ ကာရန်၊ ခွဲသား၊ များကိုလည်း တပိုဒ်တပိုဒ်စီ သီးသန့်ပိုင်းခြားလျက်၊ အဖြေဝိသဇ္ဇနာအကျဉ်းစကားရေးသားပါရှိသတည်း။

# မင်္ဂလာပျို့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

(က) မဟာကာရုဏ်။ ဉာဏ်တော်ဟုန်ဖြင့်၊ ဂုဏ်အတုလ။ ပဝရဟု။ မေစာကွန့်မြူး။ ညွတ်ညွတ်နူးလျက်။ ဂိုဏ်ကြူးခပဲ။ လင်းကဲတဖြာ၊ ရှစ်မျက်နှာမှ။ ဝဍ္ဍာခဲနက်၊ လျှပ်ပန်းလက်၍။ စက်စက္ကဝါ။ ခေတ်အာဏာဟု၊ သင်္ချာကိန်းနေ။ သိန်းကုဋေဖြင့်၊ များထွေ ငြိမ်းငြိမ်း။ သံပကြိမ်းလျက်၊ ပိုက်သိမ်းလုံးချုပ်၊ ဖုံးအုပ်သွန်းဖျန်း။ ရွှင်လန်းငြိမ်းအေး။ ရွာသွန်းပေးသို့။ အရေးတူစွာ၊ ဗြဟ္မာနတ်လူ။ ဟိန္ဒဂူကို။ ဆောင်ယူအမတာ။ ပြည်ခေမာသို့။ ကောင်းစွာ ပို့သည်။ လူတို့ထွန်းထား။ ဘုန်းခြောက်ပါးနှင့်။ ဘုရားမြတ်ပွန်။ နေရဇာန်လျှင်။ စံလွန်ပြီးနောက်၊ သုံးလမြောက်ဝယ်၊ လွန်ကြီးကျယ်လျက်၊ ဆန်းကြယ်ဂုံစွာ၊ ဝတိန်သာသို့။ သာယာနှပျို၊ ရာဇဂြိုဟ်ဟု။ နဂိုရ်တည့်တည်။ သာမောစည်သည်၊ ရွှေပြည်ဥက္ကဋ္ဌ။ ဗိမ္ဗိနတ်ဖော်။ သည်းပွတ်ရတနာ။ ဘုန်းရောင်ဖြာလျက်။ တောဇာဝှန်ဆူ။ ထောင်ထားမှုဖြင့်၊ ရန်သူတပါး၊ ခန့်ငြားမဝံ့။ မာန်စောင်ညှံ့လျက်၊ ကြောက်ရွံ့တုန်ဆတ်၊ မင်းအခင်တတ်သည်။ ဇာတသတ်မင်း။ အကြောင်းရင်းဖြင့်။ မိုးတင်းပြုခါ၊ တောင်ဝေဘာမှ၊ သေလာဂူလိုဏ်။ စရည်းမြိုင်တွင်။ ကြံ့ခိုင်သာယာ၊ ကျယ်ပြန့်စွာသည်။ မဟာမဏ္ဍပ်။ ငိုက်နန်းဝပ်မှ။ ခုနစ်လဘိုင်တိုင်။ ဘုန်းသိုင်ကဿပ။ ထေရိန္ဒလျှင်၊ ပဉ္စသတာ။ ရဟန္တာတို့။ မဟာသင်္ဂီ၊ တင်တုံပြီတည့်၊ ငါးလီ ဓေတာဒဂ်၊ မိန့်တော်ချက်နှင့်၊ နတ်နက်ထွင်လျား။ ညီဘွားအာနန်၊ ခွန်းတုံ့ပြန်သည်။ ပြင်ရန်နိဒါန်း တွန်းလတ်တည်း။

# မင်္ဂလာပျို့။

## ဝင်းလင်္ကာပိုဒ်တွင်ပါသောဝလိနည်းအဓိပ္ပါယ်များကိုဘော်ပြချက်။

ခတ်-၃-ပါးကား။ ။ဘုရားလောင်းပဋိသန္ဓေနေတော်မူသောအခါ စသည်များတွင်တုန်လှုပ်သောစကြာဝဠာကုဋေတသောင်းသည်၊ဇာတိခေတ်မည်၏။ ။ဘုရားသခင်ပရိတ်တော်အာဏာတော်ပြန့်နှံ့ရာ စကြာဝဠာ ကုဋေတသိန်းသည်၊ အာဏာခေတ်မည်၏။ ။ဘုရားသခင် အလိုတော်မြတ်ရှိလျှင် အာရုံပြုတော်မူနိုင်သော၊ အပိုင်းအခြားမရှိ မရေတွက်နိုင်သောစကြာဝဠာသည်–ဝိသယခေတ် မည်၏ဟူ၍ ၃-ပါးတည်း။

ဘုန်းတော် ၆-ပါးကား။ ။လောကုတ္တရာ၃ တန်ခိုးဖြင့်ပြီးသောဂုဏ်သည်–ဣဿရိယ ဘုန်းတော်။ ။မဂ်-၄-ပါး၊ ဖိုလ်-၄-ပါး၊နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရားသည်၊ ဓမ္မဘုန်းတော်။ ။အရဟံ အစရှိသော ဂုဏ်တော်တို့ဖြင့် ထက်ဝန်းကျင်ကျော်စောတော်မူသောယသဘုန်းတော်။ ။ ခပ်သိမ်းသော ရူပကာယတော်၏ တင့်တယ်တော်မူခြင်း ကြွက်သရေတော်သည်–သိရီဘုန်းတော်။ ။အတ္တဟိတ ပရဟိတအကျိုး-၂-ပါးကို၊ အလိုတော်အားလျော်စွာ ပြီးစီးခြင်းသည်–ကာမဘုန်းတော်။ ။လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး။ပါရမီတော်ဆယ်ပါးကို ဖြည့်ကျင့်တော်မူခဲ့သော ဝိရိယတော်။ မဂ်စိတ်-၄-ချန်၌ ယှဉ်သော မဂ္ဂင်တရား။ဆိုယ်ရှစ်ပါးတွင် အကျုံး ဝင်သော–သမ္မာဝါယာမ လုံ့လတော်တည်းဟူသော ပယတ္တဘုန်းတော်ဟူ၍ဘုန်းတော်-၆ ပါးတည်း။

ပဥ္စမသင်္ဂါတိကာလကား။ ။ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောင် သုံးလမြောက်တွင်။မဟာသက္ကရာဇ်-၁၄၈-ခု။ဝါခေါင်လပြည့်ကျော် တရက်နေ့ကစ၍ သင်္ဂါယနာတင်သည်၊ ။

ငှင်း တပေါင်းလပြည့်ကျော် တရက်နေ့ထိ၊ ခုနစ်လတိုင်မှ ပြီးသည်၊

ရှင်အာနန္ဒာဇေတဒဂ် ၅ ပါးကား။ ။ဗဟုဿုတ၊ သတိမန္တ။ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌက ဟူ၍-၅-ပါးတည်း။

နိဒါန်း-၂-ပါးကား။ ။အဗ္ဘန္တရနိဒါန်း၊ ဗာဟိရနိဒါန်းဟူ၍ ၂ ပါးတည်း။ ။တနည်း-ဒူရေနိဒါန်း၊ သန္တိကေ နိဒါန်း ဟူ၍ ၂-ပါးတည်း။

---

ပေါရာဏကထာနှင့်၊ ယခုဝေါဟာရစကားများကား။

ခပဲကား။ ။အများ။

လင်းကဲတဖြာကား။ ။အရောင်ရစ်မျက်နှာတစပ်တည်း။

နေရဗာန်ကား။ ။ဘုရားပရိနိဗ္ဗာန်စံလုဆဲဆဲ၊

ထွေထွေကား။ ။အထွေထွေအထူးထူးအများ။

သည်းပွတ်ကား။ ။သား၊ သမီးလည်းဟူ၏၊

အက္ခရာအပေါင်းအရစ်,ကာရန်ခွဲသားများကား။

များထွေမြိုင်ခြိမ်း၊ သံပကြိမ်းလျက်, ကားခွဲထား။ ရှေ့-ခသွေး ရရစ်၊ နောက်ကကြီးရရစ်။ လွန်ကြီးကျယ်လျက်၊ ဆန်းကြွယ်ပုံသွာ ကားခွဲသား၊ ရှေ့-ကကြီးယပင့်၊ နောက် ကကြီးရရစ်။

---

(၁) ဇာသာရိယ၊ စသည့်အပြား၊ ခြောက်ပါးဘုန်းဟုန်၊ နဝရတ်လျှင့်၊ ရှန်ဆန်ကဲလွန်၊ ကျော်စောဝှန်ဖြင့်၊ တုတန်မရှိ။ နတ်သုဒ္ဓိကား၊ ခါတပါးမူ၊ ရှစ်ပါးပရိသတ်၊ သုတော်မြတ်တို့၊ ကျင့်ဝတ်ယူရ၊ ကောသလတွင်၊ သာဝတ္ထိမည်၊ ရသေ့သည်လျှင်၊ ချမ်းကြည်သာဝှမ်း၊ ကျောင်းသင်္ခမ်းဟု၊ မြို့ငြိမ်းပြခါ၊ နေရာပဝတ္တ၊ နိမိတ်စကြောင်း၊ ခေါ်ကြွထွင်ဘိ၊ သာဝတ္ထိဟု၊ သိရိရွှေပြည်၊ လကျ်ာတည်သည်၊ မရှည်ဝွန်နီး၊ ခရီးတွက်ဆ၊ တကောသတွင်၊ ဇေတမင်းသား၊ စိုးပိုင်စားသည့်၊ ဖျော်ပါးဥယျာဉ်၊ ထိုမြေသဉ်ကို၊ အစဉ်သဋ္ဌါ၊ ကရုဏာဖြင့်။

ခိုရာမဲ့တီး။ဆင်းရဲကြီးသည်၊အထီးကျန်ထ။ဒုက္ခိတကို၊မ,စ,ကျွေး မွေး။လှူဒါန်းပေး၍၊ ပျုံမွေးကျော်ရှိန်။ နာထပိဏ်သည်၊ နှင်းချိန်ချင့် တွေး။သဒ္ဓါရေးဖြင့်၊ငွေကြေးအပြည့်။မြေတွင်ထည့်လျက်၊ ရှုကြည့် တွက်ဘွဲ့၊တဆဲ့ရှစ်ကုဋေ။ ဝယ်ယူလေ၍၊ အောင်မြေနက်သန်။ ဤ မြေကြန်သက်၊ ဝေယန် ပြိုးမောက်။ ရွှေကျောင်း ဆောက်လျက်။ လှူ တောက်လှူမှု၊ ကျောင်းအနုမော်။ သာရုခေါ်လည်း၊ သုံးဘော် ကိုင်ကာန်။ ဝေဘန်တွက်ဖွဲ့။ ငါးဆဲ့လေးကုဋေ၊ ကုန်စေလှူဒါန်း။ နတ်ကြြငှန်းသို့၊ ဘန်ဆန်းကဲလွန်၊ဇေတဝန်နှိုက်၊ မြတ်ပွန်စံတော်။ မုလသော်တည့်။ ထိုရော်အခါ၊သညာမပြား။ မျိုးမည်အားသည်။ ထင်ရှားမထင်။ လုလင်ပတ်လျှ၊ မာဏဝသည်၊ညဦးချိန်လွန်။ သန် ခေါင်မှန်ဝယ်။လျှောက်ပန်အံ့တည့်။စည့်စည့်ပြောင်ပြောင်၊တန်ဆာ ရောင်နှင့်။ ကိုယ်ရောင်ရွှန်းရွှန်း၊ ထိန်ထိန် ထွန်းသည်၊ ။စံကွန်း ဗိမာန်တုလွတ်တည်း၊

ငင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊

ဘုန်းတော်-၆-ပါးကား။ ။ဣဿရိယ၊ဓမ္မ၊ရသ၊သိရီ၊ကာမ၊ပယတ္တ။
ဂုဏ်တော်-၉-ပါးကား၊ ။အောက်နှိုက်ဆိုလတံ့။
ပရိသတ်-၈-ပါးကား၊ ။အရိယာရဟန်းယောကျ်ား။ ငင်းရဟန်း မိန်းမ။ အရိယာလူယောကျ်ား။ ငင်းလူမိန်းမ။ပုထုဇဉ် ရ ဟန်းယောကျ်ား၊ ငင်းရဟန်းမိန်းမ။ ပုထုဇဉ်လူယောကျ်ား။ ငင်းလူမိန်းမ,ဟူ၍-၈-ပါးတည်း။

---

ပေါ်ရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

သင်္ခမ်းကား၊ ။ရသေ့ရဟန်းနေသောကျောင်း။
သေဉ်မြေကား၊ ။မင်္ဂသာကြွက်သရေရှိသောမြေ။
နက်သန်ကား။ ။မင်္ဂလာရှိသောအောင်မြေ။

ကြဋ္ဌန်းကား။ ။မြတ်သောနေရာ။နန်းသည်းဟူ၏။
ကိုင်ကန်ကား။ ။ရေထွက်မှတ်သားသည်၊
မွန်ကား၊ ။အမြတ်၊
ပတ်လျှကား။ ။လုလင်။
စည့်စည့်ကား။ ။ထွန်းလင်းသောအရောင်။
ကွန်းကား။ ။မင်းတို့စံနေတော်မူသောနန်း။

---

အကျွဲချာအပင့်,အရစ်,ကာရန်ခွဲထားများကား၊

ခိုချမဲ့တီး။ ဆင်းရဲကြီးသည်၊ အသ° ကျန်ထ,ကားခွဲထား၊ ရှေ့တဝမ်းပူ။နောက်-ထဆင့်ထူး။ ။အသ°ကျန်သ။ဒုက္ခတ,ကား ခွဲထား။ရှေ့-ထဆင့်ထူး။နောက်-တဝမ်းပူ၊

(ဂ) သုံးပါးသဝ။ သုံးလောကတွင်။ ပစ်ချကြမ္မာ။အဝိဇ္ဇာနှင့်။ တဏှာ,ထောဘ၊ ဒေါသ မနသိ၊ အပာယ်ရိက။ နောက္ခပ္ပနှင့်၊ ကောဓ ဥပနာ၊မက္ခာ,ပလာသ။ဖုသ္သာစသည့်၊ ရေဆတွက်ကိန်း။ အသိန်း မကား၊များဘွက်သော။ ရန်တွေတွေကို။ အနုဝသေသ၊ ပဟာနပ္ပ။ ဂမ္ဘ ရေလျှင်။ မဂ်ဖြင့်စင်၍၊ လေးအင်သစ္စာ၊ ဥာဏ်ရောင်ဝါကို၊ ဆရာ မဟူ၊သယမ္ဘူဖြင့်၊နည်းယူမရှိ၊ချက်ကုန်သိသည့်၊ရှိနိပုဂ်ဝ၊ ထွန့် သကျ၏၊ပသလေးသီ°၊ဉာဏ်ကြွေ့ကြွေ့၊ပျော်စံမွေ့သည်၊ချမ်းမြေ့ သသယာ၊ရဝ်ခန်းပါသို့၊ ဒေဝါအညွတ်၊ရှိ၍သညွှတ်လျက်၊ လျောက် ပတ်သဖြင့်၊ အောက်သက်မြင့်နှင့်၊ မသင့်ရှေ့နောက်၊ လေအောက် လေညာ၊ပြစ်ခြောက်ဖြာနှင့်၊ ကင်းကွာမစဝ်၊ ရှိညွှတ်ကပ်၍၊ ရပ် လျှက်ပြီးမှ၊ နတ်ဒေဝသည်၊ မှိန့်ချမ့်ကျွက်သွာ၊ ကြည်ညိုကာလျှင်၊ မြတ်စွာအတုလ၊သုံးလူ့ဘအား၊ညွှတ်ခကော်ရော်၊ရှိခိုးဖော်လျက်။ နဒပျော်သသယာ၊ခြင်စွာဖြင့်၊မင်္ဂလာတရား။ ဟောကြားပန်တတ်၊ လျှောက်ထားအတ်သည်၊ ။အဖွတ်နိဒါန်းကြောင်းမြတ်တည်း၊

## ဂုဏ်းလင်္ကာပိုဒ်တွင်ပါသောလိနုတ္တွအႏမိပ္ပါယ် များကိုတော်ပြချက်။

ဘဝသုံးပါးကား။ ။ကာမ-၁၁-ဘုံဟု ဆိုအပ်သော ကာမဘဝ၊ ရူပ-၁၆-ဘုံဟုဆိုအပ်သော ရူပဘဝ၊ အရူပ-၄-ဘုံဟု ဆိုအပ်သော အရူပဘဝ,ဟူ၍သုံးပါးတည်း၊

လောကသုံးပါးကား။ ။ဈာန်ဖြယ ဗဒ္ဓဖြစ်သောခန္ဓာ-၅-ပါး၊ ၄ ပါး၊ တပါး။ အနိန္ဒြိယဗဒ္ဓဖြစ်သော ရူပက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောက။ ။လူ,နတ်,စသည် ပုဂ္ဂိုလ် သတ္တဝါဟု သမုတ်အပ်သော။ဈာန္ဒြိယဗဒ္ဓဖြစ်သော ခန္ဓာအပေါင်းတို့၏ အစဉ်ဟု ဆိုအပ်သော သတ္တလောက။ ။သတ္တဝါတို့၏ တည်ရာ။ အနိန္ဒြိယဗဒ္ဓ၊ဥတုဇရုပ်အပေါင်းတို့၏ အစဉ်ဟု ဆိုအပ်သောဩကာသလောက၊ ။ဟူ၍သုံးပါးတည်း။

သစ္စာ-၄-ပါးကား။ ။စိတ်-၁၉-ခု၊လောဘကြဉ်သောစေတသိက် ၅၁-ခု၊ရုပ်-၂၈-ခုသည်၊ဒုက္ခသစ္စာ။ ။လောဘသည် သမုဒယသစ္စာ။နိဗ္ဗာန်သည် နိရောဓသစ္စာ။ ။မဂ်စိတ်-၄-ခု၌ ယှဉ်သော မဂ္ဂင်တရားကိုယ်-၈-ပါးသည် မဂ္ဂသစ္စာ။ ။ ဟူ၍-၄-ပါးတည်း။

ဈာရိယာပုထ်-၄-ပါးကား။ ။ထိုင်ခြင်း၊ လျောင်းခြင်း၊ ရပ်ခြင်း။ သွားခြင်း။ဟူ၍-၄-ပါးတည်း။

---

### ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ချက်ကုန်ကား။ ။အကြွင်းမဲ့ အလုံးပုံ။
မှိန်းချကား။ ။ချက်လွှာချသည်။
ကော်ရော်ကား။ ။ပူဇော်ကန်တော့သည်။

(ဃ) အထွေအထွေ၊များဗိုလ်ခြေလျှင်။သင်္ချေခပင်း၊ရေတွက်ခြင်း၌၊မစွမ်းရာသည်။ဗြဟ္မာလူနတ်၊ပရိသတ်တို့၊လူတချို့မူ၊ဤသို့ကြံဆ၊ဒိဋ္ဌ,သုတ၊မုတမင်္ဂလာ၊ဖြာဖြာတွေးချဲ့၊ ဖုံးကွယ်ကဲ့သို့၊ပြံ့ပြံ့ထင်ထင်၊ မသိမြင်ရှင့်၊ အကြွင်ရောခါ။ လွန်ပြီးစွာက၊ ဗြဟ္မာကြွေးကြော်၊ရေသော်သံပစ်၊ဆဲ့နှစ်နှစ်လျှင်။နှစ်နှစ်နောနော၊သဘော ဆုံးတိုင်။ကြံ့နိုင်ခဲစွ၊မသိကြ၍၊လူမှဆင့်ဆင့်၊ သတင်းလွင့်လျက်၊ ကြီးမြင့်တေဇာ၊ဒေဝိန္ဒာဟု၊သိင်္ဂါတုံ့ပျံ့၊ရွှေဘုန်းလျှံသည့်၊မိန့်သံဖွက်ကြား၊သင့်နတ်သားတို့၊ ၊ဘုရားဘုန်းခေါင်။ငါးမာရ်အောင်လျှင်။အရောင်ညီးညီး၊တန်းဆောင်မီးသည်။အပြီးထိန်ဝါ၊ရှိတို့ပါလျက်။ဘယ်ခါနေ့ရက်၊မီးမထွက်ဘူး၊ပိုးဖုန်းကြူးကို၊ မီးကူးယောက်ျား။ကဲ့အလားသို့၊ သုံးပါးလောက၊ အနန္တတွင်၊ ရဇ,မလိမ်း။ မြူကင်းငြိမ်းလျက်၊ ခပ်သိမ်းစင်ကြယ်၊ ရေသဘွယ်လျှင်၊ သုံးသွယ်ပန်မှာ၊လွတ်မြောက်ရ၍၊မောက္ခနိဗ္ဗာန်၊ရည်ဖိတ်သန်လျက်၊ အမြန်ထုတ်ချောက်၊ လျင်တော်တပို။ရောက်အံ့လို၍၊များဗိုလ်လူနတ်၊ပရိသတ်အား၊မြတ်ဘုရားသည်၊တရားဖွက်ဘော်၊နှုတ်တော်သာအိန့်၊ ရွှေခွန်းမိန့်၌၊ပုစ္ဆာဝါရ၊မင်္ဂလပဉှာ၊ ချောက်ထားလာသည်၊ ၊ဂါထာပါဠိ ရွတ်လတ်တည်း။

---

၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဖော်ပြချက်၊

လောကသုံးပါးကား၊ ၊သင်္ခါရလောက၊ သတ္တလောက၊ ဩကာသလောက၊

မာရ်-၅-ပါးကား၊ ၊ဒေဝပုတ္တမာရ်၊ကိလေသမာရ်၊ခန္ဓမာရ်၊ မစ္စုမာရ်၊အဘိသင်္ခါရမာရ်ဟူ၍-၅-ပါးတည်း။

ဝဋ်သုံးပါးကား၊ ၊အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤသုံးပါးကား-ကိလေသဝဋ်၊ ၊သင်္ခါရ၊ ကမ္မဘဝ၊ ဤ-၂-ပါးကား-ကမ္မဝဋ်၊ ၊ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

ဥပပဋ္ဌိဘာဝ။ဇာတိ၊ဇရာ မရဏ။ ဤ-၈-ပါးကား-ဝိပါက
ဝဋ်၊ ။ဟူ၍သုံးပါးတည်း၊

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ထွေထွေကား၊ ။အထွေထွေအထူးထူးအများ၊
ဗိုလ်ခြေကား၊ ။လူအများ၊
ခပင်းကား၊ ။အပေါင်းအများ၊
မြို့မြို့ကား။ ။ထင်ထင်ရှားရှား။
နစ်နော့ကား၊ ။အစက,အဆုံးတိုင်အောင်နှိုင်းယှဉ်သည်၊
တော်တပိုကား၊ ။အလျှင်တဆော၊အမြန်လည်းဟူ၏။

---

အက္ခရာအပင့်,အရစ်။ကာရန်ခွဲထားများကား။

များဗိုလ်ခြေလျှင်၊သခ်ျောခပင်း,ကားခွဲထား။ ရှေ့-ခသွေးရရစ်။
နောက်-ခသွေးယပင့်၊ ။ဆဲ့နှစ်နှစ်လျှင်။နစ်နစ်နော့နော့,ကားခွဲထား။
ရှေ့-နငယ်ဟထိုးစသတ်၊နောက်-နငယ်စသတ်။

မင်္ဂလာနိဒါန်း-၄-ပိုဒ်ပြီး၏။

---

(၁) အ,သေဝနာစ ဗာလာနံဟူသောမင်္ဂလာ။

(၁) ဒါနမျိုးစေ့၊ ပိုက်ပျိုးလေ့လျက်၊ ချမ်းမြေ့သီလ၊ မြတ်ပုညာကို။လို့,လမယုတ်။ပတ်တကုတ်ဖြင့်။မဟာသဟာ၊ ဖွဲလွှန်စွာသား။သက်ကြီးများကို၊ ညွတ်တွားရှိသေ၊ နှုတ်သံခြေဖြင့်၊ ဖြေဖြေပြစ်ပြက်၊ပြုသည်ဖြပ်လျက်၊ချောပက်မဂ္ဂ။ ပေးလှူမကောင်း၊ စွန့်ကြဲခြင်းက။ချွတ်ယွင်းမရှိ၊ခံချိသည့်ညည်း၊မျက်နဉ်းခေါင်းပါး၊ခုနစ်ပါးလျှင်။ဘာရားမချို့၊ကုသိုလ်မြို့ဖြင့်။မြင်းရိရ့်ထိပ်ချာ။ဝတိန်သာဝယ်။ရတနာဗိမာန်။ဝေဇယန်နှင့်။စိတ်ဘန်လိုရာ။သီးပွင့်လာသည်။ မဟာဝဒေ၊ကာသစ်ဖွေအောင်၊ ဆန်းကြွယ်ပေါက်သည်၊ မြကျောက်မှုဒ၊

လဲဝါနှသို့၊ပဏ္ဍုကမ္ဗလာ၊ သုဓမ္မာနှင့်၊ ဇေရာဝဏ်ဆင်၊ နတ်သဘင်
လည်း၊ ပဒူင်ရုံစွာ၊ တုရိယာနှင့်၊ သံသာ သံချို၊ ကျူးသီဆိုလျက်၊
နှုတ်ချိုဆင်းဝါ၊ယဉ်ကျေးစွာလျှင်၊သုဇာ,မဿာ၊မာလာ,ပိဏ္ဍ၊ စသည်
များပြား၊ရံရွေများလည်း၊ခစားဝန်းအုံ၊ပိသုကြာနှင့်၊ ယုံကျုံမာတ
လိ၊သာရထိနတ်၊ဝန်းပတ် ခ,ယ၊ ဤသာလကာ၊ စသည်ပေါ်ယယ်၊
ကောင်းကင် ကြယ်သို့၊ ကြီးကျယ်မြင့်မြတ်၊ စည်းစိမ် ထွန်းဖြင့်၊ စံ
လတ်ရကား၊အင်ရှစ်ပါးနှင့်၊သိကြားကိုယ်ရုံ၊ မှုထမ်းခံသည်၊ သံ
တော်ယောကျ်ား၊ သင်ချစ်သား၊ ။မှတ်သားကုန်ဘိ၊ ဒုစိန္တိတ၊
စိန္တိစသား၊ဗာလလက္ခဏာ၊သုံးပါးသာတည့်၊လေးဖြာသဒ္ဒေ၊ စွဲယူ
နေသည်၊ သဗ္ဗေသဉ္ဉာ၊ သဉ္ဉာဝါကို၊နှစ်ဖြာဏ္ဏဒွေ၊ ဇီဝိန်ချွေလျက်၊
ပြတ်ကြွေခြင်းငှါ၊ ဝေကစေနာ၊ ပါဏာတိပါတ်၊ အမြဲမှတ်လေ့၊ ။
မပြတ်သိမ်းဆည်း၊လူ့ပစ္စည်းကို၊နည်းနှစ်ဆဲ့ငါး၊ ဖြစ်မှားတတ်ရာ၊
အဒိန္နာတည့်၊ ။မာတာအစ၊ မုဟုတ္တဆုံး၊ ပေါင်းရုံးနှစ်ဆယ်၊ထို
ဝယ်မိန်းမ၊သေဝနဖြင့်၊ပြုကြလွန်မှု၊ကာမေသုတည့်၊ ။ဝတ္ထုမမှန်၊
ဘောက်ပြန်စကား၊ဆိုမှုသား,ရှင့်၊ ။ငါးပါးသုရ၊မေရယငါး၊သယ်
ပါးအထုံး၊ယစ်မူး မဇ္ဇ၊ သောက်ထစေနာ၊ ပမာဒဋ္ဌာန၊ လေးဝရုံး
ပေါင်း၊ခေါ်ကြောင်းသညာ၊သုရာမေရယ၊ ။ထိုမှလွန်ကြူး၊ယစ်မူး
တတ်စွာ၊ကံငါးဖြာတွင်၊မဟာသာဝဇ္ဇ၊မှတ်ကုန်ကြလော့၊ ။ယင်း
မှတဖြာ၊ သုရာမေရယ၊ သဘာဝမူ၊ ရသ တသာ၊ ခံစားရာမှု၊
ကြောင်းဟေတုဖြင့်၊ကာမေသုမိစ္ဆာ၊သွင်းကုန်ရာသည်၊ ။ငါးဖြာ
သီလ ကျင့်ဝတ်တည်း။

ငင်းလက်ဘိုဒ်ဘွင်ပါသော လိနဂ္ဂအဓိပ္ပါယ်များကို
ဘော်ပြချက်။

တမန်အင်္ဂါ-၈-ပါးကား၊ ။ကြွားနာတတ်သည်၊သူတပါးကိုကြွား
နာစေတတ်သည်၊ မှတ်တတ်သည်၊ဆောင်တတ်သည်၊ သိ
တတ်သည်၊သူတပါးကို သိစေတတ်သည်၊ စီးပွါးရှိသည်၊

မရှိသည်နှိုက်လိမ္မာသည်၊ခိုက်ရန်မပြုတတ်သည်၊ ။ဟူ၍
၈-ပါးတည်း။

တမန်မျိုးငါးပါးကား။ ။အလိုရှိသောအခွင့်ကိုတောင်းခြင်း-သံ၊ ။မှာသည့်အတိုင်းပြန်ဆိုခြင်းတမန်။ ။မင်း-၂-ပါးစေ့စပ်ခြင်း-တံဆေး။ ။သံဘက်ခန့်၍ ပြန်ခြင်း-မင်းစေ။ ။သူ့ဂကားကိုအယုတ်အလွန်မရှိချေခြင်း-သို့သေး၊ ။ဟူ၍-၅ပါးတည်း။

ဗာလလက္ခဏာသုံးပါးကား။ ။မကောင်းသောအကြံကို ကြံခြင်းဟူသောမနောကံ။ မကောင်းသော စကားကိုဆိုခြင်း ဟူသောဝစီကံ။မကောင်းသောအမှုကိုပြုခြင်းဟူသောကာယကံ။ ။ဟူ၍သုံးပါးတည်း။

ပဋိသန္ဓေ-၄-ပါးကား။ ။နတ်၊ ပြဟ္မာ၊ ငရဲသား စသည်တို့ကဲ့သို့ကိုယ်ထင်ဖြစ်ခြင်းဥပပတ်ပဋိသန္ဓေ။ ။နွား,မြင်း,လူ,စသည်တို့ကဲ့သို့၊အမိဝမ်းနှိုက်ပဋိသန္ဓေနေခြင်း-ဂဗ္ဘသေယျက ပဋိသန္ဓေ၊ ။ကြက်ငှက်စသည်တို့ကဲ့သို့။အဥ၌ ပဋိသန္ဓေနေခြင်း-အဏ္ဍဇပဋိသန္ဓေ။ ။လိပ်ပြာစသည်တို့ကဲ့သို့သစ်ပင်စသည်တို့နှိုက် ဖြစ်ခြင်း-သံသေဒဇ ပဋိသန္ဓေ။ ။ဟူ၍၄-ပါးတည်း၊

ဣန္ဒြေ-၂-ပါးကား၊ ။ဣန္ဒြိယဗဒ္ဓဖြစ်သောနာမ်ဇီဝိတိန္ဒြေ။အနိန္ဒြိယဗဒ္ဓဖြစ်သောရုပ်ဇီဝိတိန္ဒြေဟူ၍-၂-ပါးတည်း။

ရိုးခြင်း-၂၅ ပါးကား။ ။အာဒိယေယျ၊ ဟာရေယျ။ အဝဟာရေယျ။ ဣရိယာပထံ ဝိကောပေယျ။ ဌာနာစာဝေယျ၊ ဟူသောနာနာဘဏ္ဍပဉ္စကအဝိညာဏကတွင်-၅-ပါး။ ။ငှင်းနည်း၊ဧကဘဏ္ဍပဉ္စက၊သဝိညာဏကတွင်-၅-ပါး၊ ။သာဟတ္ထိက။ အာဏတ္တိက။ နိဿဂ္ဂိယ။ သတ္တသာဓက၊ ဓုရနိက္ခေပဟူသော သာဟတ္ထိကပဉ္စက-၅-ပါး၊ ။ပုဗ္ဗပယောဂ။ သဟပယောဂ။သံဝိဓာဝဟာရ၊သင်္ကေတကမ္မ။နိမိတ္တကမ္မ။ ။ဟူသော ပုဗ္ဗပယောဂပဉ္စက-၅ ပါး။ ။ထေရာဝဟာရ။

ပသယှာဝဟာရ။ ပရိကပ္ပါဝဟာရ။ ပဋိသန္ထာရဝဟာရ။ သုဘာဝဟာရ။ ။ဟူသော ထေရာဝဟာရ ပဥ္စက-၅-ပါး ဟူ၍ပုပ-၂၅-ပါးတည်း။

မိန်းမ-၂၀-ကား။ ။မာတုရက္ခိတာ။ ပိတုရက္ခိတာ။ မာတာပိတုရက္ခိတာ။ ဘာတုရက္ခိတာ။ ဘဂိနီရက္ခိတာ။ ဉာတိရက္ခိတာ။ ဂေါတ္တရက္ခိတာ။ ဓမ္မရက္ခိတာ။ သာရက္ခာ။ သပရိဒဏ္ဍာ။ ဓနက္ကီတာ။ ဆန္ဒဝါသိနီ။ ဘောဂဝါသိနီ။ ပဋဝါသိနီ။ ဩဒပတ္တကိနီ။ ဩဘတစုမ္ဗဋာ။ ဒါသီစ။ ဘရိယာစ။ ကမ္မကာရီစ။ ဘရိယာစ။ ဓဇာဟတာ။ မုဟုတ္တိကာ။ ။ဟူ၍ ၂၀ တည်း။

သုရာ-၅-ပါးကား။ ။ပိဋ္ဌသုရာ။ ပူဝသုရာ။ ဩဒနသုရာ။ ကိဏ္ဏပက္ခိတ္တသုရာ။ သမ္ဘာရသံယုတ္တသုရာ။ ။ဟူ၍ ၅ ပါးတည်း။

မေရယ-၅-ပါးကား။ ။ပုပ္ဖာသဝ။ ဖလာသဝ။ မဓွာသဝ။ ဂုဠာသဝ။ သမ္ဘာရသံယုတ္တ။ ။ဟူ၍-၅-ပါးတည်း။

---

ပေါရာဏကဘာသာနှင့်။ ယခုဝေါဟာရစကားများကား။

ချောပယ်ကား။ ။ကုန်းတိုက်သည်။
အပတ်တကုတ်ကား။ ။ကြိုးစားအားထုတ်သည်။
ပေါယယ်ကား။ ။အများ။

---

အက္ခရာအပင်အရင်း,ကာရန်ခွဲထားများကား။

မြကျောက်မှန။ လဲဝါနှသို့။ ပဏ္ဍုကမ္ဗလာ,ကားခွဲထား။ ရှေ့ ဗဒွေး။နောက်ဒုရင်ကောက်။ ။ပိသုကြိုနှင့်။ယုံကျုံမာတလိ,ကားခွဲထား။ ရှေ့-ကကြီးရရစ်။ နောက်-ကကြီးယပင့်။ ။ကောင်းကင်ကြယ်သို့။ကြီးကျယ်မြင့်မြတ်,ကားခွဲထား။ရှေ့-ကကြီးရရစ်။ နောက်ကကြီးယပင့်။ ။ဇိပ်ပိန်ခြွေလျက်။ပြတ်ကြွေခြင်းမှ,ကားခွဲထား။ရှေ့ ခရွေးရရစ်ဝဆွဲ။နောက် ကကြီးရရစ်ဝဆွဲ။ ။ငါးပါးသုရ။မေရယ

ဒါး,ကားခွဲသား၊ ရှေ့ ရကြီး။ နောက် ယင်ယံ။ ။မပြတ်သိမ်း
သည်း၊လူ့ပစ္စည်းကို,ကားခွဲထား၊ရှေ့ ဆလိမ်ညသတ်၊နေ့ခံစလုံး
နှစ်ဆင့်ညသဘ်။

---

(၂) ပရတိန္ဒနာ။ ကိုယ်ကိုသာလျှင်။ ညွှတ်စေချင်၍။ မျှားဖြင်
ဖိတ်ဘူ။နှစ်ဦးလူကုံ။ မဖြူပိတ်ခေါ။ မရောနှောလျက်။ သဘောကွဲ
ပြား။ခိုက်ရန်ပွါး၍။ ခြားနားစေမှု၊ချောသွေးပြုသည်၊ပိသုဏာဝါစာ။
အာမသာဟု၊ပြင်းစွာကောဓ၊အကြောသဖြင့်၊သံပ,ငေါက်၊ မနှစ်
သက်အောင်။အမျက်ဟူးဟူး၊ သားရဲမြူးသို့။ ဆူးဆူးရားရား။ ဒေါ
သပွါးလျှက်။ ဆတ်မြားကြမ်းကြုတ်၊စကားယုတ်သည့်။ ဖရုသဝါ
စာ။ ။ဟောမဝါလျှင်၊သေလာရဂ်၊သာမျိုးပုံသည့်။မြောင်ရုံကြဲ့ငှန်း။
မြိုင်စခန်းမှ၊မင်းရာမ၏၊သက်မှုကြင်ရာ။ မယ်သီတာကို။ ဒသာ,လူ
ဆိုး။ ဆောင်ယူခိုးနှင့်၊ စက်ထိုးစစ်ခင်။ ဒဏ္ဍာဆင်သည့်။ ပုံပြင်ထွေ
ထွေ။ကြံဘန်ဝေ၍။ ပလေလက်ခြား။ ကျိုးမများသျှက်။ စကားပေါ်
သွပ်။မိပ္ပါယ်လပ်သည့်။သမ္ဖပ္ပလာ။ ။သူ့ဥစ္စာကို၊ ငါ့မှာဖြစ်က။
ကောင်းလေစွဟု။စိတ်က ညစ်ကျူ။ မကောင်းမှုဖြင့်၊ ရှေ့ရှုကြံရာ။
အဘိဇ္ဈာတည့်။ ။သတ္တဝါကို၊ သေပါစေလျှက်၊ နှိပ်စက်ကလူ။
ညှဉ်းဆဲမှုဖြင့်၊ ရှေ့ရှုကြံကြ၊ ဗျာပါဒဘည့်။ ။ကမ္မသကတ။ဒသ
ဝတ္ထု၊စတုသစ္စာ။သမ္မာအယူ။ စင်ကြယ်မှုမှ။မတူပြင်ပ။ တွေးကြံ
ဆ၍၊သသတဥစ္ဆေ၊ထွေထွေဝိပ္ပလ်။ကျင့်ဖော်ပြန်လျက်၊သမ်းမှန်
မသိ။ဒွါသဒ္ဓိလျှင်၊ဒိဋ္ဌိခိုဆွာ၊ ။ယုတ်ညံ့စွာသျှက်။ဆယ်ဖြာဒုစရိုက်၊
ဝမ်းအင်ငြိုက်သည့်၊ ။လူရိုက်တရား မှုက်လတ်ဘည်း။

---

ငင်းလက်၂ပိုဒ်တွင်ပါသော ပါဠိနတ္တအဓိပ္ပါယ်
များကိုဘော်ပြချက်။

ဒုစရိုက်-၁၀-ပါးကား။ ။ပါဏာဘိပါတ၊ အဒိန္နာဒါန၊ ကာမေမိစ္ဆာ
မိစ္ဆာစာရ၊မုသာဝါဒ။ပိသုဏာဝါစာ။ဖရုသဝါစာ။ သမ္ဖပ္ပ
လာပ၊အဘိဇ္ဈာ။ဗျာပါဒ၊မိစ္ဆာဒိဋ္ဌိ၊ ။ဟူ၍၁၀ပါးတည်း။

ပေါရာဏကထာနှင့်၊ယခုဝေါဟာရစကားများကား။

ဖြင်ကား။ ၊များသည်၊
ချောသွေးကား။ ၊ချစ်သောသူ-၂-ဦး စပ်ကြား ကွဲပြား အောင်ကုန်းတိုက်သည်။
ဟေမဝါကား။ ၊တောအရင်။
သေလာကား။ ၊တောင်။
ကြဋ္ဌန်းကား။ ၊မြတ်သောနေရာ၊နန်းလည်းဟူ၏၊
အာမသာကား၊ ၊ရုန့်ချင်းကြမ်းထမ်းသည်။
သံပ,ကား၊ ၊မာန်တက်ကြွမ်းဝါးခြင်း။
ငေါက်ကား။ ၊နားမခံသာသောအသံ၊
ဆူးဆူးရားရားကား။ ၊ဒေါသဖြစ်သည်၊
ဆတ်မြားကား။ ၊ကြမ်းကြုတ်ခက်ထန်သည်၊
ပလေလက်ခြားကား၊ ၊စကားပေါ့သွင်သည်။
ကလူကား။ ၊နှိုင်စက်ခြင်း။
အင်ပြိုက်ကား။ ၊နှစ်သက်သည်။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

စကားယုတ်သည်၊ ဖချသဝါစာ,ကား ခွဲထား၊ ရှေ့-ယငယ်၊ နောက်-ရကြီး။ ၊မင်းရာမ၏၊ သက်မှုကြင်ရာ,ကားခွဲထား။ ရှေ့ မသက်သက်၊နောက်-မယပင့်ဟထိုး။

---

(၃) ဟိမီကြွအုပ်။မြဲကိုယ်ကျင့်လျှင်။စောင့်ကြင်မထား။ဆယ်ပါး ဒုစရိုက်၊ ဝမ်းအင်ပြိုက်သည်။ သူမိုက် အပေါင်း၊ တွေ့သတ်ရှောင်းမှု၊ မကောင်းပြုလွှယ်၊ လွန်ချုတ်ချယ်၏၊မပျယ်ဆိပ်တော် တောမြွေဟောက်လျှင်။ကိုက်ပေါက်လတ်ဒြား။ဆေးသမားသည်၊ ဆေးဝါးဖြင့်သာ၊ ကုနိုင်ရာ၏၊ မိုက်စွာလူပျက်။ အကုခက်သည်။ ဆေး့ချက်မရှိ၊ ဉာဏ်ကင်းတိသား။ သူ့တပါးဘို့။ မိုက်များအဖြစ်။

အနည်းဖြစ်လျှင်။ မှတ်လစ်များယောင်၊ များမြောင်အပြစ်။ ကိုယ်နှိ
ဖြစ်လျှင်။ကိုယ်မမြင်တည့်။အကြွင်ရောခါ။လူလိမ္မာတို့။ကောင်းစွာ
အခွင့်။ခန့်မသင့်၍၊အကျင့်မိစ္ဆာ၊ ကျင့်မိပါလည်း။ နောင်ခါသတိ။
မိုက်မှန်းသိက။ နောက်ပြို့တဘန်။ မပြုရန်ရေး။ မြော်ချင့်တွေး၏။
ကင်းဝေးသတိ။ဥာဏ်မရှိ၍။မိမိပြုကြ။ဒုက္ခမွာကို။အားရနှစ်ထောင်း။
ဝမ်းမြောက်ကြောင်းဖြင့်။အကောင်းချည်းသာ။ငါလိမ္မာ၍။ ငါသာ
အတတ်။ငါသာမြတ်ဟု။ထင်မှတ်အယူ။ထိုသသူကား။မိုက်မူလွှမ်း
ဖုံး။ အမိုက်ဆုံးဟု။ ဆိုထုံးပြုသည်၊ ။မိုက်သူအကျင့် မမြတ်
တည်း။

---

## ၎င်းလင်္ကာပိုဒ်တွင်ပါသောသိနည်းအဓိပ္ပါယ်
## များကိုဖော်ပြချက်။

နုစရိုက်-၁၀-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကဘာသာနှင့်။ယခုဝေါဟာရစကားများကား။

အင်ဖြိုက်ကား၊ ။အထက်ကဆိုခဲ့ပြီ။
မြားမြောင်ကား၊ ။ပေါမှားသည်။
နှစ်ထောင်းကား။ ။အားရဝမ်းသာသည်။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

မြဲကိုယ်ကျပ်လျှင်။စောင့်ကြပ်မထား,ကားခွဲထား။ရှေ့-ကကြီး
ယပင့်၊နောက်-ကကြီးရရစ်၊ ။မိုက်မှားအပြစ်။နည်းစွာဖြစ်လည်း
ကားခွဲထား။ရှေ့-ပစောက်ရရစ်။ နောက်-ဖဦးထုပ်ရရစ်၊ ။များ
မြောင်အပြစ်။ကိုယ်နှိုက်ဖြစ်လျှင်,ကားခွဲထား။ ရှေ့ပစောက်ရရစ်။
နောက်-ဖဦးထုပ်ရရစ်။ ။နောင်ခါသတိ။မိုက်မှန်းသိက,ကားခွဲထား။
ရှေ့-တဝမ်းပူလုံးကြီးတင်။နောက်-သလုံးကြီးတင်။

(၄) မျိုးနွယ်ဂေါတ္တ၊ ကဿပဟု၊ နာမတွင်ဘိ၊ အကတ္တိလျှင်၊ ဗျာသိတ္တိနည်း၊ တယောက်ထည်းဖြင့်၊ အရည်းသတင်း၊ အကျင့်ဖြင်း၍၊ ဝံခင်းပဏ္ဏ၊ တင်းမာမှုကြောင့်၊ စက္ခုသဟာသ်၊ ဗျာဓိပ္ပါန်ဖြင့်၊ ရူလတ်သောခါ၊ လူတို့ရွာတွင်၊ မဟာတာပသ၊ ကြောင်းခြင်းတာ, ကို၊ ဖွေးထုံဝံစွာ၊ ဒေဝိန္ဒာလျှင်၊ သက်လာအားရမ်း၊ လွန်ကြီးပမ်းလျက်၊ ရုံစမ်းချဉ်းကင်၊ ထိသိုရပ်ကို၊ စေ့စပ်ဥဿုံ၊ အလုံးစုံဖြင့်၊ မေးတုံမကျန်၊ ချေချွတ်ပြန်၍၊ မှန်ကန်သိမှ၊ ဆုပေးကမှု၊ ဗာလထိုထို၊ သူမိုက်ကိုလျှင်၊ မမြင်ရသား၊ မကြားရကြောင်း၊ သူမကောင်းနှင့်၊ မပေါင်းဘော်လျက်၊ မနှဂ်သက်တည့်၊ မမွတ်စကား၊ ငါးပါးဆုတောင်း၊ ထိုအကြောင်းကို၊ ထပ်လောင်းသဏ္ဍာ၊ မေးပြန်က လျှင်၊ ဗာလ လူသား၊ သူမိုက်များမှု၊ မပွါးပယ်အပ်၊ ပွါးများတင်ပြီး၊ ပျက်စီးခြင်းသာ၊ ဆောင်တတ်ရာ၏၊ ကောင်းစွာကျင့်မြတ်၊ မသိတတ်တည့်၊ ဂိုဏ္ဍဘ်သံချို၊ ကောင်းရာဆိုလည်း၊ ရန်သိုအမျက်၊ ဒေါသထွက်၏၊ မပျက်ထိမ်းဆည်း၊ ကျင့်ဝိနည်းကို၊ ထိပ်သည်းမသိ၊ ဤသို့ရှိသည်၊ အတိဗာလ၊ ကွေကွင်းရလို၊ တောင့်တဆို၏၊ ထိုမှတတန်၊ ဆုပေးပြန်ဘိ တဘန်သိသော့၊ ပဏ္ဍိ ထိုထို၊ မြင်ကြားလိုလှ၊ တကွအတူ၊ ပေါင်းဘော်မှုလည်း၊ ကြည်ဖြူစိတ်ထား၊ စကားပြောဟော၊ ချစ်ဖော်စနာ၊ နှစ်သက်စွာလျှင်၊ ငါးဖြာဆုတောင်း၊ ထိုအကြောင်းကို၊ ထပ်လောင်းသိကြား၊ သိုသိုအားဖြင့်၊ မေးငြားကြိုသိ၊ ပညာရှိကား၊ မိမိအကျိုး၊ သူ့အကျိုးကို၊ သည်ပိုးဆောင်လတ်၊ စဉ်မပြတ်လျှင်၊ မမြတ်တရား၊ မပွါးပယ်တတ်၊ အမြတ်ဖော်ရား၊ ပွါးလှယ်ငြား၏၊ စကားကောင်းစွာ၊ ပြောဆိုရာလည်း၊ ပြစ်သာဘိုးစိ၊ ကင်းလွတ်ဘိလျက်၊ မရှိဒေါသ၊ ခေါစာရကျင့်၊ သိတ္တိလင့်၏၊ အခွင့်သိတတ်၊ ကြံတွေ့တတ်ပညာ၊ ပေါင်းလိုပါသည်၊ ၊ ဗျာနွှာအောင်ဆု နှင်းလတ်ဘည်း။

## ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

အရည်းကား။ ။ရသေ့။ရဟန်းယောင်လည်းဟူ၏။
အားရမ်းကား။ ။နှစ်သက်ရွှင်လန်းသည်။
ဥဿုံကား။ ။အကြွင်းမဲ့-အလုံးပုံ။
ချေချွတ်ကား။ ။ဟောပြောသည်။
ကြံသိကား။ ။ဥာဏ်အမြော်အမြင်ရှိသူ။
ကြံတတ်ကား။ ။ပညာဉာဏ်ရှိသူ။
စိုးစိကား။ ။အနည်းငယ်မျှမရှိ။

---

## အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

မဟာတာပသ။ ကြောင်းခြင်းတကို,ကား ခွဲထား။ ရှေ့-သအက္ခရာ။ နောက်-တဝမ်းပူ။ ။ကြောင်းခြင်းတကို။ မေးထရံစွာ, ကားခွဲသား။ရှေ့ တဝမ်းပူ။နောက် ထဆင့်ထူး။

---

(၅) ကာယဝစီ။ မနသီဖြင့်၊ ဆယ်လီအမိုက်။ ဒုစရိုက်ကို။ နှစ်ချိုက်ကုန်ကြ။အကံင,ဟု။ဗာလပေါင်းဘော်။ ဆည်းကပ်သော်မူ။မလျော်ထစ်ကြူး။အမိုက်ကူး၏။ ။ဆိုင်လူးစဉ်းသွား။ပစ်ခတ်ငြားမူ။မြားက ဆိုင်လူး။ တောင့်ကိုကူးသို့။ ။တထူးမှတ်သား။ ပုပ်သောငါးလျှာ်။သခန်းမြက်ဖြင့်။ဘွဲ့ သွက်ထုပ်မူ။ထိုငါးအရှလျှော်။ ထို့တူပုပ်နံ့။ ကူးစက်ပျံ့သို့။ ။ဆိုအံ့ မဘောက်၊ ခွေးတောက် သရက်၊ ဗိုက်ရောသွက်က။ သရက်ပင်မင်း။ သီးချိုကင်းသို့။ ။ ဆိုခင်းများပြား။လူမိုက်အားကို၊ ပေါင်းငြားတကွ။ဆက်ဆံကြမူ။ ဒုက္ခခပ်သိမ်း။မငြိမ်းသောက။ပူပန်ရ၏။လောကတခွင်၊ မြေအပြင် ပယ်၊ လူရှင်များစွာ။ ပေါင်းသင်းရာလျှော်။ သူငါစိုးစိ၊ ကင်းဓေးဘိ လည်း၊ဒုန္နိမိတ္တ၊လူဗာလသည် မုန်းက,ချက်က။ခဏချက်ခြင်း၊ ထို အခင်းကြောင့်။ နံ့နွှင်းဆိုးထည်။ပမာမည်လျှက်၊ ချက်ကြည်စွာမူ၊

ဝေးရောင်ပြုလော့၊ ။မြက်ရသက္ကယ်၊အိမ်မိုးငယ်က၊စသွယ်ပွါး
ခြီး၊အိမ်ကြီးအိမ်ခိုင်။ လောင်ကျွမ်းနိုင်သို့၊ မနိုင်ဗိတ်စက်။ လူမိုက်
ပျက်ကြောင့်။မရေတွက်သာ၊ သတ္တဝါတို့။ များစွာဥပဒ်။ ဘေးဖြစ်
တတ်သည်။ ။ဆတ်ဆတ်ငြကန် မချွတ်တည်း။

---

## ရင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

ဒုစရိုက် ၁၀-ပါးကား၊ ။အထက်က ဆိုခဲ့ပြီ။

---

## ပေါရာဏကသဒ္ဒါနှင့်၊ယခုဝေါဟာရစကားများကား။

နှိပ်ပြိုက်ကား၊ ။ဝမ်းသာသည်။နှစ်သက်သည်လည်းဟူ၏။
အကင်,ကား၊ ။လူမိုက်။
ထိပ်ကြုံးကား။ ။မလျောက်ပတ်သည်၊
စဉ်းသွားကား၊ ။မြွား။မြွားလည်းဟူ၏၊
တောင့်ကား။ ။မြွား။မြွားထည့်သောကျည်တောက်။
ပိုးဗိကား။ ။အနည်းငယ်မျှမရှိ၊
ဆတ်ဆတ်ကား၊ ။မချကြေန်၊အမှန်လည်းဟူ၏၊

---

## အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား၊

ဒွေးတောက်,သရက်၊ပိုက်ရောယှက်,ကားခွဲသား၊ရှေ့-ရကြီး
ကသတ်၊နောက်-ယငယ်ဟထိုးကသတ်၊ ။လောင်ကျွမ်းနိုင်သို့၊
မနိုင်ဗိတ်စက်,ကားခွဲသား၊ ရှေ့-နငယ်ဟထိုး၊ နောက်-နငယ်
သက်သက်။

အ,သေဝနာစ ဗာလာနံ,ဟူသောမင်္ဂလာ-၅-ပိုဒ်ပြီး၏၊

---

## ပဏ္ဍိတာနဉ္စ သေဝနာ,ဟူသောမင်္ဂလာ။

(၄) သုပိဋ္ဋိတ၊ ပိဋ္ဋ စသား။ မိရလက္ခဏာ။ ကံသုံးဖြာဖြင့်။ ကောင်းစွာ ကျင့်လတ်။ သူ့သက်သတ်က။ စသည်အပြား။ ကြဉ် ရှောင်ငြားလျက်။ ဆယ်ပါး သုစရိုက်။ ဝမ်းအင် ဖြိုက်တည့်။ ထိုနိုက် ဆင့်သား။ သူတော်များမှု။ ဆယ်ပါးပုည။ ကိရိယကို။ ပွါးထမယုတ်။ ပတ်တကုတ်ဖြင့်။ မဟာသာဟာ။ ကြိုးပမ်းရာတည့်။ တဖြာ ထိုမှ။ သုဇနကား၊ မပ လွှားတည့်။ ၊စိတ်ထား ရှည်စွာ။ လူလိမ္မာတို့၊ သည်းစွာအမျက်။ ဖြင်မထွက်တည့်။ ။ဂုဏ်တက်မာန။ နိမ့်ကျမ ထောင်။ ။ကိုယ်ကျိုးဆောင်၍။ များမြောင် ကျေးဇူး၊ တင်ရှိဘူးမှု၊ အထူးဆင်မှု။ လုံ့လပြု၍။ ။ဂုဏ်တုမပြိုင်။ ။ကိုယ်တိုင်ကျိုးသာ၊ မရှာပေလစ်။ ။သူ့အပြစ်ကို။ မှတ်ဆစ်မထား။ ။သူတပါးကို။ စော်ကားပြစ်ပို။ တုံ့မဆိုဘဲ။ မလိုကြဉ်ရှောင်း။ ။မကောင်း မကြိုက်။ ။ကောင်းမြိုက်သာယာ၊ ။သည်းခံကာဖြင့်။ ။သချာတွက် ဖွဲ့။ တဆဲ့နှဂ်ပါး။ ထိုတရားကို။ မှတ်သားစွဲသုံး။ သူတော်ထုံးကို။ နှလုံး တမူ။ တများယူလော့။ ။နည်းမှုတပါး။ မြဲမှတ်သားလော့။ ထင်ရှား ပန်းထူး။ စန္ဒကူးသည်၊ ချိန်ကြူးရက်များ။ သွေ့ခြောက်ငြားလည်း။ ပန်းကားရနံ့၊ သင်းထုံပျံ့ကာ။ ချမ်းငြေးစွာတည့်၊ ထောင်ရာမက။ ထွန်းဝင်းပသည်။ ကြယ်များသနင်း။ မြူတိမ် ကင်းသည့်။ လမင်း ရောင်ဝါ။ ပန်းထက်သာ၍။ တဖြာ ထို့ထက်။ ရေးရာခက်လို။ ဆ တက်မြင်မြော်။ သူတော်တရား။ ချမ်းသာများ၍။ တပါးဆိုဘိ။ ပညာ ရှိသွေး။ ဘေးမရောက်ခင်၊ ရေးရာမြင်၍။ ဆင်ခြင်ကုန်လင့်။ ရေးခွင့် ရောက်က။ လန့်ကြောက်မရှိ။ တည်တံ့ဘိသည်။ ။ကဗိကြံ့သိုင်း ကျင့်မြဲတည်း။

---

၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်များကို ဘော်ပြချက်။

ပညာရှိလက္ခဏာ-၃-ပါးကား။ ။ကောင်းသောအကြံကိုကြံခြင်း။

ကောင်းသော စကားကိုဆိုခြင်း။ ။ကောင်းသော အမှုကို ပြုခြင်း၊ ။ဟူ၍-၃-ပါးတည်း။

ကံ-၃-ပါးကား၊ ။စိတ်ဖြင့်ကြံခြင်း မနောကံ။ ။နှုတ်ဖြင့်ဆိုခြင်း ဝစီကံ၊ ။ကိုယ်ဖြင့်ပြုခြင်း ကာယကံ၊ ။ဟူ၍-၃-ပါး တည်း။

သုစရိုက် ၁၀-ပါးကား၊ ။ဒုစရိုက်ဆယ်ပါးမှ ကြဉ်ရှောင်ခြင်းပင် တည်း။

ပုညကိရိယာ-၁၀-ပါးကား၊ ။ဒါန။သီလ။ဘာဝနာ။ပစာယန၊ ဝေယျာဝစ္စ၊ပတ္တိဒါန၊ပတ္တာနုမောဒန၊ဓမ္မဿဝန၊ ဓမ္မဒေသ နာ၊ဒိဋ္ဌိဇုကမ္မ၊ ။ဟူ၍ ၁၀-ပါးတည်း။

---

ပေါရာဏကထာနှင့်၊ယခုဝေါဟာရစကားများကား။

အင်ပြိုက်ကား။ ။ဝမ်းသာသည်၊နှစ်သက်သည်၊
ပတ်တကုတ်ကား၊ ။ကြိုးစားအားထုတ်ခြင်း။
သနင်းကား။ ။မင်း၊
မြေ်ကား၊ ။မြင်ခြင်း။
ကြွသိုင်းကား၊ ။မြေ်မြင်သည်၊

---

ဒ.ကျွရာအပင့်အနေ့်ကာရန်ခွဲထားများကား၊

တဖြာထို့ထက်၊ရေးရာခက်ကို၊ဆတ ၈်မြင်မြေ်ကားခွဲထား။ ၈ှ-ထွဆင့်ထူး၊နောက်-တဝမ်းပူ၊

---

(၇) ကုသလဟု၊ကမ္မသမိုက်၊သုစရိုက်ကို၊နှုဂ်ငြိုကြက်တတ်ရာ။ လူလိမ္မာကို၊ကောင်းစွာခစား၊ပညာပွါး၍၊ဝင်တွားကြိုးနှံ၊ ဆုံးမ ခံသျှက်၊သူ့ထံဆည်းကပ်၊ဒွိဝဲအပ်ရှင်း၊ပွင့်ချပ်ရွှေလွှာ၊ပန်းမာလာ ကို၊သာယာ်ရေ့ရည်း၊ ဘက်ဖြင့်စည်းမူ၊ ဘက်လည်းရန်၊ သင်း ဇုံ့ပျှံ့သို့၊ဆိုအံ့ တဖြာ၊အဓာဌာပြင်၊နဘာခွင်ဝယ်၊တိမ်ပင် ငွေလ။

စန္ဒရလည်း၊ နက္ခတ္တလမ်း။ ရောင်ခြည် လွှမ်း၍။ သွားငြမ်း မယုတ်၊ ပမည်းထုတ်သျှက်။ လောကုတ်, လောကီ။ ကျိုး နှစ်လီဖြင့်၊ ရုံညီ ဖြိုးသား။ တက်တိုးပွါးလျက်။ ရှစ်ပါးအံ့ဘွယ်။ သုံးသွယ်သာသနာ။ ပွင့်လင်းသာ၍။ ပညာသုတ။ အလင်းရလျက်၊ အရဟတ္တဖိုလ်၊ တောက်တပိုဖြင့်။ ရေခံလို ဆင့်ဆင့်။ ဝေးလွှင့်ကိလေ၊ မှောင်နှင့်ရောင့် ချွေလျက်၊ လေးထွေသစ္စာ။ ပွင့်မည်သာတည့်။ မုံအာ စွင့်စွင့်၊ မပွင့်မီကြား၊ ဝန်သုံးပါးဝယ်။ ပြေးသွား ရဟတ်။ လည်တုံလတ်ရာ။ ပါယ်လေးရွာနှင့်။ သုံးဖြာသောကင်၊ အရပ်ရှစ်ပါး။ ကင်းလွတ်ငြား၍။ နှစ်ပါး ချမ်းသာ။ ကျင်လည်ရာဖြင့်။ ကောင်းစွာသုခ။ စည်းစိမ်ရ၍။ ဒုက္ခမလိမ်း၊ ဘေးဘျမ်းငြိမ်းလျက်။ ခပ်သိမ်းချမ်းသာ။ မျိုးလေးဖြာတို့။ လိမ္မာတတ်ပွန်။ လူရည်ချွန်သည်။ ။သူ့ပွန်ပဏ္ဍိ ပေါင်းလတ်တည်း။

---

ရင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘောင်ပြချက်။

သာသနာတော်အံ့ဘွယ်-၈-ပါးကား။ ။သိက္ခာပုဒ် သိမ်မွေ့နက်နဲခြင်း၊ ။အရိယာတို့သည်။အသက်မွေးမှုကိုမငဲ့မူ၍။ သိက္ခာပုဒ်ကိုစောင့်ခြင်း။ ။သူယုတ်မာတို့မတည်ခြင်း။ ။အမျိုးဇာတ်မခြား၊ အဘူင့်တမျိုးတည်း ရှိခြင်း။ ။နိဗ္ဗာန်တရားမဆိတ်ခြင်း၊ ။ဓမ္မက္ခန္ဓာ-၈,၄၀၀၀-တို့သည်။ ပိဋကတ်တပါ;ရှိခြင်း၊ ။၃၇-ပါးသောဗောဓိပက္ခိယ,တရားရတနာပေါ်များခြင်း။ ။အရိယာဘို့နှိ့ခိုပျော်ပြုဖြစ်ခြင်း။ ။ဟူ၍ ၈-ပါ:တည်း။

သာသနာ-၃ ပါးကား။ ။ပိဋကတ် ၃-ပုံဟူသော ပရိယတ္တိသာသနာ၊ ။လောကုတ္တရာတရား-၉-ပါးနှင့်လျော်သော ကျင့်ဝတ်ဟူသောပဋိပတ္တိသာသနာ။ ။နိဗ္ဗာန်ဟူသောပဋိဝေဓသာသနာ။ ။ဟူ၍-၃-ပါးတည်း။

သစ္စာ-၄-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
ဝဋ်-၃-ပါးကား။ ။ငင်း။
အပါယ်-၄-ပါးကား။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊အသုရကာယ်။ ။ဟူ၍ ၄-ပါးတည်း။
ကပ်-၃-ပါးကား။ ။လက်နက်ဘေးသင့်ခြင်းဟူသော သတ္ထန္တရကပ်၊ ။ရောဂါဝေဒနာကျရောက်ခြင်းဟူသော ရောဂန္တရကပ်၊ ။အစားအစာ ဝတ်ပွတ်ခြင်းဟူသော ဒုဗ္ဘိက္ခန္တရကပ်၊ ။ဟူ၍-၃-ပါးတည်း။
အရပ်ပြစ်-၈-ပါးကား။ ။အပါယ်လေးဘုံ၊ ။ဇစ္စန္ဓပုဂ္ဂိုလ်၊ ။ပစ္စန္တရာဇ် အရပ်၊ ။အသညသတ် ဘုံ၊ အရူပ ဘုံ၊ ။ဟူ၍ ၈-ပါးတည်း။
ချမ်းသာ-၂-ပါးကား။ ။လူချမ်းသာ၊ ။နတ်ချမ်းသာ၊ ။ဟူ၍ ၂-ပါးတည်း။
အမျိုး-၄-ပါးကား။ ။ဗြာဟ္မဏ၊ ။ခတ္တိယ၊ ။ဝေဿ၊ ။သုဒ္ဒိယ၊ ဟူ၍-၄-ပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ဗြိုးကား။ ။ပြည့်ပုံခြင်း။
တောက်တပိုကား။ ။အလျှင်အမြန်။
တတ်ပွန်ကား။ ။လူသိမ္ဗာ။
သုံ့မွန်ကား။ ။မြတ်သောသူ၊

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

အရဟာတ္တဖိုလ်၊ တောက်တပိုဖြင့်,ကား ခွဲသား၊ ရှေ့-ဗဦးထိုင်၊ နောက်-ပစောက်။

---

(၈) ဗာလပဏ္ဍိ။ဤသို့သိလေ့။ဟိရီဩတ္တပ်။မြဲကိုယ်ကျင့်ကို။ စောင့်ကြပ်မရှိ။ သတိမထား။ လူငနွားလျှင်။ဆယ်ပါး သမိုက်။ဒုစရိုက်ပ။မကောင်းမှုကို။ ပြုလိုသလောက်။မရှက်ကြောက်ဘဲ။ ပြုစမြဲတည့်။ ခပဲလူမိုက်။ထိုထို ပေါ်ယာယ်။ ကဲ့ရဲ့ဘွယ်နှင့်။အပါယ် လားခွင့်။တံခါး ဘွင့်ခဲ့။ခွေးနှင့် ဝက်လား။ကျွဲ,နွား,သိုး,ဆိတ်။ အဟိတ်တိရစ္ဆာန်။သဏ္ဍာန် တူမျှ။မိုက်မဲလှလျက်။ကာမ လူ့ရွာ။ ဖြစ်ဆန်းခါမျှ။ဖြစ်လာကြသည်။ဘဝမမြတ်။လူနတ်စီးပွါး။မကြံဖြွားတည်း။ တရား စောင့်ကြပ်။ဟိရောတ္တပ်ကို။မြဲကပ်ရှိမူ။ထိုသသူကား။ သပ္ပုရိသ။ဟူထိုက်စွဟု။ လောကလူများ။ ချီးမြှောက်စားလိမ့်။ တရားနှစ်ရပ်။ကိုယ်နှိုက်ကပ်မူ။ခြောက်ထပ်နတ်ရွာ။လူးလာပျော်ပါး။လူ့ရွာလားလည်း။ များပြား ချမ်းသာ။ ရတနာရွှေငွေ။ အထွေထွေနှင့်။ ပဒေသရာ။ ဧကရာဇ်ဟု။ စကြာမန္ဓာတ်။ ဘုန်းရောင်လွှတ်၍။ လူနတ်နှစ်ပါး။ ချမ်းသာများကို။ခံစားကုန်လျက်။ထိုမှာဘက်ဟု။ မိုလ်မဂ်လမ်းစ။တက်လှမ်းကြသည်။ ။ဒေဝဓမ္မ ကျင့်မြတ်တည်း။

---

ဂင်းလင်္ကာပိုဒ်တွင်ပါသော လီနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

နတ်ပြည်-၆-ထပ်ကား။ ။စတုမဟာရာဇ်။တာဝတိံသာ။ယာမာ။ တုသိတာ။ နိမ္မာနရတိ။ ပရနိမ္မိတ။ ဝသဝတ္တီ။ ။ဟူ၍ ၆-ထပ်တည်း။

ဒေဝဓမ္မ-၂-ပါးကား။ ။မကောင်းမှုမှရှက်ခြင်းဟိရီ။မကောင်းမှုမှ ကြောက်ခြင်း ဩတ္တပ္ပ။ ။ဟူ၍-၂-ပါးတည်း။

---

ပေါ်ရာလင်္ကာထဲနှင့်။ယခုဝေါဟာရစကားများကား။

ခပဲကား။ ။အများ။

ပေါ်ယာယ်ကား။ ။ငိုး။

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား၊
မြကိုယ်ကျပ်ကို။ စောင့်ကြဉ်မရှိ,ကားခွဲထား။ ရှေ့-ကကြီးယပင့်၊နောယ်-ကကြီးရရစ်။

## ပဏ္ဍိတာနဥ္စသေဝနာဟူသောမင်္ဂလာ ၃-ပိုဒ်ပြီး၏။

## ပူဇာစမှုအနေယျာနံ,ဟူသေ ာမင်္ဂလာ၊

(၉) ချွန်စ်ဆဲ့ငါး။နာပ်ရပ်ထား၍၊နှစ်ပါးဆယ်ဖြာ၊မြွောက်ပွါးကာဖြင့်။ကိလေသာခြောင့်။ တထောင့်ငါးရာ။မှားစွာဥဿုံ။ရန်ဖုံဖ္ ကို၊လုံးပုံမကျန်၊ လေးတန်မြိုက်မဂ်။ စိန်သန်လျက်ဖြင့်၊ ချိုးဖျက်ချတ်ဖြတ်၊ ကင်းစင်ပြတ်သည်၊ အမြတ်ကိုးတန်။ ဂုဏ်ထူးချွန်၍။တူတန်မရှိ၊နတ်သုဒ္ဓိတည့်၊အာဒိ,မဇ္ဈ။ ပဏ္ဍကလျာ။ ကောင်းစွာဟောမှတ်၊ အမြတ်ထွန်းထား ဂုဏ်ခြောက်ပါးနှင့်။ကိုးပါးဓမ္မ၊ သုပ္ပဋိပန္န။ စသည့်အပြား။ကိုးပါးဂုဏ်လွှန်၊လှူခံမွန်ကား၊ရှစ်ပါးရိယာ၊ ထေရ်သဃာကို၊ကောင်းစွာရိုညွတ်၊ ရတနတ်ကို။ မပြတ်နေ့ညာ၊ ပဏာမဖြင့်၊ ပူကြွလတ်သား၊ကျေးဇူးအားဖြင့်၊ ကြီးမားမြင့်မြတ်။ အမိဦးနတ်နှင့်၊ပြစ်လွတ်ပညာ၊ငယ်စဉ်ခါ ဝယ်၊ဝိဇ္ဇာသိပ္ပ။ တတ်ကောင်းစွကို၊သင်ပြအေးရာ၊ရှိသေစွာတည့်၊ဂုဏာဂရု၊ဝယဂရုာ၊ဂုဏ်ပညာဖြင့်၊ ကောင်းစွာသိမှတ်၊ ပူဇော်လတ်သည်၊ အမြတ်သုံးဖြာ။ မင်္ဂလာမှု။ သုံးရှိသ ဥပန်သျှည်း။ တပုဒ်တည်းမှတ်၊သမ္ဗုဒ္ဓစက်၊ အချက်ကျကျ၊မှတ်ကုန်ကြသည်၊ ။လောက,သံသာ ကောင်းမြတ်တည်း၊

---

## ၎င်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်များကို ဘော်ပြချက်။

ကိလေသာ ထောင့်ငါးရာကား၊ နာပ်ရင်တရား ချွန်စ်ဆဲ့ငါးကို တည့်၊ဒွစရိုက်ဆယ်ပါးနှင့်မြှောက်၊ချွန်စ်ရာငါးဆယ်ရ၏၊ တဘာန်၊အဇ္ဈတ္တ,ဗဟိဒ္ဓ,သန္တာန်နှစ်ပါးနှင့် မြှောက် ကိလေသာတထောင့်ငါးရာဖြစ်၏၊

မဂ်လေးပါးကား၊ ။သောတာပတ္တိမဂ်၊သကဒါဂါမိမဂ်။အနာဂါမိမဂ်။အရဟတ္တမဂ်,ဟူ၍လေးပါးတည်း၊

ဘုရားဂုဏ်တော်-၉-ပါးကား။ ။လောဘ။ဒေါသ၊မောဟာအစရှိသောခဝ်သိမ်းသောကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့်။ အကြွင်းအကျန်မရှိ၊ကောင်းစွာ ပယ်ဖြတ်တတ်သော" အရဟံဂုဏ်တော်။ ။သစ္စာလေးပါးတရားတို့ကို။ဆရာမရှိ။သယမ္ဘူဉာဏ်ဖြင့် မဘောက်မပြန် ကောင်းစွာသိတော်မူတတ်သော-သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ။ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏာတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏာသမ္ပန္နဂုဏ်တော်။ ။ကောင်းသောလာခြင်းရှိတော်မူခြင်း။ ကောင်းသောစကားကို ဆိုတော်မူခြင်း၊ ကောင်းသောနိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူခြင်း ဟူသော သုဂတ ဂုဏ်တော်။ ။လောက သုံးပါးကို အကြွင်းမရှိသိတော်မူခြင်းဟူသော-လောကဝိဒူဂုဏ်တော်။ ။သီလ။သမာဓိ။ပညာ။ ဝိမုတ္တိ,ဟူသော ဂုဏ်တို့ကြောင့်။ တပုံတယောက်သော သူနှင့် တူတော်မမူသော-အနုတ္တရ ဂုဏ်တော်။ ။မယဉ်သောလူယောကျာ်း၊နတ်ယောကျာ်းတို့ကို။ ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော ပုရိသဒမ္မသာရထိဂုဏ်တော်။ ၊လူနတ်ဗြဟ္မာသတ္တဝါတို့၏ဆရာဖြစ်တော်မူသော နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော-သတ္ထာဒေဝမနုဿာနံဟူသောဂုဏ်တော်။ ။ဥဇ္ဈေယျဓမ္မတရားအပေါင်းတို့ကိုအကြွင်းမရှိသိတော်မူသော ဗုဒ္ဓဟူသောဂုဏ်တော်။ ဣဿရိယ,အစရှိသော။ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော ဘဂဝါဟူသောဂုဏ်တော်။ ။ဟူ၍ဆယ်ပါးတည်း။ ။အနုတ္တရနှင့်ပုရိသဒမ္မသာရထိ ဂုဏ်တော်နှစ်ပါးကိုပေါင်း၍။ဂုဏ်တော်ကိုးပါးတည်း၊

တရားတော်ဂုဏ် ခြောက်ပါးကား၊ ။မြတ်စွာဘုရားသည်၊ ပရိယတ္တိတရားတော်ကို ကောင်းစွာ ဟောတော်မူအပ်သော

သွာက္ခာတတာဂုဏ်တော်၊ ။ကိုးပါးသောလောကုတ္တရာ
တရားတော်သည်၊ ကိုယ်တိုင်ကိုယ်ကြဝ် သိမြင်အပ်သော
သန္ဒိဋ္ဌိကဂုဏ်တော်၊ ။မဂ်၏အခြားမဲ့ နောက်၊ဖိုလ်ဟူသော
အကျိုးကို ဖြစ်စေတတ်သော အကာလိကဂုဏ်တော်။ ။
ကိုးပါးသော လောကုတ္တရာ တရားတော်သည်။ ပရမတ္ထ
အားဖြင့်ထင်ရှားရှိသော၊စင်ကြယ်သန့်ရှင်းသော သဘော
ရှိသောကြောင့်။ လာလှည့်၊ရှုလှည့်ဟူသော အစီအရင်ကို
ထိုက်သော ဧဟိပဿိကဂုဏ်တော်။ ။ကိုးပါးသောလော
ကုတ္တရာတရားတော်သည်။မိမိစိတ်၌ဖြစ်ခြင်း၊ ဖြစ်စေခြင်း၊
အာရုံပြုခြင်းအားဖြင့်။ကပ်ရောက်ခြင်းငှါထိုက်သော ဩပ
နေယျိကဂုဏ်တော်။ ။ကိုးပါးသောလောကုတ္တရာတရား
တော်သည်၊ပညာရှိတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ခြင်းဟူ
သော၊ အသီးအသီး သိအပ်ခံစားအပ်သော ပစ္စတ္တံဝေဒိ
တဗ္ဗောဝိညူဟိ၊ဟူသောဂုဏ်တော်၊ ။ဟူ၍ခြောက်ပါး
ပါးတည်း၊

သံဃာတော်ဂုဏ်တော်-၉-ပါးကား၊ ။အရိယာသံဃာတော်တို့
သည်၊ မြတ်စွာဘုရား ကောင်းစွာဟောအပ်သော တရား
တော်အတိုင်း၊ မဖော က်မပြန် ကောင်းစွာကျင့်တော်မူ
တတ်သော သုပ္ပဋိပန္နဂုဏ်တော်။ ။အရိယာသံဃာတော်
တို့သည်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ ကောင်းမြတ်သော
အကျင့်ကိုကံသုံးပါးတို့ဖြင့်ကောက်ခြင်းအကျင့်ကိုပယ်၍၊
ဖြောင့်စွာကျင့်အောင်တတ်သောဥဇုပ္ပဋိပန္နဂုဏ်တော်၊ ။
အရိယာသံဃာတော်တို့သည်၊နိဗ္ဗာန်အကျိုးငှါ ကျင့်တော်
မူတတ်သောဉာယပ္ပဋိပန္နဂုဏ်တော်။ ။သံဃာတော်တို့
သည်၊ လူသုံးပါးတို့၏ ရိုသေခြင်းကို ကျင့်တတ်ကုန်သော
ကြောင့်၊ ခရီးဦးကြိုခြင်း၊ ကြည်ညိုသဖြင့် ထိုက်အောင်
ကျင့်တော်မူတတ်သော သာမိစိပ္ပဋိပန္နဂုဏ်တော်၊ ။အရုံ
အရုံသောအားဖြင့် ရှစ်ပါးသောယောကျ်ားမြတ်တို့သည်၊

အဝေးမှဆောင်ယူအပ်သောပစ္စည်းတို့ကို။အကျိုးများစိမ့်သောငှါလှူအပ်သော အလှူဝတ္ထုကို ခံတော်မူထိုက်သော အာဟုနေယျဂုဏ်တော်။ ။အရပ်ရှစ်မျက်နှာမှလာသောချစ်ခင်သူတို့အားရည်မှတ်၍ပေးသောပစ္စည်းတို့ကိုအကျိုးများစိမ့်သောငှါ လှူသော အလှူကို ခံတော်မူထိုက်သောပါဟုနေယျဂုဏ်တော်။ ။အကျိုးများစိမ့်သောငှါယုံကြည်၍လှူအပ်သောမြတ်သောအလှူကို ခံထိုက်သော ဒက္ခိဏေယျဂုဏ်တော်။ ။အကျိုးကို အလိုရှိသောသူတို့၏။ ရှိခိုးပူဇော်ခြင်းကို ခံထိုက်သော အဉ္ဇလိကရဏီယ ဂုဏ်တော်။ ။ဘုံသုံးပါးတွင်။ အတုမရှိသော ကောင်းမှုတို့၏ စိုက်ပျိုးရာ။ လယ်မြေကောင်းသဘွယ်ဖြစ်သော အနုတ္တရံပုညခေတ္တဂုဏ်တော်။ ။ဟူ၍-၉-ပါးတည်း။

အရိယာ-၈-ပါးကား။ ။မဂ္ဂဋ္ဌာန် လေးပါး။ ဖလဋ္ဌာန် လေးပါး ဟူ၍-၈-ပါးတည်း။

ရတနာ-၃-ပါးကား။ ။ဗုဒ္ဓ။ဓမ္မ။သံဃာ,ဟူ၍-၃-ပါးတည်း။

ကျေးဇူးရှင်-၂-ပါးကား။ ။အမိ။အဘ,ဟူ၍-၂-ပါးတည်း။

---

ပေါရာဏကသင်္ချာနှင့်။ယခုဝေါဟာရစကားများကား။

ဥဿုံကား။ ။အကြွင်းမရှိအလုံးစုံ။
ပွန်ကား။ ။အပြတ်။

---

အက္ခရာအင်္ဂါနှင့်အရစ်,ကာခုန်ခွဲသားများကား။

ချိုးဖျက်ရုတ်ဖြတ်။ကင်းစင်ပြတ်,ကား ခွဲသား။ ရှေ့-ဖဦးယုပ်ရရစ်တသတ်။နောက်-ပစောက်ရရစ်တသတ်။

နတ်သုဋ္ဌိနှင့်။ အာဒိမဏ္ဍ,ကား ခွဲသား။ ရှေ့-ဓအောက်ခြိုက်။ နောက်-ဒဒွေး။ ။အာဒိ,မဏ္ဍ။ ပဏ္ဍုကလျာ,ကားခွဲသား။ ရှေ့-ဎ

မျှဉ်ဆွဲ၊နောက်-ဆလိမ်၊ ၊အချက်ကျကျ၊မှတ်ကုန်ကြသည့်,ကား
ခွဲထား၊ရှေ့-ကကြိုးယပင့်၊နောက်-ကကြိုးရရစ်၊

(၁၀) အသန္တိန္နု၊သန္တိန္နုဟု၊လောကဥက္ကာဋ္ဌ၊မြတ်ထက်မြတ်၍၊ ဇာနုတ်ခမဲ၊ ကျေးဇူးကဲ၄၊ အမြဲသမှု၊ ရှိဝတ် ပြုသည်၊ ဓါတုသရီ၊ ဥဒ္ဒိသ်ညီလျက်၊စေတီပုထိုး၊စည်းခုံမျိုးကို၊ဒုတ်ရိုးစီထွေ၊အင်္ဂတေဖြင့်၊ ပြေပြေဖြစ်ဖြစ်၊ပြုသည်ဖြဲကာ၊စင်စစ်မချို၊ဤသို့ဤမှု၊ ခံစားရဟု၊ ဆုံးဆဲမနိုင်၊ မဟောနိုင်တည့်၊ နိုင်းပြိုင်ဆွယ်မှု၊ အကြင်သူသည်၊လေးဆူကျွန်းမြတ်၊ပိုးမိုးလတ်လျက်၊ နတ်နှစ်ဘုံဆောင်၊ နေနွန်းပြောင်သို့၊ဘုန်းရောင်ဖြာကွန့်၊ပဋ္ဌုဖြန့်လျက်၊ကျွန်းကျွန့်သနင်း၊ စကြာမင်းသျှင်၊ ကြောင်းရင်းရှေးရှု၊ ထိုကောင်းမှုသည်၊ ဆင်းတုစေတီ၊မွေသရီတိုက်၊သိုက်မြိုက် ဘန်ဝေ၊ အင်္ဂတေဖြင့်၊ အပြေ အဖြစ်၊ပြုသည်ဖြစ်ကို၊စင်စစ်တွက်ဆ၊ နိုင်းချိန်ရမှု၊ နှစ်ရာ့ငါးဆယ်၊ ဗွန်းကယ်ခြောက်ပိတ်၊ တပိတ်မျှပင်၊မမီချင်ရာ၊ကမ္ဘာချင့်ရေး၊ ဂိုးဆဲ့လေးလျှင်၊ပါယ်ဘေး မလား၊ချမ်းသာ ပွါး၍၊လေးပါး သမ္ပတ္တိ၊ ရစ်လိမ် မောဘွ၊ ဆအဘိညာဉ်၊ မျက်မှောက် ယှဉ်လျက်၊ အစဉ်လိုက်ဖြွား၊ဆင့်ဆင့်ပွါး၍၊ဘုရားဆုံးမ၊ဩဝါဒကို၊ရကြကုန်သား၊ အကျိုးများသည်၊ ၊ဘုရားပူဇော် ကောင်းမြတ်တည်း၊

၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

လေးဆူကျွန်းကား၊ ၊ပြုဗ္ဗဝိဒေဟ၊ အပရဂေါယ၊ ဇမ္ဗုဒိပ၊ ဥတ္တရကုရု,ဟူ၍-၄-ပါးတည်း၊

နတ်နှစ်ဘုံကား၊ ၊စတုမဟာရာဇ်၊တာဝတိံသာ,ဟူ၍ ၂ ဘုံတည်း၊

ပဋိသမ္ဘိဒါ-၄-ပါးကား၊ ၊ဓမ္မပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ၊ ဉာဏပဋိသမ္ဘိဒါ၊နိရုတ္တိပဋိသမ္ဘိဒါ,ဟူ၍-၄-ပါးတည်း၊

ဝိမောက္ခ—၈—ပါးကား။ ။စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄ ပါး။အရူပါဝစရဈာန် ၄ ပါးဟူ၍ ၈ ပါးတည်း။

အဘိညာဉ်—၆—ပါးကား။ ။ဒိဗ္ဗစက္ခု။ဒိဗ္ဗသောတ။ဇုဒ္ဓိဝိဓ။မနော မယိဒ္ဓိ။စေတောပရိယ။ပုဗ္ဗေနိဝါသ။ ။ဟူ၍-၆-ပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ခဝဲ။ ။အများ။
ရှုန်း။ ။တူခြင်းသဘော။
ကွန့်။ ။ပျံ့သည်၊မြူးတူးသည်လည်းဟူ။
ပစ္စူ။ ။ပဆိုးဖြူ။
သနင်း။ ။မင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

အပြေအပြစ်။ပြုသည်ဖြစ်ဘ,ကားခွဲသား။ ရှေ့-ပစောက်ရရစ်။ နောက်-ဖဦးထုပ်ရရစ်။ ။ဆုံးဆမနိုင်။ မဟာနှိုင်,ကား ခွဲထား။ ရှေ့-နငယ်သက်သက်။နောက်-နငယ်ဟထိုး။

ပုဗ္ဗာဝပုဗ္ဗနေယျာန်,ဟူသောမင်္ဂလာ-၂-ပိုဒ်ပြီး၏။

---

ဘော်မင်္ဂလမုတ္တမံ ဟူသောမင်္ဂလာ-၃-ပါးချုပ်လက်ာ။

(၁၁) ဗာလသူမိုက်။ဒုစရိုက်ကို။မကြိုက်ရှောင်ခွါ။မပေါင်းရာ တည့်၊ဆယ်ဖြာသုစရိုက်။ဝမ်းအင် ဖြိုက်လျက်။ ကောင်းမြိုက် သိ လ၁၊ကျင့်သိက္ခာနှင့်။အရာသိသိ။ပညာရှိကို၊ညွတ်ဘိကျိုးနွံ။ ဆုံးမ ခံသျှက်။မ်န့်သံ မှတ်သား၊ ဆည်းကပ်ငြားလော့။ဘုရား အဝုလ။ သုံးလူ့,ဘလျှင်။မြွက်ဟတရား မြတ် ဆယ်ပါးတည့်။ ရှစ်ပါး အရိ ယာ။ရတနာနှင့်။ဆရာမိဘ။စသည်ကျေးဇူး။အထူးမြတ်မြင့်။ပူဇော်

သင့်ရာ၊ပူဇော်ပါလော့။ပူဇာနှင့်ဂုဟာ။ ပြုကုန်ကြရာ။ အကျိုးမှာကား။ ဘဝါဘဝေ။ ကျင်လည်သေရာ။ မင်္ဂလာကျိုး၊ တိုင်းထက်တိုး၍၊လေးမျိုး အပါယ်၊ကဝ် သုံးသွယ်လည်း။ မတွယ်မငြိ။ သုဂတိဖြင့်၊ လားဘိ သန္ဒေ။ကျင်လည်လေ၍။ ကျင့်ထွေတရား။ဆင့်ဆင့်ပွါးလျက်။လေးပါးသစ္စါ။ပွင့်လင်းရာသည်။ ။မင်္ဂလာတရား ကျင့်မြတ်တည်း။

---

ငှ်းလက်ာ့ပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်များကိုဘော်ပြချက်၊

သုစရိုက်-၁၀-ပါးကား။ ။ဒုစရိုက်ဆယ်ပါးမှ ကြဥ်ခြင်း။အပြန်
ပင်တည်း၊ ။အ ထက်က ဆိုခဲ့ပြီ။
လျှ-၃ ပါးကား။ ။ဖြဟ္မာ၊နတ်၊လူ့,ဟူ၍-၃-ပါးတည်း။
လောကုတ္တရာတရား-၁၀-ပါးကား၊ ။မဂ်ေလးတန်၊ ဖိုလ်လေး
တန်၊နိဗ္ဗာန်၊ပရိယတ်,ဟူ၍-၁၀-ပါးတည်း။
အရိယာ-၈-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
မင်္ဂလာ-၃-ပါးကား။ ။သူမိုက်ကို မပေါင်းရခြင်း၊ လူလိမ္မာကို
ပေါင်းရခြင်း။ပူဇော်ထိုက်သောအရာကို ပူဇော်ခြင်း,ဟူ၍
၃-ပါးတည်း၊
အပါယ် ၄-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ၊
ကဝ်-၃-ပါးကား၊ ။ ၎င်း။
သစ္စာ-၄-ပါးကား။ ။ ၎င်း၊

---

ပေါရာဏကသဘောနှင့်၊ယခုဝေါဟာရစကားများကား။

အင်္ဂြိုက်ကား။ ။အထက်ကဆိုခဲ့ပြီ၊
ဖြာဖြာကား။ ။အများအပြား၊
ထွေထွေကား၊ ။အထက်ကဆိုခဲ့ပြီ၊
ဘော်မင်္ဂလသုတ္တမ်ဟူသောမင်္ဂလာ-၃-ပါးချုပ်တပိုဒ်ပြီး၏၊

---

## (၂) ပတိရူပဒေသဝါသောစ,ဟူသောမင်္ဂလာ။

(၁၂) ကာမာဝစရ။ကုသလဟု၊ပညာအနက်။ အကျိုးစက်ဖြင့်။
နတ်သက် တထောင်။မြင့်ရှည်ဆောင်သည်။ လူ့ဘောင် တွက်ရေ။
သုံးကုဋေ့ခြောက်သန်း။အသက်တမ်းဖြင့်။ ရွှေဝန်းများစွာ။ ငါးရာ
ငါးရာ။ဝဲယာ တထောင်။မျက်တောင်မခတ်၊အနတ်နတ်တို့။စံလတ်
ဧလေ့။ပြကတေ့ဖြင့်၊သိမ်မွေ့ပျော်ရာ၊ ပျုံပျုံ၊ဌါဌါ၊ ကညာ,ဂေါရီ၊
ကုမ္မာရီဟု။တလင်္ခေသွေးဆုံး၊တပြုံးပြုံးဖြင့်။ရူတုန်းရူသည်း။ရူဘွယ်
ချည်းလျှင်။မျက်မည်းမျက်ပန်း။အမည် ထွန်းလျက်။ ရွှန်းရွှန်း စား
စား။ယွှယ်ခြေပါးမှ၊ အဋ္ဌ,ဒသ။ဒွါဒ,ဗုဒ္ဓသ်။သော ဠသ်,ဝိသ။ အစဉ်
ကျဖြင့်။ဝယအယွှယ်။ နှစ်သက်ဘွယ်နှင့်။ ရည်ရွယ်လုံးပုံ။ နုမ္မာရုံ
လျှင်။ ဖုံဖုံ သစ်သစ်၊ ပွါးရာဖြစ်၍၊ မေ့လစ်တတ်သား၊ မွေ့လျော်
ဌြားသည်။သိကြွားနုန္တရာဇာ၊အမှုသစ်နှိုက်။စိစစ်ရေးရာ။ လွှန်လိမ္မာ
၍။အင်္ဂါရှစ်ပါး။တမန်ထားသည်။ခန့်ဌြားတုံလတ်၊ချစ်သားနတ်။ ။
မှတ်သားကုံထ၊ဒေဝပုတ္တ။စသည်ငါးတန်။ ငါးပါး မာရ်ကို။ ပယ်
လှန်ကင်းပြတ်။ အောင်မြင်လတ်၍။ မြတ်သဗ္ဗညုလျှင်။ ချက်ကုံမြင်
လျက်၊မြေတွင်သိဂိ။အောင်ဗောဓိသည်။ပတိရူပ၊တင့်အပ်ဖွတည့်။
ထိုမှတဖြာ။ရူဘွယ်ရာဖြင့်။သိင်္ဂါကိုယ်ရေ။ချိနေဝင့်ဝင့်။နားစွင့်စွင့်
နှင့်။သမင့်ပျော်ရာ။မိဂဒါဟု။မဟာဂနိုင်။အင်ကြင်းမြိုင်ဝယ်။ လေး
ဆိုင်ပထ၊ ညီမျှတလျက်။ ပဥ္စဝဂ္ဂီ။ ဆုထူး ရှိသည်။ သုဒ္ဓိ ဖြုထွား၊
သေရှ်ငါးပါးကို။ ပါ၁ဝပုံ၊ဇမ္ဗူစက်။ဟောမြွက်သက်၍၊ မိုလ်မဂ်ဝေဌ။
ထိုဒေသတည့်။ ။အတ္တကာယ။သဿတနှင့်၊ ဥစ္ဆေဒဟူ၊ အယူ
မှောက်မှား။တိတ္ထိချားကို၊တရားအမြတ်၊ နှောင်ကြိုး ကျွတ်၍။ ချေ
ချွတ်ပြီးမှ၊ တန်ခိုးပြသည်။ကဏ္ဍမ္ဗဟူ၊သရက်ဖြုရင်း။ပင်မင်းရေခံ
ရာ၊ရင်ခန်းဝါတည့်။ ။တာဝတိံသာ။ ဒေဝိန္ဒာ၏၊ ဓမ္မာသဘင်၊
ပဏ္ဍု အင်တွင်။ မိခင် ဖြစ်ဘူး၊ သူ့ကျေးဇူးကို၊ အထူး ဆပ်ဘိ။
သန္တုသိပ်ဟု။မည်ရှိနတ်သား။အမျူးထား၍၊ဘုရား ဘိဓမ္မာ။ဟော
ပြီးခါမှ။သက်ရာမည်မှတ်။သင်္ကဿနဂိုရ်၊ ။သိုထိုဌာန။တေမာသ

ဟူ။ဝါလအတွင်း၊သတင်းဆဲ့နှစ်ရပ်။စံကိန်းဝပ်သည်၊အရပ်ထိုထို။ အဟိုနေဝင်လာ၊သာသနာလျှင်၊ရောင်ဝါဝင်းဝင်း၊ ညစ်ကြေးကင်းလျက်၊ပွင့်လင်းစည်ရာ၊ပြည်ပြည့်ရွာတည့်၊ ။လေးဖြာပရိသတ်။ သူတော်မြတ်တို့၊ ကျင့်ဝတ်ယူကြ၊ ငါးဌာနဖြင့်။ ဒေသပိုင်းခြား၊ အလယ်သားလျှင်၊တိုင်းကား သော ဋ္ဌသ်၊ မင်းမင်းမြတ်တို့။ စံလတ်တော်ချ။ မဇ္ဈိမာတည့်။ ။ဒါန၊ သီလ၊ ကုသလဟု။ ပုညဝတ္ထု။ ကောင်းမှုဗုမ္မ၊ပွါးမှုအရပ်၊သို့ပညပ်သည်၊ ။တင့်အပ်နေရာ ဒေမွန်တည်း။

---

## ဝင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

တမန်အင်္ဂါရှစ်ပါးကား၊ ။သံ။တမန်။တံဆေး။မင်းစေ။သံ့သေး။

အသွယ်-၆-ပါးကား။ ။၈ နှစ်ယွယ်ကညာ။ဆယ်နှစ်ယွယ်ဂေါရီ၊ ၁၂ နှစ်ယွယ်ကုမ္မာရီ၊ ၁၄ နှစ်ယွယ်သွေးဆုံး။၁၆ နှစ်ယွယ် မျက်မည်း။ ။နှစ်ဆယ်ယွယ် မျက်ဝန်း။ ။ဟူ၍အယွယ် ခြောက်ပါးတည်း။

မာရ်-၅-ပါးကား၊ ။ဒေဝပုတ္တ။ကိလေသ။ခန္ဓ။မစ္စု၊အဘိသင်္ခါရ။

ဆုရိယာပုထ် ၄-ပါးကား။ ။ရပ်။ ထိုင်။ လျောင်း။ သွား။

ပဉ္စပဋ္ဌိ-၅-ပါးကား၊ ။ကောဋ္ဌာသ။ ဝယ။ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ-၅-ပါးတည်း။

ပရိသတ်-၄-ပါးကား၊ ။ရဟန်း ယောကျ်ား။ ရဟန်း မိန်းမ။ လူ ယောကျ်ား။ လူမိန်းမ ဟူ၍-၄-ပါးတည်း။

မဇ္ဈိမဒေသနယ်-၅ ရပ်ကား၊ ။အရှေ့ အလား-ဇင်္ဂလရွာအနီး၊ အင်ကြင်းပင်ကြီး။ ။အရှေ့တောင်အလား သလ္လာဝတီမြစ်။ တောင်အလား သေတကဏ္ဏိက ရွာ။ ။အနောက်အလား ထုနမည်သော ပုဏ္ဏားရွာ။ ။မြောက်အလား ဥသိရဒ္ဓဇ တောင် ဟူ၍-၅-ရပ်အပိုင်းအခြားတည်း။

တိုင်းကြီး-၁၆-တိုင်းကား။ ။အင်္ဂတိုင်း။ မဂဓတိုင်း။ ကာသိကတိုင်း။ ကောသလတိုင်း။ ဝဇ္ဇီတိုင်း။ မလ္လတိုင်း။ စေတီယတိုင်း။ ဝံသတိုင်း။ ကုရုတိုင်း။ ပဉ္စာလတိုင်း။ ဟရိဘုဉ္ဇတိုင်း။ သူရသေနတိုင်း။ အဿကတိုင်း။ အဝန္တိတိုင်း။ ဂန္ဓာလတိုင်း။ ကမ္ဗောဇတိုင်း ဟူ၍တိုင်းကြီး ၁၆ တိုင်းတည်း။

---

ပေါရာဏကထာနှင့်။ယခုခေါ်ဟာရစကားများကား။

လျှော်ဒါကား။ ။ယဉ်ကျေးဘွယ်ရာတည်း။
ချက်ကုံကား။ ။အလုံးပုံတချက်တည်းကုန်တည်း။
ဂနိုင်ကား။ ။တောအငယ်။
ခန်းဝါကား။ ။အထက်ကဆိုခဲ့ပြီ။
ချေချွတ်ကား။ ။ငှင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

သုံးဘုဒ္ဓေခြောက်သန်း။ အသက်တမ်းဖြင့်, ကားခွဲထား။ ရှေ့သအက္ခရာနှသတ်။ နောက် တဝမ်းပူမသတ်။ ။ငါးရာ ငါးရာ။ ဝဲသာတထောင်ကား,ခွဲထား။ရှေ့ ရကြီး။နောက် ယငယ်။ ။ဝဲသာတထောင်။မျက်တောင်မခတ်,ကား ခွဲထား။ရှေ့ ထဆင့်ထူး။ နောက် တဝမ်းပူ။ ။ဝယာ,အသွယ်။နှစ်သက်ဘွယ်နှင့်။ချည်မွှင်လုံးပုံကား ခွဲထား။ရှေ့ [illegible]ဆွဲယသတ်။နောက် ရကြီးဝဆွဲယသတ်။ ။အောင်ဗေဒင်သည်၊ ပတိရူပ,ကား ခွဲထား။ ရှေ့ ဓအောက်ခြိုက်။ နောက် တဝမ်းပူ။ ။လေးဆိုင်ပထ။ ညီမျှတသျှက်,ကားခွဲထား။ ရှေ့ ထဆင့်ထူး။နောက် တဝမ်းပူ။ ။နှောင်ကြိုးကျွတ်၍။ချေချွတ်ပြီးမှ,ကား ခွဲထား။ ရှေ့ ကကြီးယပင့်ဝဆွဲဘသတ်။ နောက် ခခွေးယပင့်ဝဆွဲတသတ်။

ပတိရူပဒေသဝါသောစ,ဟူသောမင်္ဂလာတပုဒ်ပြီး၏။

## ပုဗ္ဗေစကတပုညတာ,ဟူသောမင်္ဂလာ။

(၁၃) ပုဗ္ဗကမ္မ၊ရှေးဘဝက၊ပြုကြကောင်းမှု၊စေနာပသာ၊ရှေးရှုစီးပွါး၊ဆောင်တတ်ကြသား၏၊များပြားဥစ္စာ၊ရတနာလည်း။ ကောင်းစွာပြုပ၊ရှေးကောင်းမှုဖြင့်၊ရကျန်လင့်၏၊ရသင့်ဥစ္စာ၊ရထနာလည်း။ ကောင်းစွာသုံးစွဲ၊စဉ်မလွဲလျှင်။အမြဲသုခ၊ပုဗ္ဗေစတည့်၊ရှေးကအားကြီး၊ကုသိုလ်မျိုးသည်၊မွေအိုးမည်လာ။ပမာမှတ်လေ၊လူနတ်လောက။ ပဒေသ,နှင့်၊ ကေရာဇာ၊ ဘုန်းရောင်ဖြာသည်။ စကြာမန္ဓာတ်၊သိကြား နတ်တို့၊ ကောင်းမြတ် ရိပ်ငြိမ်၊ ထိုစည်းစိမ်လျှင်။ မွေ့သိမ်သုခ၊ဟူသမျှကား၊ရှေးကပြုဘူး၊ ကုသိုလ်ထူးမျိုး၊ ထိုမွေအိုးလျှင်၊အကျိုးပင်တည့်၊ ထို့ပြင်သိမှု၊ စတုသင်္ဂြိုဟ်ဒါ၊ ခြောက်ဖြာဘိညာဉ်၊အမြဲယှဉ်လျက်၊အစဉ်မောက္ခ၊သာဝကနှင့်၊ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗောဓိ၊အမည်ရှိသည်၊ကြီးဘိအမျိုး၊ထိုမွေအိုးဖြင့်၊အကျိုးများစွာ၊ခံစားရာဟု၊ကျမ်းလာစကား၊ဟောဖွင့်ကြားသည်၊ ။ တရားမင်္ဂလာ ကဲလွန်တည်း။

---

ဤအလင်္ကာပိုဒ်တွင်ပါသော သိနတ္တအဓိပ္ပါယ်
များကိုဆော်ပြချက်။

ပဋိသန္ဓိဒါ–၄–ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
အဘိညာဉ်–၆–ပါးကား။ ။ဤ။______

---

ပေါရာဏကဆာနှင့်၊ယခုဝေါဟာရစကားများကား။

ဖြာကား။ ။ပြန့်နှံ့သည်၊

ပုဗ္ဗေစကတပုညတာ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏၊

---

## အတ္တသမ္မာပဏိဓိစ,ဟူသောမင်္ဂလာ၊

(၁၄) အတ္တသမ္မာ။ ဤအရာတွင်။ စိတ်သာလုံးလုံး၊ မှတ်ယူကျုံး လေ့၊ ကျင့်သုံး သီလ။ စောင့်ကုန်ကြလျက်၊ ဒါန မကင်း၊ ပေးကမ်း ခြင်းသာ။ တည်ရာမချို၊ ဤလူတို့တွင်၊ ဤသို့တည်ငြား၊ မျက်မှောက် အားဖြင့်၊ လာဘ်များရခြင်း၊ ရန်မျိုးကင်းလျက်။ ပျက်ယွင်း တဘန်၊ တမလွန်၌၊ ကောင်းမွန်ချမ်းသာ။ ပြည့်ပုံရာ၏။ နှစ်ဖြာမိဘ၊ ချစ်ခင်ဖွာ လည်း၊ များစွ ရတနာ၊ ဥစ္စာရင်းနှီး။ သားသမီးအား၊ ချီးမြှောက်စား က၊ ဤဘဝသာ၊ ခံစားရာ၏။ ရာဇာစက္ကဝတ်၊ မင်းမန္တာတ်နှင့်၊ အနတ် နတ်တို့။ စည်းစိမ်မြို့ကို၊ ရဘို့ ခွဲခြမ်း၊ ပေးကမ်းခြင်း၌၊ မစွမ်းရာ တည့်၊ တဏှာ ပိမှတ်။ လောကုတ္တရာ။ ဖိုလ်ချမ်းသာမှာ၊ ဆိုရာမရှိ၊ ဝေးကုန်ဘိတည်း၊ မိမိ စိတ်များ၊ ကောင်းစွာထားမှ၊ နှစ်ပါး မယုတ်၊ လောကုတ် လောကီ။ ပုံနှစ်လီဖြင့်၊ အညီ သောင်းပြောင်း၊ ပြည့်ပုံ ကြောင်းတည်း၊ စိတ်ကောင်း မထား။ ဆင်းရဲများအံ့၊ မှတ်သား စေ ၌၊ မင်္ဂလာသည်၊ ၊ ချမ်းသာပွါးကြောင်း အမွန်တည်း။

---

(၁၅) အကြင်ယောကျ်ား။ သူ့မယားနှင့်၊ ကျွဲ,နွား,ဥစ္စာ၊ ရတ နာလျှင်။ များစွာငွေ၊ အထွေထွေကို၊ တွေဝေစိတ်ထား။ မကောင်း ငြား၍။ ပစ်ရှားမိရှု၊ တယောက်သူက။ ထို့တူတတန်၊ မကောင်းဘန် ၍။ အပြန်ပြစ်မှား။ ခံရငြားလိမ့်၊ တပါး ဆိုရေး၊ ရန်သူ ဘေးလည်း။ ဈေးရှုပြုလျက်၊ ~~ဆိုသော~~ သုတ်သား၊ မိစ္ဆာအားဖြင့်။ ယူမှားကုန်ကြ။ ပစ္စက္ခတွင်။ သောကသီးသီး၊ ဆင်းရဲကြီးသည်၊ ပျက်စီးမလွဲ၊ ဖြစ်စမြဲ တည့်။ ဘောက်လွဲ–မတ။ နောင်ကာလလည်း၊ ဘဝတသိန်း၊ တမှိန်း မှိန်းလျှင်၊ တွက်ကိန်းများဘွယ်၊ ဆင်းရဲကြွယ်၍။ အပါယ်ငရဲ။ ခံရမြဲ တည့်။ အလွဲအမှား။ ရှေ့နိုက်ထားလည်း၊ နောက်ပွါးအသစ်၊ အမှန် ဖြစ်က၊ ဆုံးမ,ပြီးသူ၊ ဆိုထိုက်မှု၏။ ထို့တူ ဆုံးမ။ ယဉ်ကျေးကြမှု၊ ထိုသသူကား။ အယူ ဖြောင့်စွာ၊ ချမ်းသာရာဖြင့်၊ တခါ တခေါက်။ ကိုယ်တိုင်မြောက်လျှင်။ မရောက်ဘူးသား၊ အထူးအားဖြင့်၊ သုံးပါး

ဝိပဿနာ၊ရင့်သန်စွာလျက်၊သစ္စာလေးအင်၊ဟုတ်တိုင်းမြင်၍၊ အသင်္ခတ၊နိဗ္ဗာနသို့၊ရချမ်းချို၊ရောက်တုံမြို့ဟု၊ဤသို့ဒေသနာ၊ကျမ်းဂန်လာသည်။ ၊စိတ်သာလိုရင်း အဓိပ္ပါယ်တည်း၊

---

ငုံးလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်၊

ဝိပဿနာဉာဏ်-၁၀-ပါးကား၊ ၊သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊အနုလောမဉာဏ်,ဟူ၍-၁၀-ပါးတည်း၊

သစ္စာလေးပါးကား၊ ၊အထက်ကဆိုခဲ့ပြီ၊

---

ပေါရာဏကထာနှင့်၊ယခုဝေါဟာရစကားများကား၊

ထွေထွေကား၊ ၊အထက်ကဆိုခဲ့ပြီ၊

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

တဦးသုက၊ထို့တူတဘန်,ကားခွဲထား၊ ရှေ့-သအက္ခရာ၊ နောက်တဝမ်းပူ၊ ၊ပဋ္ဌကွင်၊သောကသီးသီး,ကားခွဲထား၊ရှေ့-ခရွေး၊ နောက်-ကကြီး၊ ၊ပျက်စီးမလွဲ၊ဖြစ်စမြဲတည့်၊ ဘောက်တွဲ-မတ, ကားခွဲထား၊ရှေ့-လငဆွဲ၊နောက်-လဟာထိုးဝဆွဲ၊ ၊ဆုံးမပြီးသူ၊ ဆိုထိုက်ဟူ၏၊ထို့တူ ဆုံးမ,ကားခွဲထား၊ရှေ့-သအက္ခရာ၊နောက်တစမ်းပူ၊

အတ္တသမ္မာပဏိဓိစ,ဟူသောမင်္ဂလာ-၂-ပိုဒ်ပြီး၏၊

---

## ဧတံမင်္ဂလမုတ္တမံ,ဟူသောမင်္ဂလာသုံးပါးချုပ်လင်္ကာ။

(၁၄) ပတိရူပ။တင့်အပ်ဖွယ်သည်။ဒေသပဒ်၊ထိုထိုရပ်သာ။ နေအပ်ရာ၍။ တဖြာထိုမှ၊ ပုဗ္ဗကမ္မ။ ရှေးကဆည်းပူး၊ ကုသိုလ်ထူး လည့်း။ ကျေးဇူးနှလ္လ၊ ရွှေအိုးရသို့၊ ကိစ္စပြီးဖြိ။ ထိုတိုင်းပြီးဒိမ့်။ တသီးထိုမှ။အတ္တသမ္မာ။ဤအရာတွင်။ စိတ်သာယုတိ၊ ကောင်းစွာ သိလော့။မိမိစိတ်ကို။စောင့်စည်းသို၍။ရှိသောကျင့်ဝတ်။ စောင့်ရှောင် လတ်မူ၊ လူနတ် နိဗ္ဗာန်။ ကောင်းရာဘန်သည်၊ ကြေနံ မချို၊ ခံစားမြို့ တည့်။နှစ်လို့မပျက်။နာမက္ခန္ဓာ။ထို သုံးဖြာတွင်။စိတ်သာ ပြဓာန်း။ မိန့်တော်ခွန်းတည်း။ တည့်ထွန်း ထင်ရှား။သုံးပါး မင်္ဂလာ။ သုံးဖြာ သမ္ပတ်။စက်ဟုမှတ်သည်၊ ။ဆတ်ဆတ်အကျိုး ကဲလွန်တည်း။

---

### ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

နာမက္ခန္ဓာ-၃-ပါးကား။ ။ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာ၊ သင်္ခါ ရက္ခန္ဓာ,ဟူ၍-၃-ပါးတည်း။
သမ္ပတ္တိစက်-၃-ပါးကား။ ။ပတိရူပဒေသဝါသ,စက်။ ပုဗ္ဗေစ ကတပုညတာ,စက်။ အတ္တသမ္မာပဏိဓိ,စက်။ ။ဟူ၍ ၃-ပါးတည်း။
မင်္ဂလာ-၃-ပါးကား။ ။၎င်းပင်တည်း။

---

### ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ဖြိဖြိကား၊ ။များသောအစီးအပွါး။
ဆတ်ဆတ်ကား။ ။ကြေနံမချို။

အကျွရာအပင့်အရစ်ကွာရန်ခွဲထားများကား၊

ကိစ္စဖြစ်ဖြစ်၊လိုတိုင်းပြီးလိမ့်ကားခွဲထား၊ရှေ့-ပဦးထုပ်ရရစ်၊ နောက်-ပစောက်ရရစ်၊ ၊လူနတ်နိဗ္ဗာန်၊ ကောင်းရာဘန်သည့် ဤာ:ခွဲသား။ ရှေ့ ဗထက်ပြိုက်နှစ်ဆင့်နသတ်။ နောက်-ဘကုန်း နသတ်။

တော်မင်္ဂလရတ္တမ်ဟူသောမင်္ဂလာ-၃-ပါးချုပ်ပြီး၏။

---

(၃) ဗာဟုသစ္စဥ္စ,ဟူသောမင်္ဂလာ၊

(၁၇) ဟိရိဩတ္တပ်၊စောင့်ရှော်အပ်သည်၊ကိုယ်ကျပ် တရား၊ နှစ်ပါးမြဲမြံ၊ဒေဝဝ လျှင်၊နက်တံ့ရှည်လျား၊အကျိုးချားသည်၊တရား မချို့၊ကုသိုလ်နွံဖြင့်၊မြင်းမိုရ်ထိပ်ချာ၊ ဝတိန်သာဝယ်၊ စံရာပြက တော့၊နတ်လေ့ဖြင့်၊အငွေ့ဇာ္ဂသွာ၊နှစ်သက်စွာသည်၊ငါးဖြာအာရုံ၊ အဒေါ့ပုံကို၊တလုံလဲလဲ၊ ထပ်မစဲဖြင့်၊ ဖက်လဲတကင်း၊ ရုံမက်ခြင်း လျှင်၊မယွင်းတံတစ်၊ပွါးချာဖြစ်သည်၊နတ်သစ် နတ်ဟောင်း၊နတ်အ ပေါင်းလည်း၊သောင်းပျောင်းရောရှု၊ဖိုးမိုးရှုသည်၊ပဏ္ဍုသခင်၊ ဝေ ယန်နှင်၏၊မှုတွင်ရေးရာ၊ဆောင်အံ့လာသည်၊ တကာအညတ်၊ ချစ် သားနတ်။ ၊မှတ်သော့သချာ၊ စေ့စေ့နာလော့၊အနာဂါရ၊အဘ ဂါရဟု၊သုတနှစ်ပါး၊ပုဂ္ဂိုလ်များတွင်၊ ဘုရားမရပါဠိ ပိဋကတ်ကို၊ ရှတ်ဘတ်သင်အံ၊သူ့နည်းခံ၍၊ နာကြားပြီ ဆွေး၊သိမ္မရေး၊ကို၊ မေးမေး မြန်းမြန်း၊ အခန်းခန်းလျှင်၊ ရဟန်း သုတ၊ မှတ်ကုန်ကြလော့၊ ထိုမှ တဖြာ၊သံသနာတွင်းပြင်၊လူ့ဘိုသင်၍၊သိမြင်ကျမ်းဂန်၊ဂန္ထဗ္ဗ၊ ၊ သဏ္ဌာန,မာဂဓ၊ခြောမ,စသည်၊ တည်တည်ဝေါဟာ၊ တတ်ကောင်း ရာသည်၊ဘာသာရှ၊ ၊ရမ္မာဘိုင်းပြည်၊ကမ္ဘာလည်၍၊တည်တည် ခြောက်ပေါက်၊ မှတ်လောက်သရွေ့၊ ကြောင်း ရုံစေ့ကို၊ မမေ့ မ ကျဲ၊ဘိုးပွန်းပွန်သည်၊ဒေသန္တရ၊လူ့ကိစ္စမှု၊တတ်ကောင်းဗုကား၊ ဗာဟုသစ္စ၊မင်္ဂလာတပါး၊ မြဲမှတ်သားသည်၊ ၊နှစ်ပါးချမ်းသာ ဖြစ်ကြောင်းတည်း၊

## ၎င်းလင်္ကာပိုဒ်တွင်ပါသော ဒိနည်ထွာအဓိပ္ပါယ် များကိုဖော်ပြချက်။

ဒေဝဓမ္မတရား-၂-ပါးကား။ ။မကောင်းမှုမှ ရှက်ခြင်း ဟိရီ၊ မကောင်းမှုမှကြောက်ခြင်းဩတ္တပ္ပ,ဟူ၍-၂-ပါးတည်း။ ။ နတ်တို့အမြဲကျင့်သောတရားဖြစ်၍၊ ဒေဝဓမ္မ,ဟုခေါ်သည်။

အာရုံ-၅-ပါးကား။ ။ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ။ ဟူ၍ ၅-ပါးတည်း။

ချမ်းသာ-၂-ပါးကား။ ။လူချမ်းသာ၊နတ်ချမ်းသာ,ဟူ၍-၂-ပါး တည်း။

---

ပေါရာဏကထာနှင့်၊ယခုဝေါရစကားများကား၊
နတ်တံကား။ ။ခတိမ်အနက်။
တလုံလဲလဲကား။ ။အထပ်တလဲလဲ၊
ဖက်လဲတကင်ကား။ ။ရုံပုံမက်မက်ရှိသည်၊
တံတစ်ကား။ ။မယွင်းမဖည်၊
ရှုကား၊ ။ရှောင်ရှားသည်။
စိစွေးကား။ ။နာကြီးသည်။
တီးပွန်းကား။ ။တတ်သိလိမ္မာသည်၊
ပွန်ကား။ ။ကြေပွန်လိမ္မာသည်။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

မယွင်းတံတစ်၊ ပွါးရာဖြစ်သည်၊ နတ်သစ်နတ်ဟောင်း,ကား ခွဲထား။ရှေ့-တဝမ်းပူ၊နောက်-သအက္ခရာ။ ။ဘုရားရခပါဠိ၊ပိဋ္ဌ ကတ်ကို။ ရွတ်ဘတ်သင်အံ,ကားခွဲထား။ ရှေ့-ပစောက်တသတ်။ နောက်-ဘကုန်းတသတ်။

ဗာဟုသစ္စဥ္စ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

## သိပ္ပဋ္ဌ,ဟူသောမင်္ဂလာ။

(၁၈) ရဟန်းအတတ်၊လူအတတ်ဟု၊ဆုံးဖြတ်ပိုင်းခြား၊ထိုနှစ်ပါးတွင်။ဆိုးရွားမသန်း၊ ဝတ်ဆင်မြန်းသည်၊သင်္ကန်းချုပ်ရိုး၊ ဘန်ရည်ဆိုးလျှော်။တတ်မျိုးတဖြာ၊ပရိက္ခရာ၊ကျောင်းဥစ္စာကို၊ ကောင်းစွာသန့်ရှင်း၊ ရဟန်းချင်းချင်း၊ သတင်း သုံးဘော်၊ရေးခွင့် ပေါ်က။သင့်လျော်ကိစ္စ၊သာရုပ္ပကို၊ပြုရတုံလတ်၊ထိုအတတ်လည်း၊သူမြတ်သဃာ၊ တတ်ကောင်းရာတည့်။ တဖြာသိမှတ်၊ လူ့အတတ်ကား၊ ဆဲ့ရှစ်ပါးဟု၊ များပြားကျမ်းလာ။ ထို့ပြင်မှာလည်း၊ ဝိဇ္ဇာသိပ္ပ။ လူကိစ္စကား။များဖွစေ့ငု၊ပိတ်အမှုနှင့်၊နွတ်မှု လက်မှု၊ တဘ်ကောင်းဒုကို၊ငယ်နှုခါတွင်၊တတ်အောင်သင်လော့၊ကုန်စင်ရင်းများ။ တတ်မြောက်မြားမှု၊စီးပွါးအကျိုး၊အစဉ်တိုးသည်၊ရွှေအိုးသဘွယ်၊ လွန်ကြီးကျယ်လျက်၊ဆန်းကြွယ်လိုရာ၊ ဓနုဋ္ဌပွါးသို့၊ ပညာ အတတ်၊ အပတ် တကုတ်၊ ကြိုးအား ထုတ်မှု၊ မယုတ်စီးပွါး။ ချစ်ငိတ်များ၍၊ ခံစားသုခ၊ သမ္ဘဒါနဖြင့်၊ အမတဟူ၊ သောင်ကျွန်း ငှလျှင်၊ နိဗ္ဗူ တိုင်အောင်၊ အကျိုးဆောင်သည်။ ၊များမြောင်ပညာ တတ်ကောင်းတည်း၊

---

## ဝင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်များကိုဘော်ပြချက်၊

အတတ်မျိုး-၁၈-ပါးကား၊ ၊အကြားအမြင်များသော အတတ်၊ ဓမ္မသတ်အတတ်။ ဂဏန်းအတတ်၊ လက်သမားအတတ်၊ နီတိကျမ်းအတတ်။ဗျာကရုဏ်းကျမ်းအတတ်၊စောင်းဖြင်းစသော-ကဗျာလင်္ကာအတတ်။လက်ပစ်အတတ်၊ လေးပစ်အတတ်၊စကားဟောင်းအတတ်၊ဆေးကျမ်းအတတ်။ရယ်ရွှင်မှုအတတ်၊ ဗေဒင်အတတ်။ မျက်လှည့်အတတ်၊ ဆန်းကျမ်းအတတ်၊ သံတမန်အတတ်၊ မန္တန်အတတ်၊ သဒ္ဒါကျမ်းအတတ်,ဟူ၍-၁၈-ပါးတည်း၊

ပေါရာဏကထာနှင့်။ ယခုဝေါဟာရစကားများကား။

ပတ်တကုတ်ကား။ ။အထက်ကဆိုခဲ့ပြီ။။
များမြောင်ကား။ ။ ၎င်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

သတင်းသုံးဘော်။ ရေးခွင့်ပေါ်၍,ကားခွဲထား။ ရှေ့-ဘကုန်း။ နောက် ပစောက်။ ။လွန် ကြီးကျယ်လျက်၊ ဆန်းကြွယ် လိုရာ ကားခွဲထား။ ရှေ့-ကကြီးယပင့်။ နောက်-ကကြီးရရစ်၊

သိပ္ပဉ္စ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

ဝိနယောစ သုသိက္ခိတော,ဟူသောမင်္ဂလာ။

(၁၉) အာဏာဂမ္ဘစက်။ ပညတ်ချက်ကို။ ဆောင်ရွက်မှတ်သား။ ထိုတရားဖြင့်။ ဘုရားရင်နှစ်။ သားတော်စစ်လျှင်။ ရှင်ချစ်ရိယာ။ ထေရ် သဿာတို့။ သွားရာ လမ်းဟောင်း။ တမှုဥ်းကြောင်းလျှင်။ နည်း ကောင်းယူကြ။ သမဏကား။ နှစ်ရာ့နှစ်ဆယ်၊ ခနစ်သွယ်လျှင်။ ပေါ ယယ်များစွာ။ ကျင့်သိက္ခာကို။ ဖြူစွာမညစ်။ လက်ယာ ရစ်လျှင်။ ပွတ်သစ်ဝင်းဝင်း။ ခရုသင်းနှင့်။ မယှဉ်း တူဘိ။ ဤသို့ရှိသည်။ ပါဠိ မောက္ခ။ သံဝရတည့်။ ။ထိုမှစေ့ငု။ မှတ်သားပြုလော့။ စက္ခု,သော တ။ ခြောက်ဒွါ၊ ရကို၊ ပုံးထပိုင်ပိုင်။ ကြံ့ကြံ့ခိုင်အောင်။ ပိတ်နှိုင်ကုန်ထ။ ဣန္ဒြိယ။ သံဝရတည့်။ ။ကာယဝစီ။ နှစ်လိသမိုက်။ ဒုစရိုက်ရ၊ သက်မွေးမှုဖြင့်။ မပြုကြဉ်မှ။ အာဇီဝသုဒ္ဓိ။ စင်ကြယ်ဘိ၍။ ကြေးညှိ မသန်း။ ဝတ်သက်နံ့နှင့်၊ ဆွမ်း ပန်း ကျောင်း ဆေး၊ ပစ္စည်းလေး ကို။ စစ်ဆေး ရောင့်ရဲ၊ မသိမ်းဆည်းသည်။ ပစ္စည်း စင်စွာ။ ပစ္စယာသန္နိ။ သုဒ္ဓိဖြူထွား။ ဝိနည်းများကို။ သင်ကြားသဿာ။ တတ် မြောက်ရာ၏။ ။တဖြာနိသျှည်း။ လူ့ဝိနည်းကား။ အကျဉ်းအားဖြင့်။ ဆယ်ပါးဒုစရိုက်။ ရှောင်ကြဉ်ထိုက်၏။ မှတ်ပိုက်သချာ။ ဆယ်ဖြာ

ဂုဏ်၊ ကိရိယာကို၊ နေ့ညမပြေ၊ အားထုတ် လေ့သည်၊ သိမ်မွေ့ သောဗွေ့။ တရားရလည်း၊ လူ့ဝိနည်းဟု၊ သိုတည်းပညတ်၊ မိန့်တော်မှတ်သည်။ ။ကျင့်မြတ်ဝိနည်း တတ်ကောင်းတည်း။

---

ငင်းလင်္ကာပိုဒ်တွင်ပါသော သိနတ္တအဓိပ္ပါယ်
များကိုဆော်ပြချက်။

သိက္ခာပုဒ်-၂၂၇-ပါးကား၊ ။ပါရာဇိကလေးပါး။ ။သံဃာဒိသိသ်တဆဲ့သုံးပါး။ ။အနိယတ,နှစ်ပါး။ ။နိဿဂ္ဂိသုံးဆယ်။ ။သုဒ္ဓပါစိတ်ကိုးဆဲ့နှစ်ပါး၊ ။ပါဋိဒေသနီလေးပါး၊ ။သေခိယဒုက္ကဋ်ခုနစ်ဆဲ့ငါးပါး၊ ။အဓိကရဏာခုနစ်ပါး။ ။ဟူ၍ ၂၂၇-ပါးတည်း။

ဓုါရခြောက်ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

ပစ္စည်းလေးပါးကား။ ။ ငင်း။

ဒုစရိုက်ဆယ်ပါးကား။ ။ ငင်း၊

ဂုဏ်ကိရိယာဆယ်ပါးကား။ ။ငင်း။

---

ပေါရာဏကဘာသနှင့်။ယခုဝေါဟာရစကားများကား။

ပေါယာယ်ကား၊ ။အထက်ကဆိုခဲ့ပြီ။

သေဗ္ဗူကား။ ။အဆီအနှစ်၊

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား၊

ဇာ န္တိယ၊သံဝရဘည့်,ကားခွဲထား၊ရေ့-ယငယ်၊နောက်-ရကြီး၊ ။သံဝရတည့်၊ကာယဝစီ,ကားခွဲသား၊ ရှေ့-ရကြီး၊နောက်-ယငယ်၊ ။မသိမ်းဆည်းတည့်၊ပစ္စည်းစင်ဗွာ,ကားခွဲသား၊ရှေ့-ဆလိမ်။ နောက်စဝှံးနှက်ဆင့်။

ဝိနယောစ သုသိက္ခိတော,ဟူသော မင်္ဂလာတပိုဒ်ပြီး၏။

## သုဘာသိတာစ ယာဝါစာ,ဟူသောမင်္ဂလာ၊

(၂၀) ဝစီပိညတ်။နှုတ်မြွက်တတ်မှု။မပြတ်ပြုလေ့။ရုဒုကာလ။ ဟိတသစ္စာ၊သုဘာသိတာ၊ငါးဝစကား၊အကြောင်းအားဖြင့်၊ အခွင့်သင့်စွာ၊ ပြောဆိုရာ၏၊ ကောင်းစွာဆိုမှု၊ အနက်ကာမနှင့်၊ ရာဂကင်း ဘို့၊ဖြစ်တုံမြို့ရှင်၊ လူတို့ခမ္မတာ၊ ဆိုမြဲမှာကား၊သုဘာသိတာ၊ပီယဝါ စာ၊သစ္စာဓမ္မ၊စကားအရာ၊အင်္ဂါလေးတန်၊ ဆိုရေးမှန်မှ၊ တတ်ပွန် ဉာဏ်ရှိ၊လူပညာ်ဟု၊ကဝိအများ၊ချီးမြှောက်စားလိမ့်၊လေးပါး အင်ညီ၊ ဝစီကန္ဒ၊ ရှောင်ကြဥ်မှုလည်း၊ သုဘာသိတာ၊ ကနည်း လာ၏၊ တဖြာဆိုရိုး၊ သူ့ကျိုး-ကိုယ်ကျိုး၊ နှစ်ပါးကျိုးရှု၊ တိုးပွါး မှုလည်း၊ သုဘာသိတ၊ထိုမှတပါး၊စကားခြောက်ခွန်း၊လူ့ဌထွန်းသည်၊ လေး ကိုကြဥ်၊နှစ်ခွန်းယှဥ်ဟု၊အစဥ်ဥဒါန်း၊ဆိုစဘဲသား၊နည်းအများ နှင့်၊စကားဆယ်မျိုး၊အစဥ်ကိုးသည်၊ဆိုရိုးတဝ၊ရချဥပစာ၊ဥပမာ ဥပမေ၊နှစ်ထွေယင်းမှ၊သဒ္ဒအဋ္ဌာ၊ ဥပမာကား၊ထိုနှစ်ပါးမှ၊ အဋ္ဌု ပမာ၊ လေးဖြာမှတ်ယူ၊ သဒ္ဒူပမာ၊ ဆဲ့တဖြာတည့်၊ ဥပမာဓေါသ၊ ယင်းမှ အပြား၊ ခုနစ်ပါးတည်း၊ ဤနည်းပရိဟာ၊ ကျမ်းဂန် လာ သည့်၊ ၊သုဘာသိတ,မှတ်ကြောင်းတည်း၊

---

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊

စကားအရာအင်္ဂါ-၄-တန်ကား၊ ၊ကံကဏ္ဍာ ကိရိယာကာရက နှင့် ပြည့်စုံခြင်း၊ ချစ်နှစ်သက်ဘွယ် ရှိခြင်း၊ ဖြောင့်မှန်ခြင်း၊ တရားနှင့်ယှဉ်ခြင်း၊ ၊ဟူ၍လေးပါးတည်း၊

ဝစီကံ-၄-ပါးကား၊ ၊မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ ၊ဟူ၍လေးပါးတည်း၊

စကား-၆-ခွန်းကား၊ ၊မဟုတ်မမှန်၊ အကျိုးမရှိ၊သူတပါးတို့ မ နှစ်သက်သောစကား၊ ၊ဟုတ်မှန်၏၊အကျိုးမရှိ၊သူတပါး တို့မနှစ်သက်သောစကား၊ ၊ဟုတ်မှန်၏၊အကျိုးရှိ၏၊သူတ ပါးတို့ နှစ်သက်သောစကား၊ ၊မဟုတ်မမှန် အကျိုးမရှိ၊

သုတပါးတို့နှစ်သက်သောစကား။ ။ဟုတ်မှန်၍၊အကျိုးမရှိ၊ သုတပါးတို့ နှစ်သက်သောစကား။ ။ဟုတ်မှန်၍၊အကျိုးရှိ၍၊သုတပါးတို့ နှစ်သက်သောစကား။ ၄င်းစကားခြောက်ခွန်းအနက်၊တတိယစကားနှင့်၊ဆဋ္ဌစကား ၂ ခွန်းကိုသာ၊ဘုရားစသော သူတော်ကောင်းတို့ မိန့်ဆိုတော်မူကြသတည်း။

စကားကြီး-၁၀-မျိုးကား။ ။ရေကူးညာတင်၊ ကောက်ပင်ရိတ်ဖွဲ့၊ရေစီး ဘောင်ဆန်၊အိုးတန် ဆန်ခတ်၊ဆီပွတ် ကျည်ပွေ့၊ ဆင်ဇော့ ရန်ရှောင်၊တောင်သူ ယာခုတ်၊ကြက်ဆုတ်ခွပ်ပက်၊သွန်းလစ်ကရား၊စကားပိပြင်၊ခက်တင် မောင်းနင်း ဟူ၍ဆယ်ပါးတည်း၊

ဥပစာ-၁၀-ပါးကား။ ။ကာရဏူပစာ၊ဖလူပစာ၊သဒိသူပစာ၊ ဌာနူပစာ၊ဌာနျူပစာ၊ဂုဏူပစာ၊ ဧကဒေသူပစာ၊ သမီပူပစာ၊တဗ္ဗဟုလ္လူပစာ၊အဘေဒူပစာ၊ ။ဟူ၍ဆယ်ပါးတည်း။

ဥပမာ ၃-ပါးကား၊ ။သဒ္ဒူပမာ၊ အတ္ထူပမာ၊ ဝါကျတ္ထူပမာ ဟူ၍သုံးပါးတည်း။

ဥပမေယျ-၃-ပါးကား၊ ။၄င်းနည်း၊သဒ္ဒူပမေယျ၊အတ္ထူပမေယျ၊ ဝါကျတ္ထူပမေယျ၊ ။ဟူ၍သုံးပါးတည်း။

အတ္ထူပမာ-၄-ပါးကား။ ။သဒ္ဒူပေါပမာ၊ ပရိကပ္ပေါပမာ၊ သံသယောပမာ၊ပဋိဝတ္ထူပမာ၊ ။ဟူ၍လေးပါးတည်း၊

သဒ္ဒူပမာ-၁၁-ပါးကား၊ ။ဓမ္မောပမာ၊ ဓမ္မ[illegible]နောပမာ၊ အညမညောပမာ၊ဝိပရီတောပမာ၊အဗ္ဘူတောပမာ၊သိလေသောပမာ၊သန္တာနောပမာ၊နိန္ဒောပမာ၊ အသာဓါရဏောပမာ၊ ပဋိသေဓောပမာ၊အဗ္ဘုတောပမာ၊ ။ဟူ၍ဆယ်ပါးတည်း။

ဥပမာဒေါသ-၇-ပါးကား၊ ။လိင်္ဂလိင်္ဂူပမာဒေါသ၊ဝိဘတ္တိဝစနူပမာဒေါသ၊ဟီနူပမာဒေါသ၊အဓိကူပမာဒေါသ၊အယောဂျတ္ထူပမာဒေါသ၊အပေက္ခနူပမာဒေါသ၊ခဏ္ဍိတူပမာဒေါသ၊ ။ဟူ၍-၇ ပါးတည်း၊

၄၆း ပရိဟာရ–၇–ပါးကား ။အထက်ကဆိုခဲ့သော ဥပမာဒေါ
သ-၇-ပါးကို။ဒေါသမှလွတ်အောင်ဆိုခြင်းသည်၊ ပရိဟာ
ရ-၇-ပါးပင်တည်း။ နယကောဝိဒ ပညာရှိတို့ အရောသာ
တည်း။ ။အကျယ်မရေးလိုက်ပြီ။

အကျရာအပင့်အရစ်,ကာရန်ခွဲထားများကား။

အစဉ်ဥဒါန်း၊ ဆိုစတမ်းသား,ကားခွဲထား၊ရှေ့-ဒွေးနသတ်၊
နောက်-တဝမ်းပူမသတ်။

သုဘာသိတာစ ယာဝါစာ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

ဓတ်မင်္ဂလမုတ္တမံ,ဟူသောမင်္ဂလာ-၄-ပါးချုပ်။

(၂၁) ဘုရားမုခပါဌ်၊ပိဋကတ်ကို။ကျက်မှတ်သင်အံ၊သူ့နည်း
ခံ၍။နာကြံစိစွေး။သိမှုရေးကို။မေးမေးမြန်းမြန်း။ရဟန်း သုတ၊မှတ်
ကုန်ကြလော့။ ထိုမှတပြာ၊လူတို့မှာကား၊များပြားကျမ်းဂန်၊ဂန္ထန္တ
ရ၊ ။သက္ကဋ,မဂဓ။ရောမ,စသည်။ တည်တည်ဝေဘန်၊ ဘာသန္တ
ရ၊ ။ဌာနတိုင်းပြည်၊ဖွည့်လည်ရောက်ပေါက်၊ မှတ်လေသံသရွေ့။
ထုံးဓလေ့ကို၊ပုံစေ့မကျန်၊သိမှတ်ရန်ကား၊ဒေသန္တရ။ လူ့သုတ
တည့်။ ။ထိုမှတပြာ။သေနာသန။ကျောင်းကိစ္စနှင့်၊သမဏသာရုပ်။
အပ်ချုပ် သ... ...နှင့်ရေစွန်းနှင့်၊ ရဟန်းချင်းချင်း၊ အခင်းဆောင်
လတ်။ လူ့အတတ်ကား၊ နည်းအများတည့်။ စီးပွါးရှာမှု။ တတ်
ကောင်းရကို။ ငယ်နုစဉ်ခါ။ သင်ကြားရာ၏၊ ကောင်းစွာ သင်ခန်း၊
ရဟန်း ဝိနည်း။ လူ့ ဝိနည်းဟု။ ဖြင့်ပသည်း များစွာ။ သင်ကောင်းရာ
တည့်။ သုဘာသိတ။ စကားအရာ။ သုကထာကို။ ကောင်းစွာ ဖြော
ကြား။အကျိုးများ၏။လေးပါးမင်္ဂလာ။မှတ်ကုန်ရာသည်။ ။ချမ်းသာ
သုခ ပွါးကြောင်းတည်း။

ငှင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

မင်္ဂလာ-၄-ပါးကား။ ။များသောအကြားအမြင်ရှိခြင်းဗါဟုသစ္စ မင်္ဂလာ၊ ။အပြစ်မရှိသောအသက်မွေးမှုအတတ်ကိုတတ်ခြင်း သိပ္ပမင်္ဂလာ။ ။ဝိနည်းတရားတော်ကို ကောင်းစွာ သင်ခြင်းဝိနယောစသုသိက္ခိတောမင်္ဂလာ၊ ။စကားအရာ ကောင်းစွာဆိုခြင်းသုဘာသိတာမင်္ဂလာ၊ ။ဟူ၍-၄-ပါး တည်း၊

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ဓိစ္ဆေးကား။ ။အထက်ကဆိုခဲ့ပြီ၊
ဖြင်ပည်ကား။ ။ ငှင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ရောမ,စသည်၊ တည်တည်ဝေဘန်,ကား ခွဲထား။ ရေ့-သ,ည သတ်၊နောဟ်-တဝမ်းပူ,ညသတ်၊ ။သေနာသန။ကျောင်းကိစ္စနှင့်၊ သမဏသာရပ်,ကားခွဲထား၊ရှေ့-နငယ်။နောက် ဏကြီး။

တော်မင်္ဂလမုတ္တမံ,ဟူသောမင်္ဂလာ-၄-ပါးချုပ်တပိုဒ်ပြီး၏။

---

(၅) မာတာပိတု ဉပဋ္ဌာနံ,ဟူသောမင်္ဂလာ။

(၂၂) သက်ယွယ်ကြီးမား၊ လွန်ခေါင်းပါး၍။ မစားရတတ်၊ မှာလှတ်လျှင်၊ငတ်ပွတ်ကုန်ပြီး၊ ဆင်းရဲ ကြီးသည်၊အသီး ကျန်သ။ ဒုက္ခိတနှင့်၊ဆွေ့,အ,နားပင်း။အနာညှဉ်း၍၊လူချင်းမဒို။ကြိုးဖွဲ့ ကျိုး ကန်း၊နဂမကျန်းသူ၊ဟူဟူသမျှ၊ ဘေသဇ္ဇဖြင့်။ မ,စ,ကျွေးမွေး၊ သူ့ ရေးပြုပ။ ထိုကောင်းမှုဖြင့်၊ ရှေးရှု သင့်ရာ။ ဖြစ်တို့လာသည်၊ ဒေဝါ အသတ်၊ချင်္ကသားနတ်၊ ။မြဲမှတ်သေချာ။သားရာသည်။ အင်္ဂါ

သုံးပါး။ကြိမ်ကြိုက်ငြား၍။ရေးဖျားမဆွ။ ကာလလဖြင့်။ကိုးလလွန်မြောက်။ဆယ်လရော်အောင်။ ကြဉ့်းဆောင်သန္ဓေ။ မွေးမိမေကား။ အသေတတာန်။ကိုယ်လေးဝန်ဖြင့်။ပူပန်တိုင်တိ။သားသယ်မိလည်း။ သာဘိ ချစ်ပို။ငိုယိုတည်တည်။သားမြတ်ရည်ဖြင့်။သာကြည်တိုက်ကျွေး။ကျူူးသိဇ္ဇးလျှက်။သာလေးယုယ။ချော့မြူကြရှင့်၊ ။ဆူ ၂း ဇှ ရွှေရည်။ လဲ့လဲ့ ကြည်ကို။နေခြည် တံဘွပ်။ အရောင်လျှပ်မူ။ စောင့်ကြွဝ်သဖြင့်။ ကွယ်ကာလင့်၏၊ ။ဇှတင့်တံပို။ လုလင်ပျို ယွှယ်။ ပျော်ပါး ဘွယ်ဖြင့်၊ သူငယ် ဘာဝ။ လည်ပတ် ကလည်း။ ကြောင့်ကြမငြိမ်။သောက ကြိမ်၍။ ဖိုးရိမ်ပူဆာ။ ရေးခွင့် သာက။ ဘယ်ခါမဆို။ဖြိုဟ္ဘုဝိုရ်တရား။မိဘ ပွါး၏၊ ။ဘုရားရိယာ၊ ထေရ် သဃ်ာမြတ်။သုဋ္ဌိနတ်သို့။မိမြတ် ဘပွါး။လုပ်ကျွေးငြားမူ။များပြားနိ သင်၊အကျိုးထင်ဘိ။ ။သမုတိနတ်။ဥပပတ်နှင့်။ဝိသုဒ်နတ်မှာ။ပစ္စာ နတ်ယူ။မိဘမူကား။နည်းတူအမြတ်။အိမ်ဦးနတ်တည့်။ ။အတတ် ပညာ။တတ်ကောင်းရာကို။ဦးစွာ လက်မွန်၊ သင်တန်သမျှ။ ဩဝါဒ ဖြင့်။ဆုံးမခဲ့ဘူး။ထိုကျေးဇူးဖြင့်။လက်ဦးဆရာ။မည်ထိုက်စွာတည့်။ မာတာပိတာ။မိနှင့်ဘကား။သားများကော်ရော်။နှောင်ကျိုး မြော်၍။ ပူဇော်အထူး။ခံထိုက်ဦးဘိ။ဒက္ခိဏေယျ။မည့်ထိုက်ထှရှင့်။ ။မိဘ ကျင့်မြတ်။ငါးပါး၀တ်ကို။မချွတ်စေရ။စောင့်ရှောက်ကြသည်။ ။ မိဘကျေးဇူးများပြားတည်း။

---

ရှင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

သားရခြင်းအင်္ဂါ-၃-ပါးကား။ ။အမိဥတုလာ၍ ပြိုးစဖြစ်ခြင်း။ မိဘနှစ်ပါး ကာယသံသဂ္ဂပြုခြင်း။ သတ္တဝါတဦး ပဋိသန္ဓေ နေလတံ့ အခါနှင့်ကြုံခြင်း၊ ။ဟူ၍သုံးပါးတည်း။

ဗြဟ္မဝိဟာရတရား-၄-ပါးကား၊ ။မေတ္တာ။ ကရုဏာ။ မုဒိတာ။ ဥပေက္ခာ။ ။ဟူ၍လေးပါးတည်း၊

ဝိဘတ္တိ ဝတ်-၅-ပါး ကား။ ။မကောင်းရာကို မြစ် တားခြင်း။ ကောင်းရာကိုတိုက်တွန်းခြင်း။စာပေပညာသင်ကြားခြင်း။ သင့်ရာမယားကို ထိမ်းမြားခြင်း။ဥစ္စာစီးပွါး အရင်းအနှီး ပေးခြင်း။ ။ဟူ၍-၅-ပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါရစကားများကား၊

ရှုပ္ပာကား၊ ။အစပ်စပ်အဖာဖာ၊
မသွကား၊ ။ ငှင်း၊
တိုင်တိကား၊ ။ဆင်းရဲသည်။
တံဆင်ကား။ ။နေရောင်ခြည်တမျိုး။
တံပိုကား၊ ။လုလင်ပျို၊
ကော်ရော်ကား၊ ။အထက်ကဆိုခဲ့ပြီ၊

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား။

အဘိုးကျန်သ။ ဒုက္ခိတ,ကား ခွဲထား။ အထက်ကဆိုခဲ့ပြီ။ ။ ဘေးသင္ကဖြင့်။ မစ,ကျွေးမွေးကား,ခွဲသား။ရှေ့-ဇခွဲနှစ်လုံးဆင့်။နောက် စလုံး။ ။လဲ့လဲ့ကြည်ကို၊နေခြည်တံဆွစ်,ကား ခွဲသား။ရှေ့-ကကြီး ရရစ်၊နောက်-ခချွေးရရစ်၊ ။နေခြည်တံဖွင်။အရောင်လျှင်မှု,ကား ခွဲသား။ရှေ့-လဟထိုး။နောက်-လဟထိုးယခင့်——ဘယ်ခါမဆို။ ကြပ္ပဝိုမ်လေးပါး,ကားခွဲသား။ရှေ့-ဆလိမ်၊နောက်-စလုံး၊

---

(၂၃) မာတာစောည်။ကျေးဇူးကဲ့သည့်၊ ဘအဲမွေးဘ၊ အနန္တ ဟု၊များစွာ ချီးကျူး၊မထိနဲ့မြူးဘဲ၊ အသူး တုံ့ဆပ်၊ ကျွေးမွေးအပ် ရှင့်၊ကြေနုပ် ပိမ့်ငှါ၊နှစ်ဖြာ မိဘ။လုပ်ကျွေးကြမူ၊ ထိုသသူအား။ သူ တော်များတို့။မြောက်စားချီးပွမ်း။ခံမြဲတမ်းတည့်။ကြိုးပမ်းလုံ့လ၊ ပြုဒုရသား၊အကျိုးဆားမှု။နှစ်ပါး ချမ်းသာ၊ဘိုးပွါးရာတည့်။တဖြာ

ဘိမှု။ လျစ်လျူရှု၍။ မပြုရငြား။ ထိုသည့် သားမူ။နှစ်ပါး ချမ်းသာ။ ဆုတ်ယုတ်ရာမှ။ သေခါငရဲ။ ခံရမြဲတည့်။ ဘောက်လွဲ တွေဝေ။မရှိ သေ၍။မွေးမေ အာဏာ။ ဖဘိဆန်ပါမူ။ သတ္တဝါအရှင်။ မသေခင်က။ ငရဲကျ၍။မိဘတို့အား။သမီးသားတို့။ဦးဖျား ထိပ်ပြင်။ခေါင်းထက် တင်၍။ ငြိုငြင် ကင်းလစ်။ နှစ်ဆစ် တရား။ မြင့်ရှည် ကြွာအောင်။ ကောင်းစွာ ပြုငြား။ ထိုသို့ သားလည်း။နှစ်ပါး ကျေးဇူး။အထူး တုံ့ ဆပ်။ မကျေနပ်တည့်။ ဆိုအပ် တချက်။ ကျေးဇူးနက်ကို။ စကြဝ ဠာ။စည်းစိမ်ပေး၍။ကျွေးမွေး ပြုမူ။ထိုသ သူလည်း။ထို့ တူ ကျေး ဇူး။မကျေဘူးတည့်။နှစ်ဦးမိဘ။ဒုကမ္မဖြင့်။ မိစ္ဆာ့ အယူ။အမူ ဘောင် ပြန်။မဖြောင့်မှန်သား။ထိုတရားကို။မမှားစေသင့်။ဖြောင့်မှန် ခွင့်ကို။ ရလင့် စေမှ။မွေးမိဘတို့။ များစွာ့ ကျေးဇူး။ ကြည်ကြည် နူးသျက်။ အထူး တုံ့ ဆပ်။ပြုကုန်အပ်မှ၊ ကြေနပ် သည်သာ။ သိကုန် ပါလော့။ သေချာမြဲမှတ်။သားတို့ဝတ်ကို။မချွတ်စေရာ။ကျမ်းဂန်လာသည်။ ။ ငါးဖြာကျင့်ဝတ် တရားတည်း။

---

ဤ။လက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

ချမ်းသာ-၂-ပါးကား။ ။လောကီချမ်းသာ။လောကုတ္တရာ ချမ်း သာ—၂—ပါးပင်တည်း။

သားသမီးတို့ဝတ်—၅-ပါးကား။ ။မိဘကို လုပ်ကျွေး ပြုစုခြင်း။ မိဘတို့ အမှုကိစ္စ ကြီးငယ်ကို ဆောင်ရွက်ခြင်း။ အမျိုးအ နွယ်မပျက်စေခင့်ရှောက်ခြင်း။မိဘအမွေကို ခံထိုက်အောင် ပြုခြင်း။ မိဘတို့ကို ရည်စူး၍ ကောင်းမှုပြုခြင်း။ ။ဟူ၍ ၅—ပါးတည်း။

ပေါရာဏကထာနှင့်၊ယခုဝေါဟာရစကားများကား၊

စောညကား၊ ၊မိန်းမမြတ်၊

ဘဆဲကား၊ ၊အဘ၊

မာတာပိတုဥပဋ္ဌာနံ,ဟူသောမင်္ဂလာ-၂-ပိုဒ်ပြီး၏၊

---

ပုတ္တဒါရသင်္ဂဟော,ဟူသောမင်္ဂလာ၊

(၂၄) မိခင်နှမ၊ခင်ပွန်းမှုချင်၊ကျွန်မ,လည်းမည်၊ရှုပ်ရည်တင့်တယ်၊ချစ်စဘွယ်ဖြင့်၊လင်ဝယ်သည်းခံ၊ ကောင်းစံအင်္ဂါ၊ ခုနစ်ဖြာတည့်၊ဥဋ္ဌာရဂုံ အလုံးပုံကို၊ဥသံု ထွဲရ၊ယုံကြည် ကြလျက်၊ တမူပိတ်သား၊မကွဲပြားသည့်၊စီးပွါး ဆက်နွှယ်၊လင်ဝယ် အားထား၊မဘောက်ပြားတည့်၊ စီးပွါး ကုသိုလ်၊ပိတ်လို တမွှာ၊သံသရာက၊ပုညာရေစက်၊ဆုပန်နက်၍၊ဖြစ်ပျက်တူသား၊အိမ်သူများကို၊လေးပါးသင်္ဂဟ၊ချီးမြှောက်ကြလော့၊ထိုမှ တဝ၊မိဘတို့ထက်၊အသိနက်ကို၊ခဲခက်တတ်ပွန်၊လိမ္မာလွန်ဘိ၊အတိဇာတ၊မိဘတို့နှင့်၊အခွင့်တူမှု၊ အနုဇာတ၊မိဘတို့အောက်၊တရားဘောက်၍၊ နောက်ကျယုတ်ပွ၊အဝဇာတ၊ပြားထသည်းဖျား၊ယင်း သုံးပါးတွင်၊ထက်သား နှစ်ရပ်၊ချီးမွမ်းအပ်ရှင့်၊အောက်ထပ်သားကို၊ မျှား‌လှ ဗိုလ်တို့၊အလိုမဂ္ဂ၊ဤသို့သိလျက်၊အထက်သားထူး၊ထို နှစ်ဦးချင်၊မိုးကောင်းကင်ယ်၊တိမ်ခိုစင်ငွေလ၊စန္ဒရသည်၊ဘွန်းပရောင်မြတ်၊တင့်တယ်လတ်သို့၊ ပရိသတ်သယ်၊မြတ်နိုးဘွယ်တည့်၊ထိုဝယ်တတွေ၊အနေ့ဝါသိက၊စသည့်လေးပါး၊သားအပြားပင်၊မှတ်စေချင်သည်၊ ၊ဤတွင်သားဖွာ သည်းချာတည်း၊

---

## ဇင်းလက်ာပိုဒ်တွင်ပါသော လိနတ္တအမိပ္ပါယ် များကိုဘော်ပြချက်။

သင်္ဂဟတရား-၄-ပါးကား။ ။ဒါန။ပီယဝါစာ။သမာနတ္တ။အတ္ထ စရိယာ။ ။ဟူ၍လေးပါးတည်း။

သားအပြား-၃-ပါးကား။ ။အတိဇာတ။အနုဇာတ။အဝဇာတ။ ။ ဟူ၍သုံးပါးတည်း။

တနည်းသား—၄-ပါးကား။ ။အန္တေဝါသိက။ ပရဒိန္န။ ခေတ္တဇ။ ကိတ္တိမ။ ။ဟူ၍လေးပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ခင်ပွန်းကား။ ။လင်သည်းဟူ၏။မယားလည်းဟူ၏။
ဥဿုံကား။ ။အထက်ကဆိုခဲ့ပြီ။
အိမ်သူကား။ ။မယား။
တတ်ပွန်ကား။ ။အထက်ကဆိုခဲ့ပြီ။
သည်းဖျားကား။ ။သား၊သမီး။
သည်းချာကား။ ။ဇင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

အဝဇာတ။ဖြားထ သည်းဖျား,ကား ခွဲထား။ ရေ့-တဝမ်း။ နောက်-ထဆင့်ထူး။

ပုတ္တဒါရဿသင်္ဂဟော,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

အနာကုလာစကမ္မန္တာ,ဟူသောမင်္ဂလာ။

(၂၅) လယ်လုပ်ကုန်သွယ်။ရောင်းဝယ် သွားလာ။ အဖြာဖြာ နှင့်။ပညာသင်ကြား။မြတ်တရားလျှင်။ မှတ်သားမချို့။ကျင့်ကုန်ရှို အံ့။ဤသို့စသည်။ အမှုမည်၏။ တည်တည် သမယ။ ချိန်ကာလကို။

ကုန်ကြစေရန်။ ပျင်းရိတန်၍။ချိန်မှန် လွန်ခြင်း၊အကျိုး ကင်းလျက်။ ချွတ်ယွင်းပျက်ကွက်။အနှောင့်ရှက်တည့်၊နှစ်ချက်တရား၊ထို နှစ်ပါးတွင်။ ချိန်များ သမယ၊နေ့နှင့် ညဟု၊ကာလ သိတတ်။အချိန် မှတ်၍။ ထျောက်ပတ် ပြုခြင်း၊မကွ ကင်း၍။မပျင်းရိမှု၊ ကြီးလို့လနှင့်။ ပြုကြ ရာနိုင်လျက်၊ဥစ္စာနက်ကို၊မပျက်စီးခြင်း၊ဤယင်း ငါးပါး၊မြဲမှတ်သား လော့၊တရား မဒ္ဒိန်။ အချိန်သမယ၊ မကုန်ရမှု။ လို့လ ပြုကာ။ ရေးရှု ဥစ္စာ၊ ရတနာနှင့်၊ ပညာ တရား။တိုးတက်ပွါး၏။ ၊တပါးထိုမှ။ လောကဓမ္မတာ။ရတနာစွင့်ငွေ၊ထွေထွေဆုမ္ဘာ။ချမ်းသာ သုခ။ ရလို ကြမှု၊လို့လံပညာ၊ကြောင်းရင်းသာဟု၊ကျမ်းလာစကား၊အဖွင့်ကြားသည်။ ၊သုံးပါးမကင်း တရားတည်း။

အကျွရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

အချိန်သမယ၊မကုန်ရမှု,ကားခွဲသား၊ရေ့ -ယငယ်၊နေ့ -ရကြီး။

အနာကုလာစကမ္မန္တာ,ဟူသောမင်္ဂလာတပုဒ်ပြီး၏။

ဇတ်မင်္ဂသမုဒ္ဒဒ္ဒမ်,ဟူသောမင်္ဂလာ-၃-ပါးချုပ်။

(၂၆) ကြံတတ်ပညာ၊ လူလိမ္မာကား။ နှစ်ဖြာ အမြွတ်။ အိမ်ဦးနတ်ကို။ရိညွတ် ခ,ယ၊လုပ်ကျွေး ရတည့်၊ ထိုမှတုံလည်း၊ ဆွေမယ် နည်းမှု။သား သည်းအရှကို။ ပေးမှု ဥစ္စာ၊ချိုသာ နာလှုပ်။ ချစ်ဘွယ် တည်တည့်၊ကရထည့်မှု။ ကိုယ်တူ ပြုလျက်။မြော်ရှု စီးပွါး။ ခိုင်မြဲ များအောင်။ လေးပါး သင်္ဂဟ။ညီညွတ်ကြ၍။မစ,သဖြင့်၊ထောက် ပင့်ကျွေးမွေး။ကြည်ဆေးသင္ဂါ၊ပြုရာ၏။အနာကုလ။ကမ္မထိုထို။ပြုလို က်စ္စ။ဆောင်ရွက်ကလည်း လို့လ မပျက်။နှောင့်ရှက် ကင်းလတ်၊ ကျင့်ဆောင်တတ်သည်၊ အမြွတ် သုံးပါး၊တရား မင်္ဂလာ၊မှတ်သား ရာသည်၊ ၊ချမ်းသာသုံးတန် ပွါးများတည်း။

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လီနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

အမြွတ်-၂-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
သင်္ဂဟတရားလေးပါးကား။ ။၎င်း။
ချမ်းသား-၃-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

### ပေါရာဏကထာနှင့်။ယခုဝေါရစကားများကား။

ကြံတတ်ကား။ ။အထက်ကဆိုခဲ့ပြီ။
ဆွေမယ်နည်းကား။ ။ချစ်သောမယား။
သည်းအူကား။ ။သား၊သမီး။
ပျူပျူငှါငှါကား။ ။ယဉ်ကျေးဘွယ်ရာ။
တရထည်ကား။ ။တူသောသဘောရှိသည်။
ခိုင်ဖြိုးကား။ ။ဥစ္စာပေါများသည်။

---

### အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား။

ရိုညွှတ်ခ,ယ။ လုပ်ကျွေးရတည့်,ကား ခွဲထား။ ရှေ့-ယငယ်။ နောက်-ရကြီး။ ။ချစ်ဘွယ်တည်တည်။တရထည်မှု,ကားခွဲသား။ ရှေ့-တဝမ်းပူ။နောက်-ထဆင့်ထူး။

ဧတံမင်္ဂလမုတ္တမံ,ဟူသောမင်္ဂလာ-၃-ပါးချုပ်တပိုဒ်ပြီး၏။

---

### (၅) ဒါနဉ္စ,ဟူသောမင်္ဂလာ။

(၂၇) စတုဒ္ဒိသာ။လေးမျက်နှာမှ။လာလာသသူ။ခပင်းလူတို့။ မပူဘေးဘျမ်း။ ရွှင်သောဝမ်းနှင့်။ချမ်းချမ်းသာသာ။နားနေရာဖြင့်။ မဟာ သာလာယ။အာဝါသဟု။ သာစွ တန်ဆောင်း။မှိုခို အောင်း သည်။ဂူကျောင်းစရပ်။မဏ္ဍပ်တံတား။ရေသွား ရေဆင်း။ရေတွင်း

ရေကန်၊တင့်တယ်ဟန်နှင့်၊ပန်းမန် ဥယျာဉ်၊အမြဲ ဃှဉ်လျက်၊စီစဉ် သစ်သစ်၊ဝေယျာဝစ်လည်း၊မလစ်စေလတ်၊စိတ္တုပ္ပါဒ်ဖြင့်၊ကြီးမြတ် တန်ခိုး၊ဈာန်ဒ္ဓိ မျိုးကို၊ပိုင်စိုး အဇ္ဈော၊ ဝတ်နိသာဝယ်၊ မဟာ ဒေဝီ၊ မဟာသီလျှင်၊ရွှေညီ ဝန်းပတ်၊အနတ်နတ်ဘို၊ စံလတ် ဓလေ့၊ပြကာ ဆော့ဖြင့်၊ပျော်မွေ့ကြိုက်ကြို၊ဆူမ္မာချံလျှင်၊ဖုံဖုံပွါးလူး၊ကစား မြူး လျက်၊ကြည်နူးထွန်းပ၊ ဥပ္ပသပဏ္ဏ၊မည်ရပညတ်၊အသင် နတ်၊ ၊ မြဲဗှတ်ဘခန်း၊ဝတ်သကိန်းနှင့်၊ဆွမ်းပန်းကျောင်းဆေး၊ပစ္စည်းလေး ကို၊လှူရေးဘဝ၊ချပသဒ္ဒ၊စသည့်အပြား၊ခြောက်ပါး အလှူ၊တနည်း မှုကား၊မှတ်သူ ကျမ်းလာ၊ဩဇာ ပါန၊နံ့သာ စသား၊ ဒသ ဝတ္ထု၊ အလှူရှုနှင့်၊ သပ္ပုရိသ၊လှူဒါနလည်း၊ပဥ္စသမုတ်၊အယုတ်,အလတ်၊ အမြတ်သုံးပါး၊လှူနည်းများမှ၊ဒါနပရမတ်၊မြောက်တုံလတ်အောင်၊ လှူဒါန်း ဆောင်လေ၊သို့နှောင် တာ၊လှူဒါနကား၊ သုံးပါး စေနာ၊ သုံးဖြာကမ္မ၊ပြဋ္ဌာန်း ကြလျက်၊အန္န ပါန၊စသည် ဝတ္ထု၊ တောင့်တ ဆုဖြင့်၊လှူမှု စိတ်ကြီး၊ပြုပြီးမံ၍၊လှူခံ အပြား၊ဆဲ့လေးပါးတည့်၊ မှတ် သားတဖြာ၊လှူအင်္ဂါလည်း၊စေနာ ဝတ္ထု၊ကောင်းစွာ ပြုလျက်၊လှူမှု စေ့ဆော်၊ လှူသော် စေနာ၊ဒါန သာတည်း၊တဖြာ အမြွက်၊ဆင့်၍ တက်ဖုံ၊အရက်,ပွဲသမ်း၊မိန်းမသွမ်းနှင့်၊နွားကြမ်း ဥဿဘ၊သရာ ဂဟု၊ကာမကိလိဋ္ဌ၊တဖြာစိတ်ကို၊ဆို့ပိတ်မဘည်း၊ဝတ်မဆည်း သည်၊ ကိုယ်ချည်း ရေးသား၊ မိန်းမ,ကားဟု၊ ငါးပါး ဒါန၊ မလှူရ တည့်၊ထိုမှအပြား၊လှူအယ်ပါးလည်း၊နည်းများမဟူ၊မပေးလှူအပ်၊ သို့ပညတ်သည်၊ ၊စေ့စပ်ကျမ်းလာ စကားအညွှန်း—

---

ရင်းလက်ဘုိဒ်တွင်ပါသော သိနဇ္ဇအဓိပ္ပါယ်
များကိုဘော်ပြချက်။

အလှူ–၄–ပါးကား၊ ၊ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ဟူ၍ လေးပါးတည်း။

အသွေ-၆-ပါးကား။ ။ရူပဒါန။သဒ္ဒဒါန။ဂန္ဓဒါန။ရသဒါန။ဖောဋ္ဌဗ္ဗ ဒါန။ဓမ္မဒါန။ ။ဟူ၍-၆-ပါးတည်း။

တနည်းအလှူ-၁၀-ပါးကား။ ။ဘောဇဉ်။အဖျော်။အဝတ်။ယာဉ်။ ပန်း။နံ့သာ။ နံ့သာပျောင်း။ အိပ်ရာ။ နေရာ။ဆီမီး။ ။ဟူ၍ ၁၀-ပါးတည်း။

တနည်းသပ္ပုရိသအလှူ-၅-ပါးကား။ ။သဒ္ဓဒါန။သက္ကစ္စဒါန။ကာ လဒါန။ အနုဂ္ဂဟိတ ဒါန။ အနုပဃာတ ဒါန။ ။ဟူ၍ ၅-ပါး တည်း။

တနည်းအလှူ-၃ ပါးကား။ ။ဟီနဒါန။ မဇ္ဈိမဒါန။ ပဏီတဒါန။ ဟူ၍-၃-ပါးတည်း။

စေတနာ-၃-ပါးကား။ ။ပုဗ္ဗစေတနာ။မုဉ္စစေတနာ။ပရစေတနာ။ ဟူ၍ ၃ ပါးတည်း။

ကံ-၃-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

အလှူဝတ္ထု-၁၀-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

အလှူခံပုဂ္ဂိုလ်-၁၄-ပါးကား။ ။သုဂတ်။ဒုဂ္ဂတိ။တိရစ္ဆာန်။ပုထုဇန်။ အရိယာသံဃာ-၈-ပါး။ဘုရား။ပစ္စေကဗုဒ္ဓါ။ ။ဟူ၍-၁၄ ပါးတည်း။

မလှူအပ်သောဝတ္ထု-၅-ပါးကား။ ။သေအရက်။ပွဲလမ်းသဘင်။ မိန်းမ။နွားလားဥသဘ။အဝတ်မဆည်းသောမိန်းမကား။ ။ ဟူ၍-၅-ပါးတည်း။

တနည်းမလှူအပ်သောဝတ္ထု-၁၀ ပါးကား။ ။သဘင်ပွဲလမ်းအလှူ။ သေအရက်။ မိန်းမ။ နွားလားဥသဘ။ ပန်းချီဆေးရေး အ ဝတ်မပါသောမိန်းမ,ကား။လက်နက်။သံခြေကျင်း။ ကြက်၊ ဝက်စသည်။ ချိန်စဉ်းလဲ။ တောင်းစဉ်းလဲ ဟူ၍-၁၀-ပါး တည်း။

ပေါရာဏကထာနှင့်၊ယခုဝေါရစကားများကား၊

ခပင်းကား။ ။အထက်ကဆိုခဲ့ပြီ၊

မိန်းမသွမ်းကား။ ။မိန်းမရိုက်၊ရိုက်သောမိန်းမ၊

(၂၈) ဒါန်ပြုလတ်၊လှူမတတ်၍၊သူနတ်စည်းစိမ်၊ ချမ်းရိပ်ငြိမ်ကို၊ကြံမ်ကြံမ် ခံစား၊ကျိုးမများမှု၊တောင့်တ ရှုလျက်၊ဝဏ္ဏ၊ ဥစ္စာ၊ သူ့ကုန်ပါလည်း၊သံသာဝဋ်မှ၊မလွတ်ကြ၍၊ဒုက္ခတည်တည်၊ဝဲနှယ် လည်လျက်၊ကျင်လည်ကြဘိ၊သုဂတိတည့်၊ ။တတ်သိလိမ္မာ၊သူ တော်စွာတို့၊ သွားရာ ထမ်းကောင်း၊ တမျဉ်းကြောင်းဖြင့်၊ ထုံး ဟောင်းစိမ်၊သူ့နည်း ခံ၍၊ကျင့်ကြံ ကြမှု၊ဒါန ဝိဝဋ်၊သံသာ ဝဋ်မှ၊ အထွဋ်နိဗ္ဗာန်၊အတု၊ဘန်၍၊ဆုပန်တောင့်တ၊လှူ၊အင်လှရှင်၊လက္ခဏာ ရသ၊တကွသိမှု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့်၊လေးတန်ပိုင်းခြား၊ပစ္စည်း များကို၊လှူသားခြင်းရာ၊လက္ခဏာဘည့်၊ဆယ်ဖြာသရိုက်၊ပစ္စည်း နှဝယ်၊ငြိတွယ်ကင်းပ၊ အလောဘသည်၊ ကိစ္စမည်၍၊ ဤသည် ပစ္စည်း၊မထိမ်း ဆည်းသည်၊ စင်နည်း စင်ကြယ်၊ မငြိတွယ်ခြင်း၊ ဥာဏ်နှိုက်ကင်းမှု၊ခြင်းရာ ရကား၊ပစ္စုပဋ္ဌာန်၊လှူရန် မချို့၊ပစ္စည်း တို့သာ၊ နီး ရွာ အကြောင်း၊မှတ်တို့ ရှောင်းသည်၊ ။မြတ်လောင်း သူတော် စီးပွါးတည်း၊

ရင်းလက်ဘိုဒ်တွင်ပါသော လိန္ဒတ်နှင့်ဝါသ် များကိုဘော်ပြချက်၊

ခသ္ဒပဋ္ဌ၊-၁၀-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ၊

ခါနည်း ၄-ပါးကား၊ ။လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်၊ ၊ ဟူ၍လေးပါးတည်း၊

## အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

သုဂတိတည့်။တတ်သိလိမ္မာ,ကားခွဲထား။ရှေ့-တဝမ်းပူ၊ နောံ
သအက္ခရာ၊ ။အထွန်ုနိဗ္ဗာန်။အဖျှုဘန်၍,ကားခွဲထား။ရှေ့-ဗထက်
မြိုက်။နောက်-ဘကုန်း။ ။အဖျှုဘန်၍။ဆုပန်တောင့်တ,ကား ခွဲ
ထား။ရှေ့-ဘကုန်း။ နောက်-ပစောက်။ ။ပဒဌာန်ဖြင့်၊ လေးတန်
ပိုင်းခြား,ကားခွဲသား။ရှေ့-မွဝမ်းဘဲ။နောက်-တဝမ်းပူ၊ ။ငြိတွယ်
ကင်းပ။အလောဘသည့်,ကားခွဲထား။ရှေ့-ပစော်၊နောံ-ဘကုန်း၊ ။
ဤသည့်ပစ္စည်း။ မသိမ်းဆည်းသည့်,ကား ခွဲထား။ ရှေ့-စလုံးနှစ်
ဆင့်။နောက်-ဆလိမ်။

## ဒါနဥ္စ,ဟူသောမင်္ဂလာ-၂ ပိုဒ်ပြီး၏။

---

## ဓမ္မစရိယာ,ဟူသောမင်္ဂလာ။

(၂၉) ဓမ္မစရိယာ။မှတ်သား ရာကား။ ပါဏာတိပါတ၊ အာဒိ
စသည်။ဝေရတရား။ရှောင်ကြဉ်ငြားလျက်၊ဆယ်ပါးသံချ၊ အင်္ဂါ
ပယောဂ။ ဒုကမ္မကို၊ ရှောင်ထ မကြိုက်။သုစရိုက်လျှင်။ နှစ်ခြိုက်
တတ်စွာ။စေတနာတည့်။ ။ဓမ္မာစရိယ၊တနည်း ဖြာခွံ။ ရှုပ,သဒ္ဒါ။
အစလာသည်။ငါးဖြာအာရုံ၊အဇ္ဈိဗ္ဗိကို။ခုံခုံမင်မင်၊တဏှာ ငင်၍။
တွင်တွင်နှစ်သက်။ပေါ့ပျက် ယုတ်၎။ ကာမ သုခသ်၊ နှယောဂန်နှင့်။
တတန်ခွဲ ... ရေကူး။လက်ဖြွာ ထူးသား။ငါးဦး တပ။ ကြွစ်
တည်းဝ္ဂလျှင်၊ အတ္တ ကိလမထာ။ နုယောဂါဟု၊ နှစ်ဖြာ သမုတ်။
အယုတ် တရား။နှစ်ပါး မအင်၊ ကင်းဝေး လင်သျှက်။မစပ် ကုန်သ၊
မဇ္ဈိမပဋိပတ်။ကောင်းမြတ်အကျင့်။အဆင့်ဆင့်လျှင်၊ဟောခွင့် ဒေ
သနာ။ လေးဖြာ သမိုက်၊မဂ်ဗိတ်နှိုက်သာ။ယှဉ်ထိုက် ရာသည်။ရှစ်
ဖြာမဂ္ဂင်၊ ဤလျှင် ပွါးထ။ မှတ်ကုန်ကြသည်၊ ။ဓမ္မစရိယ တရား
တည်း။

## ငါးလင်္ကာပိုဒ်တွင်ပါသော လိင်္ကဗ္ဗအဓိပ္ပါယ် များကိုဖော်ပြချက်၊

ပါဏာတိပါတအင်္ဂါ-၅-ပါးကား။ ။သတ္တဝါလည်းဖြစ်စေ၊သတ္တဝါဟုအမှတ်ရှိစေ၊ သေစေလိုသော စိတ်ရှိစေ၊ သေအောင်လုံ့လပြုစေ၊သေလည်းသေစေ၊ ။ဟူ၍-၅-ပါးတည်း။

ငါးပယောဂ-၆-ပါးကား။ ။ကိုယ်တိုင် သတ်ခြင်း၊သူတပါးကိုစေခိုင်း၍သတ်ခြင်း၊လုံ့လဖြင့် သတ်ခြင်း၊ တွင်း ကျင်း စသည်တူး၍သတ်ခြင်း၊ဆေးဝါးမန္တရားဖြင့်သတ်ခြင်း၊တန်ခိုးဖြင့်သတ်ခြင်း။ ။ဟူ၍ ၆ ပါးတည်း။

အဒိန္နာဒါနအင်္ဂါ-၅-ပါးကား။ ။သူတပါးတို့ သိမ်းဆည်းသောဥစ္စာ၊ငါး ဥစ္စာဟုအမှတ်ရှိခြင်း၊ခိုးလိုသောစိတ်ရှိခြင်း၊လုံ့လပြုခြင်း၊ထိုလုံ့လဖြင့်ခိုးယူခြင်း၊ ။ဟူ၍ ၅ ပါးတည်း။

ငါးပယောဂ-၂၅-ပါးကား၊ ။ခိုးခြင်း ၂၅ ပါးနှင့် စပ်သောလုံ့လပင်တည်း။

ကာမေသုမိစ္ဆာစာရအင်္ဂါ-၄-ပါးကား၊ ။မသွားလာအပ်သောဝတ္ထု၊မှီဝဲလိုသောစိတ်၊မှီဝဲခြင်းလုံ့လ၊မဂ်နှင့်မဂ်ထိခြင်း၊ ။ဟူ၍လေးပါးတည်း၊

ငါးပယောဂတပါးကား၊ ။သာဟတ္ထိကတပါးသာတည်း။

မုသာဝါဒအင်္ဂါ-၄-ပါးကား၊ ။မဟုတ်မမှန်သော ဝတ္ထု၊ လှည့်စားလိုသောစိတ်၊၎င်းလုံ့လပြုခြင်း၊ မမှန်သော အနက်ကိုသိစေခြင်း။ ။ဟူ၍လေးပါးတည်း။

ငါးပယောဂ-၄-ပါးကား၊ ။ကိုယ်တိုင်လှည့်စားခြင်း၊သူတပါးကိုစေခိုင်းခြင်း၊တရံတခုသောပယောဂဖြင့်လှည့်စားခြင်း၊ထာဝရအမြဲလှည့်စားခြင်း၊ ။ဟူ၍လေးပါးတည်း၊

ပိသုဏာဝါစာ အင်္ဂါ ၄-ပါးကား၊ ။ကုန်း တိုက်အပ်သော သူ၂-ယောက်ရှိစေ၊ထိုနှစ်ယောက်ကိုကွဲပြားစေလို၊မိမိအားချစ်စေလိုသော စိတ်ရှိသည်ဖြစ်စေ၊ ကိုယ်နှုတ်ဖြင့် အား

ထုတ်သည်ဖြစ်စေ။သူတပါး နားလည်စေသည်ဖြစ်စေ။ ။
ဟူ၍လေးပါးတည်း။
ဖရုသဝါစာအင်္ဂါ-၃-ပါးကား။ ။ဆဲရေးအပ်သောသူလည်းရှိစေ။
ဒေါသစိတ်လည်းရှိစေ။ဆဲလည်းဆဲရေးစေ။ ။ဟူ၍သုံးပါး
တည်း။
သမ္ဖပ္ပလာပအင်္ဂါ-၂-ပါးကား။ ။အနက်မရှိသောစကားလည်း
ဖြစ်စေ။ပြောလည်းပြောစေ။ ။ဟူ၍နှစ်ပါးတည်း။
အဘိဇ္ဈာအင်္ဂါ-၂-ပါးကား။ ။သူတပါးဥစ္စာဖြစ်ခြင်း။မိမိသို့စိတ်
ဖြင့်ညွတ်စေခြင်း။ ။ဟူ၍ ၂ ပါးတည်း။
ဗျာပါဒအင်္ဂါ-၂-ပါးကား။ ။သတ္တဝါတပါးဖြစ်စေ။ တပါးသော
သတ္တဝါပျက်စီးခြင်းကိုကြံခြင်း။ ။ဟူ၍ ၂ ပါးတည်း။
မိစ္ဆာဒိဋ္ဌိအင်္ဂါ-၂-ပါးကား။ ။ဟုတ်မှန်သော ဝတ္ထု၏အယူကို
ဘောက်ပြန်ခြင်း။ဘောက်ပြန်သော အခြင်းအရာအားဖြင့်၊
ထိုအယူကိုယူခြင်း။ ။ဟူ၍ ၂ ပါးတည်း။
အယုတ်တရား-၂-ပါးကား။ ။ကာမသုခလ္လိကာနုယောဂ။အတ္တ
ကိလမထာနုယောဂ။ ။ဟူ၍ ၂ ပါးတည်း။
ပဥ္စာတပ-၅-ပါးကား။ ။နေပူသော လွင်တီးခေါင်တွင်။ မီး ၄ ပုံ
ဖို၍အပူခံခြင်း။ ။တနည်းမီးကင်။နေဟုမ်း။ရေစိမ်။ဆူးအိပ်။
လက်မြှောက်။ ။ဟူ၍ ၅ ပါးတည်း။
မဂ္ဂင်-၈-ပါးကား။ ။သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ။သမ္မာဝါစာ၊သမ္မာ
ကမ္မန္တ။သမ္မာအာဇီဝ။သမ္မာဝါယာမ။သမ္မာသတိ။သမ္မာသ
မာဓိ။ ။ဟူ၍ ၈ ပါးတည်း။

---

အကျွရာအပင့်အရစ်,ကာရန်ခွဲသားများကား။

ဓမ္မစရိယာ။ မှာ်သားချသည့်,ကား ခွဲထား၊ ရှေ့-ယငယ်၊
နောက်-ရကြီး။

ဓမ္မစရိယာ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

## ဥာတကာဒနဠ သင်္ဂဟော, ဟူသောမင်္ဂလာ။

(၃၀) ဆွေစဥ် မျိုးဆက်။ စဥ်မပျက်လျှင်၊ အောက် ထက် သတ္တ၊ အဘ တဝေး၊ဘိုး,ဘေး,ဘီ,ဘင်၊ ထို့ဖြင့် တလီ၊အဘီ, အဆော်။ရေသေ့ အထက်။ခုနစ်ဆက်တည့်၊အောက်သက် ဆိုရေး။ သား,မြေး,မြစ် မှတ်။ တီ,တွတ်,ကျွတ်,ဆတ်။ စဥ်လတ် မပျက်။ အမိဘက်လည်း၊ဤနည်း ဆက်ရ၊တနည်း ပြမူ၊ကိုယ်မှ ရေတွက်။ ခုနစ်ဆက်သာ၊ မျိုးရင်း ချာတည့်။ ဖြာဖြာ ဆင့်ပွါး။ဉာတိ များကို။ လေးပါးသင်္ဂဟ၊ချီးမြှင့်ကြလော့။ထိုမှတုံ့ပြီ။ဗောဓိအမုံ၊ပွင့်ဘူးဂု တ္တိ၊ကျင့်တုံ မူနည်း၊တမျဉ်းတည်းဖြင့်။ ထူးတည်း တံ့စား။ မမှား ကုန်ဝ္ဂ၊ဉာတတ္ထဟု၊စရိယ တရား၊မြတ် သုံးပါးကို၊ ကြံအား ဆည်း ဆည်း၊ကျင့်သည်ချည်းတိ၊ပစ္စည်းဟူသား၊ရန်သူအားဖြင့်၊ငါးပါး နိယံ၊ဆက်ဆံရကား၊ကံ ကတ္တားဖြင့်၊ပျက်ပြား ပြန်းတီး၊ အချည်း နှီးသာ၊အပြီးဖြစ်လတ်။သို့တည်း မှတ်၍။ ဉာတတ် သင်္ဂဟ၊ မ,စ, ကျေးမွေး၊သဗြိုဟ်ရေးဖြင့်၊ပေးကမ်းပြုရ၊ဤကောင်းမှုမြတ်။အကျင့် ပတ်သည်း၊လူနတ်နိဗ္ဗာန်၊ချောက်ကြောင်းဘန်သည်၊ ။သုံးတန် ချမ်းသာ တိုးပွါးတည်း။

ငင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊ - --•

ဆွေမျိုးအထက်–၇-ဆက်ကား။ ။ဘ။ဘိုး၊ဘေး၊ဘီ။ဘင်၊အဘီ။ အဘော်။၇-ဆက်တည်း။

ငင်းအောက်-၇-ဆက်ကား၊ ။သား၊မြေး၊မြစ်၊တီ၊တွတ်၊ ကျွတ်၊ ဆတ်။၇-ဆက်တည်း။

စရိယ-၃-ပါးကား။ ။လောကတ္ထစရိယ၊ ဉာကတ္ထစရိယ၊ ဗုဒ္ဓတ္ထ စရိယ၊ ။ဟူ၍သုံးပါးတည်း၊

ရန်သူမျိုး-၅-ပါးကား။ ။ရေ၊မီး၊မင်း၊ခိုးသူ၊မချစ်မနှစ်လိုသူ၊ ။
ဟူ၍ ၅ ပါးတည်း။
ချမ်းသာ-၃-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။ —

အရုံကား။ ။ပန်းဖူးငုံကဲ့သို့။ပွင့်လုခါနီး။
တပြေးကား။ ။အကြောင်းအရာတူသည်။
ထွေးထည်းကား၊ ။မယိမ်းမဖည်။တံ့တံ့ စားစား။
ရကား။ ။ပြည့်ပုံခြင်းအရာ။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

တမျဉ်းတည်းဖြင့်။ထူးတည်းတံ့စား,ကားခွဲထား၊ ရှေ့-တဝမ်းပူ။နောက်-ထဆင့်ထူး။ ။ကြီအားဆည်းဆည်း၊ကျင့်သည်ချည်းတိ။ပစ္စည်းဟူသား,ကားခွဲထား။ရှေ့-ဆလိမ်၊ နောဲ-စလုံးနှစ်ဆင့်။လူနတ်နိဗ္ဗာန်၊ရောက်ကြောင်းဘန်သည်,ကားခွဲထား။ ရှေ့-ဗထက်ခြိုက်နှစ်လုံးဆင့်။နောက်-ဘကုန်း၊

ဉာတကာနဉ္စသင်္ဂဟော,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

အနဝဇ္ဇာနိကမ္မာနိ,ဟူသောမင်္ဂလာ။

(၃၁) ပါဏာတိပါတ၊စသည့်အပြား။ရှစ်ပါးသီလ။ ဖြတ်ဇမ္ဗလျှင်။တလ အတွင်း။သတင်း,ပညပ်။ လေးရပ်,ရှစ်ရပ်၊စောင့်ကြပ်ကုန်ဘိ။ပကတိဟု။ဥပေါသထ၊မှတ်ကုန်ကြလော့။ထိုမှကြီးပို။စောင့်လိုတတ်ပြီ့။ပဋိဇာဂရ။ဆိုကုန်ကြ၏။နှစ်,လ,ပိုင်းပြီး၊စောင့်သုံးဘိမှု။ပါဋိဟာရိယ။သုံးပါး ပြရင့်၊ထိုမှ မရွေ့။သူတော်လေ့ဖြင့်။ တနေ့တရက်။တန်နက်လျှင်၊အသက် အယွယ်၊ ဂုဏ် ကြီးကျယ်လျက်၊ ဆန်းကြွယ် ပညာ၊ သူတော်စွာတို့။ ဝေယျာဝစ္စ။ ဟူသမျှကို၊ ပြုရ

ကျေးဇူး၊ အထူးကြီးမား၊ ခရီးသွားတို့၊ ချမ်းသာ ဘို့ငှါ၊ နှစ်လို့စွာ လျှင်၊ ကောင်းရာ မှတ်သား၊ အကျိုး များငှါ၊ ထံတား လမ်းလျှင်၊ မြေအပြင်ကို၊ သုမ်သင် သန့်ရှင်း၊ မြေတလင်းလည်း။ အခင်းသာ ယာ၊ရံအကာနှင့်၊ နေရာ ရိပ်စဉ်၊ သာမျိုး ဃှဉ်လျက်၊ ဥယျာဉ် ရေ ကန်၊ ကာင့်နိုး ဘန့်သည်၊ တန်တန် များစွ၊ အနဝဇ္ဇ၊ ပြစ်မရသည်။ ကမ္ဘ ခြင်းရာ၊ ကျမ်းလာဘွင့်ခဲ့၊ မိန့်ခွန်းချွသည်၊ ပြော်မဲ့ ကုသိုလ်တရား တည်း။

---

## ၎င်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

ရှစ်ပါးသိလကား၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာန၊ ဝိကာလဘောဇန၊ နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿန,မာလာဂန္ဓ,ဝိလေပန,ဓါရ ဏ,မဏ္ဍန,ဝိဘူသနဋ္ဌာန၊ ဥစ္စာသယန,မဟာသယန။ ဟူ၍ ၈-ပါးတည်း။

လေးသိဘင်း–ရှစ်သိတင်းကား၊ သိလွယ်ပြီ၊

ဥပုသ်သုံးပါးကား၊ ပကတိဥပုသ်၊ ပတိဇာဂရဥပုသ်။ ပါဋိဟာ ရိယဥပုသ်၊ ဟူ၍သုံးပါးတည်း။

---

### အကျွရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

ဂုဏ်ကြီးကျယ်သျက်၊ ဆန့်ကြယ်ပညာ,ကားခွဲထား၊ ရှေ့-က ကြီးယပင့်၊ နောက်-ကကြီးရရစ်။ အခင်းသာယာ၊ ရံအကာနှင့်။ နေရာရိပ်စဉ်,ကားခွဲထား၊ ရှေ့-ယငယ်၊ နောက်-ရကြီး။ သာမျိုး ယှဉ်လျက်၊ ဥယျာဉ်ရေကန်,ကားခွဲထား၊ ရှေ့-ယငယ်ဟထိုး ည သတ်၊ နောက်-ယငယ်ယပင့်ညသတ်။

အနဝဇ္ဇာနိကမ္မာနိ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

ဇေတဝံမင်္ဂလမုတ္တမ်ံ့ပဟူသောမင်္ဂလာဇလေးပါးချုပ်။

(၃၂) ဒါန ဟူသား။ အကြောင်း အားဖြင့်။သုံးပါး စေတနာ၊ ဝတ္ထုဖွာကား၊လေးပါး-ခြောက်ပါး၊ဆယ်ပါးသိမှု၊ပုဂ္ဂိုလ်ဗကား၊ ဆဲ့လေးပါးလျှင်။ လှူသားစေနာ။ ဒါနသာတည့်၊ ။တဖြာဓမ္မ၊စရိယဟာ၊ပုညအကျင့်။ဟောဘွင့်ကျမ်းလာ၊ဆယ်ဖြာ စရိယ၊တ်နည်းပြမှု။ဓမ္မလေးအင်။မဂ်စိတ်တွင်ဝယ်၊မဂ္ဂင်ရှစ်ပါး။တရား ဓမ္မ၊စရိယတည့်၊သတ္တစဉ်ဘက်၊ မပျက် အရိုးဆင့်ဆင့် တိုးသည်၊အမျိုးများကို၊လေးပါး သင်္ဂဟ။မပျက်ရအောင်၊ မ,စ,ချီးမြှင့်၊နိုင်းချိန် ချင့်၍၊ ထောက်ပင့် ကုန်ကြ၊အနဝဇ္ဇ။ပြစ် မရသား။ အမှုများကို။ ကြိုးစား စိမ်၊ ကျင့်ကြံ လေ့လာ၊ ပြုအစ်ရာသည်၊ ။နတ်ရွာနိဗ္ဗာန် စီးပွါး တည်း။

---

ဤင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊

စေတနာ-၃ ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။
အလှူဝတ္ထု-၁၀-ပါးကား၊ ။ငင်း။
ပုဂ္ဂိုလ်-၁၄-ပါးကား၊ ။ ငင်း။
သုစရိုက်-၁၀-ပါးကား။ ။ ငင်း။
မဂ်စိတ်-၄-ပါးကား။ ။ ငင်း။
မဂ္ဂင်-၈ ပါးကား။ ။ ငင်း၊
ဆွေမျိုးအထက်-၇-ဆက်ကား။ ။ငင်း။
ငင်းအောက်-၇-ဆက်ကား။ ။ငင်း၊

ဇေတဝံမင်္ဂလမုတ္တမံ့ပဟူသောမင်္ဂလာ-၄ ပါးချုပ်တပိုဒ်ပြီး၏။

---

## (၆) အာစရတိ,ဟူသောမင်္ဂလာ။

(၃၃) အတီးလွန်ခါ။သံသရာက။ ကာမာဝစရ ။ကုသလဟု။ ဉာဏသမ္ပယုဉ်။ကောင်းစွာယှဉ်၍။အစဉ် ပွါးလူး။ ကုသိုလ်ထူး‌ဖြင့်။ ကြီးမျှ ကြွနိုင်။ လေးရောင်ဆိုင်သည်။ မဏ္ဍိုင် ထိပ်ဆောင်း။ တသောင်း ယုဇနာ။ ကျယ်ပြန့်စွာလျက်။ မသဏ္ဌာရ။ ဝသောကနှင့်။ အမြဲတတီ။ပြည့်ပူဒိုလျှင်။ဌာနီသာစ္စ။နတ်ပေါင်း ခသည့်။ဒေဝ ဇာန္ဒာ။ သုရာနာထ။ဝဇိရဟတ်။ဘုတပတ်ဏ္ဍ။ချမှတ် တံဆိပ်။မိန့်တော် ရိပ်ကို။ဦးထိပ်ဆင်ကာ။ဈော်ကာအံ့လာသည်။ဒေဝါဥပပတ်။ချစ်သား နတ်။ ။မြဲမှတ်သေချာ။စေ့စေ့နာလော့။ ပါဏာတိပါတ။ စသည် အပြား။ ငါးပါး-ရှစ်ပါး။ဆယ်ပါး စသည်။ခံယူ မည်ဟု။ ဆောက် တည် မရှိ၊ ပကတိဖြင့်။ မိမိသဘာဝ။ နကမ္မလျှင်။ ပါပ ညစ်ကျူ။ မကောင်းမှုကို။ မပြု မကြိုက်။အမျိုး လိုက်လျှင်။ကောင်းမြိုက် သ ဘော။ယောနိသောဖြင့်။မနောကံသိ။အာစရတိသီလ။ ။တနည်း ပြ အံ့။ ဝိတိက္ကမ။မရဓိလျှင်။ကြိုတင်ရင်၍။ စိတ်တွင် ဆောက်တည်။ မနသိသဘော။ကုသိုလ်ဇောဖြင့်။မနောကံသိ။အာစရတိ သီလ။မှတ် ကုန်ကြသည်။ ။ဝေးမှရှောင်ကြဉ် ကျင့်သုံးတည်း။

---

ဂုင်းလက်ာပိုဒ်တွင်ပါသော လိနတ္တအဓိပ္ပါယ်
များကိုဘော်ပြချက်။

၅-ပါးသီလကား။ ။အထက်ကဆိုခဲ့ပြီ။
၈-ပါးသီလကား။ ။အထက်ကဆိုခဲ့ပြီ။
၁၀-ပါးသီလကား။ ။ပါဏာတိပါတ။အဒိန္နာဒါန။အဗြဟ္မစရိယ။ မုသာဝါဒ၊သုရာမေရယ၊ဝိကာလဘောဇန။ နစ္စ,ဂီတ,ဝါဒိတ, ဝိသုက, ဒဿန,မာလာဂန္ဓ, ဝိလေပန,ဓါရဏ,မဏ္ဍန, ဝိဘူသနဋ္ဌာန။ဥစ္စာသယန,မဟာသယန။ဇာတရူပ,ရဇတ ပဋိဂ္ဂဟာန။ ။ဟူ၍ဆယ်ပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

အတိုးကား။ ။လွန်လေပြီးသောအတိတ်ကာလ၊

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ဉာဏာသမ္ဘဇဥ္။ ကောင်းစွာယှဉ်၍၊အစဉ်ပွါးလူး,ကားခွဲထား။ ရှေ့-ဇာက္ခဲ့ညာသတ်။နောက်-စလုံးညသတ်။ ။မနောကံသိ၊ အာရတီ သိလ။ မှတ်ကုန်ကြသည့်,ကားခွဲထား။ ရှေ့-သအက္ခရာ။ နောက် တဝမ်းပူ။

အာရတီ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

ဝိရတိပါပါ,ဟူသောမင်္ဂလာ၊

(၃၄) စာရိတ္တသိ။ဝါရိတ် ညီလျှက်။ဝစီ ကာယ၊ နှစ်ဌာနဖြင့်၊ ဇီဝဟေတု၊မငဲ့ ရှုတည့်၊ကုသလဟု၊ ဉာဏာသမုတ်၊သမ္ပယုတ်ဖြင့်၊ ကိုယ်နှုတ် နှစ်ပါး၊ဆောက်တည် ငြားက။သုံးပါး ဝိရတိ၊ ပြည့်စုံပြီ တည့်။စေတ် တခန်း။အမြွတ် မှန်းသည့်၊ ရဟန်း ရှင်လူ။ သစ်ပင်မူ လည်း၊ခံယူအပ်စွ။ကျင့်သိသကား။ပဥ္စ အင်္ဂ၊ဒသ စသည်။ မျိုးမည် အင်္ဂါ။ဆောက်တည်ရာ၏။သမာဒါန်။သမ္ပတ္တနှင့်၊သမုစ္ဆေဒဝိရတိ။ ယင်းသုံးလီတွင်၊ရုံညီအင်္ဂါ။အစဉ်လာသည်၊သိက္ခာမျိုးမည်၊ကျင့် အံ့သည်လျှင်၊ဆောက်တည်ခံယူ။ဤမူခြင်းရာ။သမာဒါန်၊ ။ထို့ဖြင် မှလည်း၊သိလ မည်ရည်။ မဆောက်တည်ဘဲ၊ မျိုးမည် သမိုက်၊ ဇာတ်အလိုက်ဖြင့်။ရောက်ကြုံကဝတ္ထု။မကောင်းမှုကို၊ မပြုရှောင် ထ။သမ္ပတ္တတည့်။ ။အရိယမင်္ဂ။ပိတ္တကွဏာ။တချက်မျှဖြင့်။ယှဉ်ထ မယုတ်။သမုစ္ဆေဒ။ပျက်ရမရှိ၊ အဓိသိလာ၊ သိက္ခာတပါး။ မြဲမှတ် သားသည်။ ။တရားဝိရတ် မှတ်ထုံးတည်း။

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊

ကိုယ်နှုတ်-၂-ပါးကား၊ ၊ကာယကံ၊ဝစီကံ၊ ၊ဟူ၍နှစ်ပါးတည်း။
ဝိရတီ-၃-ပါးကား၊ ။သမ္မာဝါစာ၊သမ္မာကမ္မန္တ။သမ္မာအာဇီဝ၊
ဟူ၍သုံးပါးတည်း၊
ပစ္စုပ္ပန်ကား၊ ။အထက်ကဆိုခဲ့ပြီ၊
အနာဂတ်ကား၊ ။ ၎င်း၊
အတိတ်ကား၊ ။ ၎င်း၊
တနည်းဝိရတီ-၃-ပါးကား၊ ။သမ္မာဒါန၊သမ္ပတ္တ၊သမုစ္ဆေဒ၊ ။
ဟူ၍သုံးပါးတည်း၊

ဝိရတီပါပါ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

မဇ္ဇပါနာစသံယမော,ဟူသောမင်္ဂလာ။

(၃၅) ပိဋ္ဌ-ပူဝ၊ဩဒနနှင့်၊ကိဏ္ဏပက္ခိတ္တာ။သမ္ဘာရဟု၊ငါးဖြာ သုရ။ပုပ္ဖလာ၊မဓုဂုဠ၊သမ္ဘာရဟု၊ မေရယငါး၊ အပေါင်းအား ဖြင့်၊ဆယ်ပါးမဇ္ဇ။သံယမကို၊စောင့်ကြတရား။အကျိုးများအံ့။သော် ဝေး သောရည်၊မူးယစ် မည်ချည်း၊အပြစ် သည်းလျက်၊ မျက်လည်း ပြင်းသဲ၊ပညာမဲ့၍၊မတဲ့ သူငါ၊ ပညာဝါနှင့်၊ ဆွေညာ မိဘ၊ သူတော် သား၊များထု သောင်းသောင်း၊ ကဲ့ရဲ့ ရှောင်းလျက်၊အပေါင်း ပရိ သတ်၊ချော်ခြံမြတ်ဘို၊ဝန်းပတ် အလယ်၊မတင့်တယ်သည်၊ ခြောက် သွယ် အပြစ်၊ ရချ ဖြစ်အံ့၊မည်းညစ် ဘွေထွေ၊ သုရာ မွေ၍၊ အနေ မ...ကောင်း၊ကျင့်တိမ်း စောင်းလျက်၊ကျိုးကြောင်း မမြင်၊မဆင်ခြင် နှင့်၊တွေဝေမှိုင်လျက်၊ယိမ်းယိုင် သဖြင့်၊မေ့လျော့လင့်၍၊ ကိုယ် ကိုင့် မရှိ၊ လွတ် သတိဖြင့်၊ပြုမိ ပြုရာ၊ပြုတတ်စွာသား၊ ထိုတရား လည်း၊ဆယ်ပါးအညစ်၊သုရာ ဖြစ်ဟု၊မှတ်လစ် သချာ။ ကျမ်းဂန် လာသည်၊ ၊သုရာပါန စောင့်သုံးတည်း၊

---

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဆောင်ပြချက်၊

သုရာအပြစ်-၆-ပါးကား၊ ။မျက်မှောက်နိုက်ဥစ္စာပစ္စည်းဆုံးရှုံး ခြင်း၊ ခိုက်ရန်ဒေါသ များခြင်း။ ရောဂါအန္တရာယ် များစွာ ဖြစ်ခြင်း။အကျော်အစော မဲ့ခြင်း။ အရှက်အကြောက် မရှိ ခြင်း။ပညာမဲ့ခြင်း။ ။ဟူ၍-၆-ပါးတည်း။

တနည်း-၁၀-ပါးကား။ ။စိတ်မည့်းညစ်ခြင်း၊နေ၍မကောင်းခြင်း။ အကျိုးအကြောင်းမမြင်၊ မဆင်ခြင်နိုင်ခြင်း၊ တွေဝေခြင်း။ ယိမ်းယိုမ်ခြင်း။မေ့လျော့ခြင်း။ကိုယ်ကျင့် မရှိခြင်း။ သတိ လွှတ်ခြင်း။ပြုမိပြုရာပြုတတ်ခြင်း။ ။ဟူ၍ဆယ်ပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ထွေထွေကား။ ။အထက်ကဆိုခဲ့ပြီ၊

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား။

သြဒနနှင့်။ ကိဏ္ဌာပက္ခိတ္တာ,ကားခွဲထား၊ ရှေ့-နငယ်၊ နောက် ဏကြီးနှစ်လုံးဆင့်။

မဏ္ဍပါနာစသံယမော,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

" အပ္ပမာဒေါစဓမ္မေသု,ဟူသောမင်္ဂလာ။

(၃၆) ရူပသဒ္ဒါ။စသည်တရား၊ငါးပါးအာရုံ။အဖုံဖုံကို။ လုံးပုံ လိုက်စား၊အများမှားလျှင်။တရားမေ့ဘိ။ပျော်ပါးမိ၍၊ သတိ ကင်း ကွာ။လူ့ဒါန်းရာလည်း။ကောင်းစွာ သေခွေ။မရှိသေလျက်။ စိတ်မနေ မတင်း။မသန့်ရှင်းသည်၊မပြင်းဆန္ဒ။ ဝိရိယဟု။ လို့လ လိုလို၊ ကု သိုလ်တရား၊မတည်ကြွားတည့်။ စိတ်အား သန်သန်၊အဓိဋ္ဌာန်ဖြင့်၊ ဘန်ဘန် တလဲ။ မမြဲဝသည်၊ အမြဲမပြု၊ မဆည်းပုတည့်၊ ကောင်းမှု

ဟူသည်၊ ကျင့်မှုနည်ကို၊ တည်တည် ပေါ့ပေါ့။မေ့လျော့ခြင်းမှ၊
ပမာဒ တည်း။ ဘုရား ပညပ်၊ သိက္ခာ ရစ်တွင်၊ ပယ်အပ် တရား၊
မလျော့ ပါးဘဲ၊ပွါးများ သမှု၊ အစဉ် ရှုလျက်၊ ပြုအပ် ရာရာ၊ကျင့်
သိက္ခာကို၊ကောင်းစွာမပြု။မေ့လျော့မှုမှ၊ပမာဒတည်း။ ။ထိုမှတ
ပြား၊တနည်းမှာမူ၊ခန္ဓာအစဉ်၊မပြတ် ယှဉ်သည့်၊ဝိညာဉ် နံရုပ်၊ဖြစ်
ချုပ်ပျက်ကြ၊သင်္ခါရကို၊အန္ဓပုထုဇဉ်။ဉာဏ်မယှဉ်ကန်း၊သူတော်
တန်းကို၊လမ်းမှန်းမသိ၊မောဟ ဘိ၍၊သတိ ကင်းကွာ၊အဝိဇ္ဇာ မူလ
က၊ပမာဒတည်း။ ။ကာလ သုံးပါး၊ ကျင့် ဘောက်ပြား၍၊ တရား
မသက်၊လောဘ ဘက်လျက်၊တဝ်မက် ခြိုင်းမှာ၊ တဏှာမူလက၊
ပမာဒတည်း၊ ။လောဘ,ဒေါသ၊စသည့်ထွေထွေ။ကံကိလေဟု၊
တွေ့ဝေအပေါင်း၊မပြု ကောင်းကို။မေ့ကြောင်း ပြုက၊ပမာဒ ကရ၊
မှတ်ကုန်ကြလော့။ ။မူလတရား၊ထို နှစ်ပါးကို၊ပြုပြား ရက်ရက်။
စိတ်စက် ညစ်ငြူး၊ အထူး ပျက်စီး၊သေပြီး ပါယ်ရွာ၊ လားကုန်ရာ
သည်၊ ။နှစ်ဖြာတရားပိတ်ပုံးတည်း။

---

၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်၊

အာရုံ-၅-ပါးကား။ ။အထက်ကဆိုခဲ့ပြီ၊

ကာလ—၃-ပါးကား။ ။အတိတ်။ အနာဂတ်။ ပစ္စုပ္ပန်၊ ။ဟူ၍ သုံးပါးတည်း။

ပမာဒမူလကတရား-၂-ပါးကား။ ။အဝိဇ္ဇာမူလကပမာဒ။တဏှာမူလကပမာဒ။ ။ဟူ၍ ၂ ပါးတည်း။

---

ပေါရာဏကဘာသာနှင့်။ယခုဝေါဟာရစကားများကား၊

ထွေထွေကား၊ ။အထက်ကဆိုခဲ့ပြီ၊

ရက်ရက်ကား။ ။အလျင်အမြန်၊

(၃၇) အပ္ပမာဒ။အကျဉ်းပြအံ့။ဒါနတရား။သုံးပါးအင်္ဂါ။ပြည့်ရုံစွာတည့်၊သမာဒါယ၊ သီလ သီတင်း၊ ဆောက်တည် ခြင်းဖြင့်၊ မကင်း ဘာဝနာ၊ကောင်းစွာ ကြိုးစား။ဘုရားတရား။သံဃာအားနှင့်။ကြီးမားသက်ယွယ်။ကိုးကွယ် ရှိသေ။ တုံ့ဝင်လေလော့။ ထွေထွေ ပုည။ကုသလဟု၊ကမ္မ ကြီးငယ်။အသွယ်သွယ်ကို။ စင်ကြယ်စေနာ။ပြုအပ် ရာ၍။လှူဒါ ကောင်းမှု။ပြုပြုသမျှ၊ ဘို့ဘာဂကို။အားရနှစ်ထောင်း။ပြုကြောင်း မောဒနာ။အခါ အခွင့်။သင့်တင့် လျော်ပတ်၊ ကရားမြတ်ကို။မပြတ်နာခံ၊ကံကံ အကျိုး။အားကိုး ယုံကြည်။တည်တည်ဒါန၊သီလ ဘာဝနာ၊ကောင်းစွာ အကျိုး။ပွါးတိုး ဓမ္မ။ ဟောသော်ပြလော့။ကမ္မ သကတ။ဒသ ဝတ္ထု။စတု သစ္စာ၊မှန်စွာ အယူ။ နှလုံး မူလျက်၊ စင်ဖြူ ပွါးများ၊ကျင့် ဆယ်ပါးကို၊တိုးပွါး သဖြင့်၊ ကြိုးစားကျင့်လော့။ထပ်ဆင့် တဘန်။အကျဉ်း ပြန်၍၊ဝေဘန်မှတ်သိ၊ပတ္တိဒါန။ဘို့ဘာဂနှင့်။ အားရ ဝမ်းသာ။ ကောင်းချီး ဩသည်။ ပတ္တာနုမော်။သွင်းသော်ဒါန၊ဘုရား စသည်၊ ဂုဏဂုဏာ၊ ပစာယန၊ ရှိသေ ကြလျက်၊ အင်္ဂါရှေ့။ မရွေ့ နှင်နှင်။သုဓိသင် မြက်ပေါင်း၊ သွင်းကြောင်း သီလ။ကာလ သမယ၊ဉာဏ ထောက်ချင့်။သင့်တင့် ရာရေး၊တရားနာနှင့်၊ ကောင်းစွာ ဟောကြား။ ဖြောင့်သား အယူ။ သွင်းမှုဘာဝနာ၊ကျမ်းဂန်လာသည်၊ ။မြဲစွာကျင့်ဝတ် လက်သုံးတည်း။

---

ဒါနအင်္ဂါ-၃-ပါးကား။ ။စေတနာ၊အလှူခံပုဂ္ဂိုလ်၊အလှူဝတ္ထု။ ။
ဟူ၍သုံးပါးတည်း။
ပုညကြိယာ-၁၀-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကထာနှင့်၊ယခုဝေါရစကားချားကား၊
တုံ့ဝင်ကား။ ။အထက်ကဆိုခဲ့ပြီ။
ထွေထွေကား။ ။ ငှင်း။
နှစ်ထောင်းကား။ ။အားရဝမ်းသာသည်။

## အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

မပြတ် နာခံ၊ကံကံ အကျိုး,ကား ခွဲထား၊ရှေ့-ခရွေး သေးသေး တင်၊နောက်-ကကြီးသေးသေးတင်။ ။ပစာယန၊ရှိသေကြလျက်၊ အင်္ဂုဏရှေ့-ကားခွဲထား၊ရှေ့-နငယ်၊နောက်-ဏကြီး၊

---

(၃၈) အပ္ပမာဒ။အကျိုးပြအံ့၊သိလာသိတင်း၊ကျင့်သုံးခြင်းဖြင့်။ မယွင်းနှုန်ပြေ၊စောင့်စည်းနေ၍။ထွေထွေဘောဇဉ်၊ဉာဏ်အစဉ်ဖြင့်။ နှိုင်းယှဉ် တိုင်းထွာ။နိုးကြားကာတည့်၊သဒ္ဓါ သီလ၊မြတ်သုတက။ စသည်အပေါင်း၊သူတော်ကောင်းတို့၊ထိန်းကျောင်းဥစ္စာ၊ခုနစ်ဖြာနှင့်။မြဲစွာ စရဏ၊မင်္ဂမှ ရှေ့မှတ်။ပွါးများ လတ်သည့်၊ ဝိပဿနာ၊ ဉာဏ်ဒါဆယ်တန်၊တရားမှန်လျှင်၊ထက်သန် ထိထိ၊လမ်းမှန်သိ၍။ ပဋိသမ္ဘိဒါ။လေးဖြာ တရား၊ ရှစ်ပါး သမာပတ်၊ ဉာဏ် မြတ်ဝိဇ္ဇာ၊ အဖြာဖြာတို့၊ငါးရာ မြစ်ငယ်။ ရေပေါယယ်လည်း၊ ငါးသွယ် မြစ်ကြီး၊တန်ရှောင် ပြီးဖြိုး၊ဝင်စီးရစ်ဝုစ်၊ ရေအစုတ်လည်း၊သမုဒ္ဒရာ၊ ရပေါင်းလာသို့၊သစ္စာလေးပါး၊တရားကုန်စင်။အကျုံး ဝင်ရှင့်။ဆင်ခြင်စိတ်ဖြာ၊အပ္ပမာဒ၊ဓမ္မအဆီ၊လောကီလောကုတ်၊မယုတ်စီးပွါး၊ အကျိုးများဟု၊တရားဒေသနာ၊ကျမ်းဂန် လာသည်။ ။အပ္ပမာဒ မြောက်ဆုံးတည်း။

---

ငင်းသက်ဝိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

သူတော်ဥစ္စာ-၇-ပါးကား။ ။သဒ္ဓါ၊ သီလ။ သုတ။ စာဂ၊ ပညာ။ ဟိရီ၊ဩတ္တပ္ပ။ ။ဟူ၍-၇-ပါးတည်း။

ဝိပဿနာဉာဏ်-၁၀-ပါးကား၊ ။သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝ ဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်။အနုလောမဉာဏ်၊ ။ဟူ၍ဆယ်ပါးတည်း။

ပဋိသမ္ဘိဒါ-၄-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
သာမညဖလ်-၈-ပါးကား။ ။ ၄င်း။
ဝိဇ္ဇာ-၃-ပါးကား။ ။ပုဗ္ဗေနိဝါသဉာဏ်၊ဒိဗ္ဗစက္ခုဉာဏ်။ အာသဝက္ခယဉာဏ်။ ။ဟူ၍သုံးပါးတည်း။
မြစ်ကြီး-၅-သွယ်ကား။ ။ဂင်္ဂါ။ယမုနာ။အစိရဝတီ။မဟီ။ သရဘူ။ ။ဟူ၍-၅-ပါးတည်း။
သစ္စာလေးပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ချက်ကုန်ကား။ ။အထက်ကဆိုခဲ့ပြီ။
ပေယယ်ကား။ ။ ၄င်း။
တန်ရောင်းကား။ ။ရေပြင်။
ဖြမ်းဖြမ်းကား။ ။အထက်ကဆိုခဲ့ပြီ။
အဝတ်ကား။ ။အများ။
ဖိတ်ဖြာကား။ ။လိမ္မာသည်။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ထွေထွေဘောဇဉ်။ဉာဏ်အစဉ်ဖြင့်,ကားခွဲထား၊ရှေ့ဇက္ကွဲညသတ်။ နော့ က်-စလုံးညသတ်။

အပ္ပမာဒေါစ ဓမ္မေသု,ဟူသောမင်္ဂလာ-၃-ပိုဒ်ပြီး၏။

---

ဇော်ခင်္ဂီသမုဒ္ဒမ်,ဟူသောမင်္ဂလာလေးပါးချုပ်။

(၃၉) ဝိတိက္ကမ။ဝဏ္ဏုမှုလျှင်၊မရမိခါ။မျိုးစဉ်လာဖြင့်။ကောင်းစွာသဘော။ယောနိသောလျှင်။ မနော ကံညီ။အာရတိကည့်၊ ဝိရမိ တပ်။ဝဏ္ဏု ရပ်ကို။ရအပ် ကာလ။ကာယ ဝစီ။ကံ နှစ်လီဖြင့်။ အညီတရား။စောင့်ကြဉ်းအခွင့်။ကျင့်တို့လတ်က။သီလဝိရတီ။တလည်း

မဇ္ဇပါန၊သံယမဟု၊ယုတ်စွတရား။သောက်စားယစ်မူး၊မလွန်ကျူး ရာ၊အပ္ပမာဒ၊ဒါန သီလာ၊ဘာဝနာဟု၊ဆယ်ဖြာ ပုည၊ ကိရိယကို၊ နိစ္စမမေ့၊ကျင့်ကြံ လေ့လော့၊စေ့စေ့မှတ်ရာ၊မင်္ဂလာဟု၊လေးဖြာ တရား၊ဟောညွှန်ကြားသည်။ ၊မှတ်သားသေချာ ယူကျုံးတည်း။

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဖော်ပြချက်၊

ပုညကိရိယာ-၁၀-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။

အာရတိဝိရတိပါပါ,ဟူသောမင်္ဂလာ-၄-ပါးချုပ်ပြီး၏။

## (၇) ဂါရဝေါစ,ဟူသောမင်္ဂလာ၊

(၄၀) မိဘနှစ်ပါး၊စေတီလားသို့၊ဝပ်တွားခ,ယ။ လုပ်ကျွေးရ လျက်။သာစွဲချီး။သက်ကြီးတို့အား၊ညွတ်တွားရိုသေ၊ နှုတ်သံခြေ လည်း။ပြေပြေပြစ်ပြစ်၊ချောပစ်မမှု။ပေးလှူ ပွန့်ဘိ၊ခံချိသည်းညည်း။ မျက်နှည်း ခေါင်းပါး၊ ခုနစ်ပါးလျှင်၊ တရား အနှစ်၊ ပြည့်ပုံ လစ်၍၊ ..သစ် ရိပ်ကြာ၊ဝတိနှဲသာဝယ်၊မှုရာဖြေဖြစ်၊နတ်ဒေဝစ်တို့၊ဆင်း သက်လဲလှယ်၊ချစ်စဖွယ်လျှင်၊ ရှုဖွယ် ဘိးသိး။နတ်တီး နတ်ငြိမ့်။ တ..မ့် ရှိမ့်ဖြင့်၊သိမ့်သိမ့် သဲသဲ။ပျော်စမြဲတည့်၊ခပဲဇာရွှာ။ပြည့်ဖုံစွာ သည်။ဇာနှာသဏ္ဍာ၊ဝါသဝဇို၊ကိစ္စလိုရာ၊အရေး ပါသည်၊တကာ အ ညွတ်။ချက်သားနတ်၊ ။မြဲမှတ်စေ့ငုံ၊ကောင်းစွာရှုလော့၊သဏ္ဍုဓမ္မ။ သံဃာသိကြွာ၊ရိုသေစွာဘိ။ သမာဓိနှင့်၊ပဋိသန္ဓာ၊ အပ္ပမာဒ၊ ဂါရဝ တရား၊ခုနစ်ပါးကို။မှတ်သားဂရု၊အသေးပြုသော့၊သိမှစဉ်လာ။ထုံး တံဆွာမှု၊ နှစ်ရ နှစ်အပယ်၊ခုနစ်သွယ်ဖြင့်၊တင့်တယ် သိကြွာ၊ ဆင် တန့်ဆာကို။ကောင်းစွာဝတ်စား၊ရဟန်းများမှု။ညွတ်တွား ရှေးရှု။ ရိုသေမှုကား။ဥပသမ္ပဒ်၊အရင်ခံဖြင့်၊ကံဆောင်မတောက်၊ရှေးချယ် ဘောက်၍၊ရှေ့နောက် ဆင့်ဆင့်။ နိမ့်မြင့် မရွေ့၊ ရိုသေ လေ့ကို။

မပေ့မလစ်၊ပြုကုန်အပ်ရှင့်။ပညပ်တရား။ဆိုတုံဦးအံ့၊လူ့မှုဥက္ကဋ္ဌ၊ သမုန္ဒတ်၏၊မှုးမတ်သေနာ။ပွဲတက်ခါဝယ်၊ နေ့ရာ ငါးမည်၊ အစဉ် တည်လျက်။ဤသည်အဆင့်ဆင့်။မြင့်ရာ မြင့်ရာ၊ ရှိသေစွာဖြင့်၊ သဂါ ရဝ။ပြုကြကုန်ဘိ၊ထုံးစံရှိ၏၊မှတ်သိစဉ်လာ။မျိုးသေးဖြာတို့၊ပညာ သီလ။ဝယဝုဍ္ဍာ၊စသည် သာလျှင်။အရာ ထောက်ချင့်၊ရှိသေခွင့်ကို၊ ပြုသင့်ရှိသော၊ ကြည်လင်စွာဖြင့်၊သံသာ ချိုမြတ်၊ လောက ဝတ်ကို၊ မချွတ်ရအောင်။ဝိညတ်ဆောင်သည်၊ ။လူ့ဘောင်ကျင့်ရိုး တရား တည်း။

၎င်းလင်္ကာပိုဒ်တွင်ပါသော သင်္ချာအဓိပ္ပါယ်
များကိုဖော်ပြချက်။

ထမန်အင်္ဂါ-၈-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။

ဂါရဝတရား-၇-ပါးကား၊ ။ဘုရား၊တရား၊သံဃာ၊သိက္ခာ၊သမာဓိ၊ပဋိသန္ထာယ၊အပ္ပမာဒ၊ ။ဟူ၍ ၇-ပါးတည်း။

နေ့ရာ-၅-သွယ်ကား၊ ။တော်နေ့ရာ။ဒူးနေ့ရာ။အတွင်းဘဝေါ်နေ့ရာ။ပြင်ဘဝေါ်နေ့ရာ။စနည်းနေ့ရာ၊ ၅ သွယ်တည်း။

အမျိုး-၄-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။

ပေါရာဏကထာနှင့်။ယခုဝေါရစကားများကား၊

ဓ,ယ,ကား။ ။ရှိသေခြင်း။

ဝှဲချီးကား။ ။ချီးမြှောက်ကောင်းချီးပေးသည်။

ဓဝဲကား။ ။အထက်ကဆိုခဲ့ပြီ။

တံထွာကား။ ။ဓမ္မတာသဘာဝ၊

အကွာရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

ပြေပြေပြစ်ပြစ်၊ချောပစ်မမှု,ကားခွဲထား။ ရှေ့-ပစောက်ရရစ်၊ နောက်-ပစောက်သက်သက်၊ ၊ကိစ္စယုံကျုံ။ ဝိသုကြုံသို့,ကားခွဲသား၊ရှေ့-ကကြီးယပင့်၊နောက်-ကကြီးရရစ်၊ ၊အရင်းခံဖြင့်၊ ကံဆောင်မဘောက်,ကားခွဲသား၊ရှေ့-ခခွေး၊နောက်-ကကြီး။

ဂါရဝေါစ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

နိဝါတောစ,ဟူသောမင်္ဂလာ။

(၄၁) သုံးပါးမဟာဂ္ဂ၊ပြည့်ပုံကြွမှု၊မာနဟူသား၊တန်ခွန် သွားသို့၊ဘောင်ထား မချ၊မနိမ့် ကျတည်း၊များစွာ ချွေရုံ၊အစေ ခံလျှင်၊ ပတ်ဝိသမှု၊အနှိပ်ပြုလျက်၊ဂုဏ်မာန် တက်ရှင့်၊တချက် နည်းမှီး၊လွန် လေပြီးသည်၊အတီး ဝေးဝေး၊ ယခင် ရှေးက၊ ဖြေခွေး တကောင်၊ တောမြိုင်ချောင်ဘွင်၊များမြောင် ချွေရှ၊မြီရုံ တွေ့ဖြင့်၊အစေခံများ၊ လွန်မြောက်မြား၍၊ ကြီးမားရိပ်ငြိမ်၊ရန်ပေါင်း နှိမ်လျက်၊ စည်းစိမ် များကြွယ်၊လူတို့နှယ်လျှင်၊အစွယ် ရောက်ငြား၊ ပုဒ်မပကားသည့်၊ သားများ သနင်း၊မင်းဖြစ် သတတ်၊ ချွေရုံ မြတ်ဖြင့်၊ ဝန်းပတ် ချမ်း သာ၊ရှိကုန်ပါလျက်၊မာန်သာတက်ပြီ၊မကြာမှီးလျှင်၊ပျက်စီးသော ထုံး၊ပမာကျုံးလျက်၊နှလုံးတမှု၊တမျဉ်းသူလော့၊သူတော်ဘာဝ၊ မာနကိုချိုမှု၊ယသ,စသား၊အကျိုးများ၏၊ဘောင်ထားမထ၊ မတက် ကြွဘဲ၊မာန တန်ခွန်၊မလွန်စေယုဘ်၊မာန်ကို ရုတ်သည်၊ ခြေသုတ် နှခိုး၊ဦးချိုကျိုးသည်၊နွားဆိုးနွားလား၊အဆိပ်များသည့်၊မြွေအား ပွယ်ကျွတ်၊ ဦးခေါင်း ညွတ်သည်၊ပွန်းလွတ် မာန၊နိဝါတဟု၊ နှိမ့်ချ ချိုကျိုး၊မာန်ကိုချိုးသည်၊ ၊ပြုရိုးထုံးစံ တရားတည်း။

## ၎င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဖော်ပြချက်၊

မဟတ္တဂုဏ်-၃-ပါးကား။ ။ဓာတိမဟတ္တ၊ ပုညမဟတ္တ။ ဂုဏ မဟတ္တ။ ။ဟူ၍သုံးပါးတည်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

အတိုးကား၊ ။အထက်ကဆိုခဲ့ပြီ၊
ယခင်ကား။ ။အလျှင်ရှေးကပြောဘူးသော။
များမြောင်ကား။ ။အထက်ကဆိုခဲ့ပြီ။
သနင်းကား။ ။ ၎င်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

အစေခံများ၊ လွန်မြောက်မြား၍,ကား ခွဲထား။ ရှေ့-မယပင့်။ နောက်-မရရစ်၊ ။မလွန်စေယုတ်။မာန်ကိုချတ်သည့်,ကား ခွဲထား။ ရှေ့-ယငယ်၊ နောက်-ရကြီး။ ။နှိမ့်ချရိုကျိုး၊ မာန်ကို ချိုးသည့်။ ကားခွဲထား။ရှေ့-ကကြီးယပင့်။နောက်-ခခွေးယပင့်။

နိဝါတောစ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

### သန္တုဋ္ဌီစ,ဟူသောမင်္ဂလာ၊

(၄၂) မတောင့်မတ။ရသမျှချင်၊မျှတဆွမ်းပန်း။ဝတ်ဆင်မြန်းသည့်။သင်္ကန်းကျော်ဆေး၊ပစ္စည်းလေးကို။အရေးဘပ်မက်။ မငဲ့ကွက်ဘဲ။အိုးခွက် ကျို့ကြ။ ပုတ်,ကက်,စသား၊ တောင်းတင်းများ ဖြင့်။သိမ်းထား မရှိ။ရောင့်ရဲ ဘိက္ခု။အ,လောဘမှာ။ သန္တော သာတည့်။ယထာ လာဘ။ဖလ သာရုပ်။စောင့်ချုပ် တရား။မဘောက်ပြားသည်၊သုံးပါး လေးလီ။ သန္တုဋ္ဌီက။ ဒွါဒသနှင့်။ ပန္နရ တရား။ တည်လတ် မြွားမူ။ တရား သာသနာ။ ဝှန် ရှည်စွာလျှင်။ တည်ရာ

အကြောင်း။မှတ်တုံရှောင်းလေ့။ထပ်လောင်းတဝ။ပမာပြမှု။သင်္ချာကာရိန်။ရွေ့ရောင်မြိန်သည်။ရွေ့ရည်ယုတ်စံ့။ရွေ့အညံ့ကို။ သန့်အံ့စေဌါ၊ ဘော်ကြေး၊နာကို။စင်စွာ သမှု။ဖော်ထုတ် ပြုသို့၊ အကုသလ၊ကုသိုလ်တရား။ခေါင်းပါးစေမှု၊သုဓ်သင်ပြုသည်။ ။ကျွတ်ဆုရောက်လွယ် တရားတည်း။

ဧင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

ပစ္စည်းလေးပါးကား။ ။ဆွမ်း၊သင်္ကန်း။ကျောင်း။ဆေး။ ။ဟူ၍လေးပါးတည်း။

သင်္ဂြိုဟ်တရား-၁၂-ပါးကား။ ။ပစ္စည်း လေးပါးကို အထိုက်အလျောက်ရခြင်း။ အထိုက်အလျောက် အကျိုး ခံစားခြင်း၊ ရဟန်းနှင့် အထိုက်အလျောက် တင့်တယ်ခြင်း ဟူသော ၃-ပါးနှင့်မြှောက်၍-၁၂-ပါးတည်း။

တနည်း ၁၅-ပါးကား။ ။ဝိတက္ကသဏ္ဌာသ။ဂမဏ။ပရိယေသန၊ ပဋိလာဘ။ပဋိဂ္ဂဟ။ပစ္စပဋိဂ္ဂဟ။လောလုပ္ပဝိဝဇ္ဇန၊ ယထာလာဘ။ယထာဗလ။ယထာသာရုပ္ပ။ဥပဏာယ၊ ပရိယဏ။ပဏ္ဏဘာဂ။သန္နိဓိပရိဝဇ္ဇန။ဝိဘဇ္ဇန။ ။ဟူ၍-၁၅-ပါးတည်း။

---

ပေါရာဏကသဒ္ဒါနှင့်။ယခုဝေါဟာရစကားများကား။

ကျိဳကား။ ။စပါးကိုမြေမှအမြင့်စင်နှင့်ထားခြင်း။
ကြံကား။ စပါးကိုမြေနှီးဖျာပတ်ဝိုင်းထားခြင်း။
ကင်ကား။ ။ခံတောင်းကြီး။စောက်မရှိအနားလံသည်။

အက္ခရာအပင့်အရစ်,ကာရန်ခွဲသားများကား။
မင့်ကွက်၍၊ အိုးသွက်ကျိဳကြံ,ကား ခွဲသား။ ရေ့-ကကြီးဝဆွဲ၊ နောက်. ခကွေးဝဆွဲ။

သင်္ဂြိုဟ်စ,ဟူသောမင်္ဂလာတပိုဒ်ငြိးပြီ၊

## ကတညုတာ,ဟူသောမင်္ဂလာ။

(၄၃) ကျေးဇူးတို့ဆပ်။လွန်ခဲကတ်လျက်။ရေအစ်အကျိုး။မြောင်
ကိုးမထောက်။သဘော လျောက်ဖြင့်။ချိုးမြောက် သမှု။ပုဗ္ဗ ကာရီ။
မှန်တုံ ပြီတည်။တလီ မှတ်သား။ သူ တပါးကို။ ပြုငြား ကျေးဇူး။
မထိမ်မြူးဘဲ။ ကြည်နူး ဆပ်မှု။ကတညုတာ။ ကတ ဝေဒီ။ဆိုအစ်ပြီ
တည့်။နှစ်လီ လူများ။တဘာအားဖြင့်။ရငြားအံ့ဌါ။ခဲယဉ်းစွာသား။
ထိုနှစ်ပါးလည်း။မြီစားမြီရှင်။ပမာပင်တည့်။ဤလျှင်တဘွဲ့။ စဉ်းငယ်
ချွဲအံ့။မငဲ့ လမ်းစ လမ်းလေးခွတ္ထင်။ ကိုင်းမ ခက်လက်။ စဉ့်မပျက်
ဖြင့်။အရွက်သိပ်သိပ်။ခပ်မိပ်မိပ်နှင့်။လမ်းထိပ် ရက္ခာ။ပင်ဝါ မြင့်မြီး။
လွန်သာနိုးသည်။တောစိုးသစ်ပင်။ချမ်းသာချင်၍။ထွက်ဝင်မသွေ့။
အပန်းပြေဖြင့်။နားနေခဲ့ဘူး။ထိုကျေးဇူးကို။အထူးယှဉ်ပြိုင်။မဆပ်
နိုင်လည်း။ပင်တိုင် ကိုင်းမ။ခက်လက် စသား။အရွက် များကို။ပျက်
ပြားစေပြီး။မဖျက်ဆီးတည့်။နည်းဖြိုး၍သို့။ မှန်မချိုသည်။လူတို့မှာ
လည်း။သစ်ပင်နည်းလျှင်။ပစ္စည်းသေးနုပ်။စာမြိန်ထုပ်မှ။တလုပ်ပေး
ဘူး။ သူ့ ကျေးဇူးကို။အထူး တုံ့ဆပ်။ပြုအစ်သည်မှာ။ လူ့တာဝတ္ထ
တည့်။မှတ်ရာ တဝ။သက်ဆင်းကြွသည်။ယင်းက မွေးဘွား။အစဉ်
အားဖြင့်။သားသားမြေးမြေး။မျိုးနွယ်မေး၍။ကျေးဇူးသိမ်ခဲ့။အကျိုး
မဲ့မှု။အကြောင်းပုကို။ မပြု အပ်ရာ။ ပြုတုံပါက။ ထို ဗာလမှု။ မိတ္တ
ဒုဗ္ဘဖွာ။လူယုတ်မာဟု။ပညာရှိချား။ကဲ့ရဲ့ငြားအံ့။မှတ်သားကုန်ဘိ။
အမြဲ သိလော့။မိမိ ပြုသား။ကျေးဇူး များကို။တပါး လူညစ်။ မဆပ်
လစ်မူ။သူ့ဖြစ် သူသာ။ဆက်ဆံရာ၏။ကိုယ်မှာ အပြစ်။အညစ် မပြု။
ကတညုတာ။ကတ ဝေဒီ။ အညီ ကျင့်ဝတ်။ သိတ္တိ လတ်သည်။
သူမြတ်အမွန် တရားတည်း။

ပေါ်ရာလာကထာနှင့်။ ယခုဝေါ်ရစကားများကား၊
စဉ်းငယ်ကား၊ ။အနည်းငယ်၊
မငဲ့ကား။ ။မတိမ်းလွဲသည်၊
တံထွာကား။ ။အထက်ကဆိုခဲ့ပြီ၊

---

(၄၄) ဇုဒ္ဓက်ဂြုရ်၊ ကြီးလုံ့လနှင့်။ ဘုရားပညာ။ ရင့်ကြောင်း ရှာ
သည့်၊ မဟာဗောဓိ၊ လောင်းတော်မိဇာတ်။ အဋ္ဌုပ္ပတ်တွင်။ သိမှတ်
စိမ့်ငှါ၊ သုနန္ဒာအား။ မြွက်ကြား ဂါထာ၊ ကျယ်ဝန်း စွာကို၊ လက်ာ
ရန်း။ အကျဉ်းချုံး၍။ ဆိုထုံး ကျစ်လစ်၊ ခင်ပွန်းစစ်ကို၊ မပြစ်မှားသူ၊
အကျိုးမူကား။ ဝတ်စားတန်ဆာ၊ ရေစာပြည့်ဘွာ၊ အိမ်က ခွါမူ၊ ဖိုလ်
လူမှီရာ၊ ပြည်ပြည်ရွာရွာ၊ ပူဇာနှုတ္တဟာ။ ခံတုံ့ရ၏၊ ဓားပြ သူခိုး၊ လူဆိုး
ဘေးကင်း၊ မင်းဟူသမျှ၊ မြင်က ကြည်ညို၍ ရန် ထိုထိုလည်း၊ အလို
လွှင့်ပျောက်။ ဘေးဘျမ်း မဖျောက်၊ အိမ်သို့ ရောက်လတ်။ ပရိသတ်
လယ်။ နှုတ်သက်ဘွယ်တည်း၊ မျိုးနွယ်တို့ထက်။ တိုးတက်မြတ်သား၊
သူတပါးတို့။ နှုတ်လို့ သာကြည်။ ပေးအပ်သည်က။ နေယျဘ္တဖြင့်၊ ရ၏
ကိုယ်ဘို့၊ ဤသို့ မပြား၊ သူတပါးကို၊ ရှိသေသမျှ။ လေးမြတ်ပြုက။ ရ၏
ကိုယ်နှုက်၊ အကျိုး လိုက်၏၊ သိုက်မြိုက် ဥစ္စာ၊ ရှိသေစွာဖြင့်။ ပူဇာ
သူအား။ ပြုလေငြားမူ၊ ကိုယ်အားသူတို့၊ ပူဇော် မြိုက။ ဝဇ္ဇ ဝယာ၊ ဂုဏ
ကြီးမြင့်၊ ချီးပင့် မြတ်နိုး၊ ရှိခိုးမူလည်း၊ ထိုနည်း ထပ်မျှ။ ပူဇာ ရဟာ၊ ပြု
ကုန်ရ၏၊ များစွာ ဆွေရုံ၊ အပေါင်းသည်း။ မညှ မဆိတ်၊ ဘိတ်ဘိတ်
တောက်ညီး၊ အလျှမ်းသို့။ ကြီးသည့် အာဏာ။ ရှိန်ဝါ တန်းခိုး၊ ပြည့်
ပြိုးပုံသေ နတ်အနေသို့၊ ကြွက်သရေမပွန်း၊ အငွန်းမြိမြို့၊ မြိုရံ ကွဲ၊ နွား။
စပါးပြောင်းပဲ။ ပွဲပွဲ သွန်သွန်၊ လယ်ခွန် လုပ်နက်။ တိုးတက် စီးပွါး။
အသီးချား၏။ များပြား ပြည့်သိုင်း၊ လိုတိုင်း သုံးရ။ အမြင့်မှသည်း။
ကျချိမသေ၊ သေလျှင်သုဂတိ၊ တည်ရာရှိ၏၊ ဤသည့်ပညတ်၊ နိဘတ်
နေယံျတ်၊ နှုတ်ပါ၊ မှတ်လော့၊ မိန့်မြတ်ဗျာသိ၊ သာမုဣ ဖြင့်၊ နက်တံ့ခွ
ခွန်း။ မိန့်တော်ညွန်းသည်။ ။တက်တွန်းကြွက်သရေ တိုးပွါးတည်း။

## ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

## နက်တံကား။ ။အတိမ်အနက်။

---

## အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

မျိုးနွယ်တို့ထက်၊တိုးတက်မြတ်သား,ကားခွဲထား၊ရှေ့-ထဆင့်ထူး။နောက်-တဝမ်းပူ။

## ကတညုတာ,ဟူသောမင်္ဂလာ-၂-ပိုဒ်ပြီး၏။

---

## ကာလေနဓမ္မဿဝနံ,ဟူသောမင်္ဂလာ၊

(၄၅) အကြင်သမယ။ဥဒ္ဓစ္စဟိတ်။ပြန့်လွင့်စိတ်ကို။ ဆို့ပိတ်မရ။ပြွမ်းပြွမ်းထ၍။ကာမ,ဗျာပါ၊ဝိဟိံသာဟု။ဝိတက္ကာသကင်း။ မကြိုအပ်ကို။သုံးသပ်မိခါ၊ဂုဏ်ခြောက်ဖြာနှင့်။အင်္ဂါကုံးပါ။အကျိုးများသည့်၊ဘုရားမုခပါဌ်။တရားမြတ်ကို။နာလတ်သော်အား။မလျှပ်ရှားဘဲ။ ငါးပါး နိဝရဏ။ ဆိတ်ငြိမ်ကြလျက်၊ သဒ္ဓါ ဗောဇ္ဈင်၊ ပွါးကြောင်းပင်တည်း။အကြင် ကာလ။ သမယကား၊တလ ၄ရစ်ကြိမ်၊ဖွေ့သိမ်တရား။နာသောအားဖြင့်၊ မှတ်သား ကျင့်မှု၊အစဉ်ပြုလော့။ပွါးမှု ဝိပဿနာ၊ဘာဝနာဖြင့်။ ကောင်းစွာ ကျိုးစက်။ အာသဝက်ဉာဏ်၊ကျွတ်ဆုပန်သည့်၊ နိဗ္ဗာန် ရောက်ကြောင်း၊ လမ်းကောင်းလမ်းမြတ်။မှတ်တုံသတ်ရှင့်။သိမှတ်တဖြာ၊သာသနာလျှင်။ ရောင်ဝါလင်းကြောက်။မှူစောက်၍။ ထွန်းတောက်ရာကား။ တပည့်သားတို့။ဩဘ်တွား သဒ္ဒါ တရား နာ၍။ ကောင်းစွာ သင်ဆောင်။ များ_မြောင် ဓမ္မါယ်။ အသွယ်သွယ်ကို။ နည်းကျယ် မှတ်သား။ ကုံးပါးအကျင့်။လျော်သဖြင့်လျှင်၊ကျင့်ကုန်ရကား။ ငါးပါး အပေါင်း၊ရှည့်ကြောင်း အပွန်၊တည့်သည့် မှန်၏၊ အပြန်ဝိပရိတ်။ တရားဆိတ်က။ဘုရားသာသနာ၊ကွယ်မည့်သာတည်း။အခါအခါ၊ကောင်းစွာ နှိုင်း

ချိန်၊ ပညာ၊ ပြန့်ပွါး၊ ရဟန်းစောင်း၊ ကောင်းစွာ၊ တရားနာသည်။ ၊ပညာသုတ ပွါးများတည်း။

ရင်းလက်ာပိုဒ်တွင်ပါသော သိနည်းအဓိပ္ပါယ်များကိုဘော်ပြချက်။

တရားတော်ဂုဏ်-၆-ပါးကား၊ ၊အထက်ကဆိုခဲ့ပြီ။
တရားတော်အင်္ဂါ-၉-ပါးကား။ ။မဂ်လေးပါး၊ဖိုလ်လေးပါး။နိဗ္ဗာန်
ဟူ၍-၉-ပါးတည်း။
နီဝရဏ-၅-ပါးကား၊ ၊ကာမစ္ဆန္ဒနီဝရဏ၊ဗျာပါဒနီဝရဏ၊ ထိန
မိဒ္ဓနီဝရဏ၊ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊အဝိဇ္ဇာနီဝရဏ၊ ၊
ဟူ၍-၅-ပါးတည်း။
ဗောဇ္ဈင်-၇-ပါးကား၊ ၊သတိသမ္ဗောဇ္ဈင်၊ဓမ္မဝိစယသမ္ဗောဇ္ဈင်၊
ဝိရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊
သမာဓိသမ္ဗောဇ္ဈင်၊ဥပေက္ခာသမ္ဗောဇ္ဈင်။ ၊ဟူ၍-၇-ပါး
တည်း။
လောကုတ္တရာတရား-၉-ပါးကား၊ ၊အထက်ကဆိုခဲ့ပြီ။
သာသနာအရှည်တည်ခြင်းအကြောင်း-၅-ပါးကား၊ ၊ရဟန်းများ
တရားကို ရိုသေစွာနာခြင်း။တရားကို ကောင်းစွာသင်ခြင်း။
တရားကို ကောင်းစွာ ဆောင်ခြင်း၊ တရား အဓိပ္ပါယ်ကို
ကောင်းစွာမှတ်သားခြင်း။လောကုတ္တရာတရား-၉-ပါးနှင့်
လျော်သောအကျင့်ကိုကျင့်ခြင်း၊ ၊ဟူ၍ ၅-ပါးတည်း။

အကြွေးအပေါင်အရစ်,ကာရန်ခွဲသားများကား၊

ကျွတ်လုပန်သည်၊ နိဗ္ဗာန် ရောက်ကြောင်း,ကား ခွဲထား။ ဇေ.
ပ...က်၊နောက်-ဗ ဘက် ...က်။
ကာလေနဓမ္မဿဝနံ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

ဇော်မင်္ဂလသုတ္တမ်,ဟူသောမင်္ဂလာငါးပါးချုပ်။

(၄၉) သဗ္ဗုဂမ္ဘ။ ဂါရဝဟူ။စသည့် အပြား။ခုနစ်ပါးကို။ မှတ်သား လေ့လာ။ရှိသေစွာဖြင့်။ သံသာ ချိုမြတ်။ လောက ဝတ်ကို။ မချွတ် စေရ။ပြုကုန် ကြလော့။မာန ဟူသား။ထောင်လွှား တန်ခွန်း။ ပြင်း၍နှံ မာန်ကို။မလွှန် ယုတ်ကျ။ပြုကုန်ကြလျက်။ နှိမ့်ချ ဘိသား။ ဝတ်တွား ရိုကျိုး။မြတ်နိုးခြင်းမှ။နိဝါတတည်း။ပစ္စည်း လေးပါး။သျှုခံစားတို့။ရဖြှားသမျှ။ရောင့်ရဲရတည့်။ထိုမှ တဝ။ရှေးပြုကမှု။ ပုဗ္ဗကာရီ။ကျေးဇူးညီအင်။တုံ့ ကြွား ဆပ်က။ကတညုတ။ကတဝေဒီ။မြိုရှင်မြိုစား။ တဏှာအားဖြင့်။နှစ်ပါးပုဂ္ဂလ။ရခဲစွတည့်။နိဝရဏငါး။သုံးပါးပိတက်။ ပျောက်ပျက်မိမ့်ငှါ။ အခါအခါ။ တရားနာသည်။ ။ ကောင်းစွာမှတ်အပ် ငါးပါးတည်း။

---

ငင်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဖော်ပြချက်။

ပစ္စည်း-၄-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
နိဝရဏ-၅-ပါးကား။ ။ ငင်း။
ပိတက်-၃-ပါးကား။ ။ကာမ ပိတက်။ဗျာပါဒ ပိဘက်။ပိဟိံသ်
ပိတက်။ ။ဟူ၍သုံးပါးတည်း။

---

အကျချာအပင့်အရက်,ကာရန်ခွဲသားများကား။

မလွှန်ယုတ်ကျ၊ ပြုကုန်ကြလျက်,ကား ခွဲသား။ ရှေ့-ကကြီးယပင့်။နောက်-ကကြီးရရစ်။

ဂါရဝါစ,အစရှိသောမင်္ဂလာ-၅-ပါးချုပ်ပြီး၏။

## (၈) ခန္တီစ,ဟူသောမင်္ဂလာ၊

(၄၇) စတုဒ္ဒီသာ။လေးမျက်နှာမှ၊လာလာတမူ၊ရပ်ဝေးသူတို့။
အပူမငွေ့၊ချမ်းသာစေ့၍၊ပျော်မွေ့ရာဖြင့်၊မဟာသာလာယ၊ အခေ
ဝါသကို၊ကြည်ဆွမဆိတ်၊သဒ္ဓါစိတ်ဖြင့်၊ ဘိတ်ဘိတ်ဝင်းလျှံ။ ပြုစီ
မံ၍၊ကျွင့်ကြီထေ့လျက်၊မမေ့ မလျော့၊သူတော်အကျင့်။ ဆဲ့နှစ်
ဆင့်ကို၊ဖုံလင့်ခဲ့၍၊သုံးဆဲ့သုံးယောက်၊အကြီး မြှောက်လျက်၊ထော်
ပင့်ဆော်နှိုး၊ထိုအကျိုးဖြင့်၊ထက်မိုး အဇမ္ဗာ၊ဝတိန်သာဝယ်။သုရာ
ရန်နိုင်၊စိုးမိုး ပိုင်လျက်၊ဘုန်းလှိုင်တေဇ၊တန်းခိုး ပသည်။မစလ ရွာ
သား၊ဆိုကြား မာဃ၊ဒေဝိန္ဒ၏၊ ကိစ္စ ရေးရာ၊ဆောင်အံ့လာသည်။
တကာ အညတ်။ ချစ်သားနတ်၊ ၊မှတ်လေ့မှန်စွာ။တိတိကျွာဟု။
ခံမာတရား၊သည်းခံငြားက။ဘုရားမျိုးစေ့၊သူတော်လေ့ကို၊မမေ့
စေလတ်။ခန္တီမြတ်၏၊မှတ်သားထို့ဖြင့်၊ပုဂ္ဂိုလ် တွင်လည်း။အကြင်
ယောက်ကျား။ မိုက်သော အားဖြင့်။တရား မသက်။ မငဲ့ကွက်ဘဲ။
နှိုင်းဇက် ရန်သူ၊ညှဉ်းပန်းမှုဖြင့်၊ကလူ ရက်ရက်၊နိုင်ချင် ကြွက်သို့။
ကိုယ့်ဘက်သာလွန်။အားမဘန်ကာ၊မာန်ကို ချလော့။ကိုယ်မှ ယှဉ်
မှု၊အားအင် တူလည်း၊နှုတ်ကူ လက်နိုင်။မခံနိုင်အောင်။ တုပြိုင်ရ
မည်၊ဂိုးချ့်သည်မှ၊သည်းခံရ၏၊ထိုမှဘသိ၊စစ်စီးနှိုင်းမှဲ့။ခွန်အား
မဲ့ကား၊မိုက်သောအားဖြင့်၊သည်းခံသင့်လေ၊တဖြင့် တထွေ၊နဝေ
နစည်း၊နှုံးကြည်းမှု၊ အတည့် ငြစ်ဘု။ မျက်ကောဂနှင့်၊ဒုသ အခ
ဘောသို့၊ဆဲရေးဘိသား၊လူမိုက်များဘို့၊သောကား ကြူးလွန်၊ ဆို
ဂုံပြန်လည်း၊ပြန်သွန်မရှု၊ သူပြု သူသာ၊သူခံရာ၏၊ကိုယ်မှာ အပြစ်၊
မမှုန်းနှစ်တည်း၊ ၊သရစ်ဖူးစ၊နှုပျိုဘိုသည်။ဂိမှကာလေ၊ချိန်ခါ နွေ
ယယ်၊မိုးရေ ကင်းဘင်း။ လွန်ပူပြင်းလျက်၊ မာန်တင်း ခိုက်ဆည်း၊
မနဲဘိုင်း သည်း၍၊ ဟည်းဟည်း အခုဘ်အော်၊ လာလတ်သော်မူ၊
ဗုံမြူ တင်းကျမ်း၊ လွန်ကြော့ကြမ်းလျက်၊ ပြည့်လျှမ်း တက်ကြွ၊
ဘောင်းဘောင်း ထလည်း၊မေဃ ပဇ္ဇုန်၊ တန်းခိုး ဟုန်ဖြင့်၊ မြူးချုန်
ငိုက်ကြိုး၊အမည်း ဖုံးလျက်။ မိုးသုံး ဝိတ်ကာ၊ သည်းထန် စွာဖြင့်၊

ရှုသတ်တုံမှ။မြူဖုံ မှုလည်း။မာန်မဟည်းဘဲ။ရမ်းပြည်း ဆိတ်ညံ့။ ပျောက်ပျက် အံ့သို့။မှန်မချိုသည်၊ လူတို့ အပေါင်း။ စိတ်မကောင်း ဖြင့်။သံစောင်းမဲ့ ရွဲ့။အပြစ် ဘွဲ့၍။ကဲ့ရဲ့ နှုတ်ကြမ်း။ဒေါသ ဖွမ်း၍။ ပရမ်း ပတာ၊ ဆိုတုံလာလည်း။ ခမာတပေါက်၊ မိုးရေ ရောက်က။ လွင့်ပျောက်သည်ချည်း။ဤသို့တည်းဟု။ယှဉ့်နည်း မှတ်ပိုက်။ဝမ်း အင်ခြိုက်သည်။ ။ကိုယ်နှုတ်ခန္တီ ကျင့်ထုံးတည်း။

---

ငုံးလက်ာပိုဒ်တွင်ပါသော လိနတ္တအဓိပ္ပါယ်များကိုဘော်ပြချက်၊

သူတော်ကောင်းတရား-၁၂-ပါးကား။ ။စိတ်ထား ရှည်ခြင်း။ ဒေါသအမျက်-ပြင်မထွက်ခြင်း။မာန်မတက်ခြင်း။မိမိကိုယ် ကိုနှိမ့်ချခြင်း။သူ့ကျေးဇူးကိုသိခြင်း၊ ဂုဏ်တု မပြိုင်ခြင်း၊ ကိုယ်ကျိုးသက်သက်ကိုသာ မရှာခြင်း။သူတပါးအပြစ်ကို အမှတ်မထားခြင်း။သူတပါးကိုမစော်ကားခြင်း။မကောင်း သည်ကို မကြိုက်ခြင်း။ကောင်းသည်ကိုသာ ကြိုက်ခြင်း။ သည်းခံခြင်း။ ။ဟူ၍-၁၂-ပါးတည်း။

ဆဲရေးခြင်း-၁၀-ပါးကား။ ။ခိုးသူဟုဆိုခြင်း။လူမိုက်ဟုဆိုခြင်း။ တွေဝေသောသူဟုဆိုခြင်း။ဝက်တတ်သောသူဟု ဆိုခြင်း။ နွားဟုဆိုခြင်း။ မြည်းဟုဆိုခြင်း။ ငရဲသူဟု ဆိုခြင်း။ တိ ရစ္ဆာန်ဟုဆိုခြင်း။သုဂတိမရှိသူဟုဆိုခြင်း၊ ဒုဂ္ဂတိရှိသူဟု ဆိုခြင်း။ ။ဟူ၍ဆယ်ပါးတည်း။

---

ပေါရာဏကသာနှင့်။ယခုဝေါဟာရစကားများကား။

ကလူကား။ ။နှိုဝ်စက်သည်၊
ညှဉ်းပန်းကား။ ။ငှင်း။
ရက်ရက်ကား။ ။အထက်ကဆင့်ခဲ့ပြီ၊
စစ်စီးကား။ ။နှိုင်းရှည်စရာ၊
နဝေနစည်းကား။ ။နှလုံးမသာယာ။နာကြည်းသည်။

အတည်ကား။ ။အညစ်အကြေး။
သောကားကား။ ။ထောင်လွှားသည်။
သရစ်ကား။ ။နှစ။ဖုးငုံစ။
ခိုက်ဆည်းကား။ ။ရန်စရှာသည်။
ရယ်းပြည်းကား။ ။ပြည်းညွှင်းသက်သာသည်။
အင်ပြိုက်ကား။ ။အထက်ကဆိုခဲ့ပြီ။

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ကြည်ဆွမဆိတ်။ သဒ္ဒါပိတ်ဖြင့်,ကား ခွဲထား။ ရှေ့-ဆလိမ်။ နောက်-စလုံး။နုတ်ကုလက်နိုင်။ မခံနိုင်အောင်,ကားခွဲထား။ ရှေ့ နငယ်သက်သက်။ နောက်-နငယ်ဟထိုး။ ။မြူဖုံ တင်းကျမ်း။ လွှန့်ကြေဲ့ကြမ်းလျက်,ကားခွဲထား။ရှေ့-ကကြီးယပင့်။နောက်-ကကြီးရရစ်။

(၄၈) နှစ်သိန်းလေးသောင်း။အထု ပေါင်း၍။တည်ရှောင်း ဤမြေ။ညစ်ကြေး ပွေလျက်။ခွေးသေ ဘင်ပုပ်။ သူကောင်ရုပ်နှင့်။ စက်ဆုပ်ဘွယ်ရာ။ စွန့်ပစ် လာလည်း။ ခမာတရှိ။ သည်းခံ ချိ၏။ ထိုပြု့တဘော်။ရနံ့သော်မူ။အကျော်စမွှာ။ နံ့သာ ကရမက်။ မွှေးမျိုး ပက်လည်း။နှစ်သက်မရှိ။ပကတိဖြင့်။ ခံချိ သည်းညည်း။ မှန်သည့် တည်းရှင့်။ဤနည်းတုဂ္ဂ။လူဘို့မှာလည်း။ကောင်းစွာသတိ။အမြဲ ရှိလော့။ ကံယ်ဖိုလက်ရောက်။ခဲအုတ်ကျောက်ဖြင့်။ ပစ်ပေါက် ဒုတ်ဓား။ ကိုင်ဆောင်ငြားလျက်။သောကား ရေးရှု။သူရန် ခုလည်း။သူပြု သူ့ဟာ။ သူသာ ခံဟု။ မြဲမြဲ ကျင့်ဝတ်။ သည်းခံသတ်လော့။ ။မတာတဲလိမ္မာ။ မိုက်မဲစွာသည့်။ ဟညာ မွဲတွန်။ လူမိုက် ကျွန်ကား။ အလွန်အမှား။မစဉ်းစားဘဲ။ ဒုတ်ဓားနှင့်ပင်။ မဆိုချင်ဦး။ နုတ်ကျူး သွဲ့ပြိုင်။ မခံနိုင်၍။မိတိုင် ဘာလဲ ဆဲရေးရုံမျှ။မာန်ကောဇဖြင့်။ဒေါသ အမျက်။ဟုးဟုး ထွက်၍။ ရိုက်နှက် ဒုတ်ခတ်။ သေတတ် လက်နက်။

ကျူး‌လွန်ချက်ဖြင့်။ အသက် သေမှု။ သတ်သော သူကို၊ နည်းတူမ ပျက်။စီရင်ချက်ဖြင့်။ကွပ်မျက် ဆုံးရှုံး၊ စည်းစိမ် တုံး၍။ သက်လုံး ထောင်ဒဏ်၊ ခံရပြန်လည်း။ ပူပန် သောက။ကြီးကုန်ကြရှင့်။ မိဘ ဆွေမျိုး။စိတ်နေ ညှိုးလျက်၊အားကိုးမဲ့သား။ သားမယားမှု။ ကြီး မားကြောင့်ကြ၊လောင်မီး ကျသို့။ ဒုက္ခမတုံး။ဘဝ ရှုံး၏၊ ပျက်ဆုံး ခန္ဓာ၊ဗုတိခါလည်း။ ပါယ်ရွာငရဲ၊ လွန်ဆင်းရဲသည်။ ။အမြဲခန္တီ လက်သုံးတည်း၊

ပေါရာဏကကထာနှင့်၊ယခုဝေါဟာရစကားများကား။

သောကားကား၊ ။အထက်ကဆိုခဲ့ပြီ။

အကျွရာအပင့်အခရစ်,ကာရန်ခွဲထားများကား။

ကောင်းစွာသတိ။ အမြဲရှိလော့။ ကိုယ်ထိလက်ရောက်,ကား ခွဲထား၊ရှေ့-တဝမ်းပူ။နောက်-ထဆင့်ထူး။ ။သူပြုသူ့ကံ။သူသာခံ ကားခွဲထား။ရှေ့-ကကြီး၊ နောက်-ခခွေး။ ။ကြီးမားကြောင့်ကြ။ လောင်မီးကျသို့,ကားခွဲထား၊ ရှေ့-ကကြီးရရစ်။ နောက်-ကကြီး ယပင့်။

ခန္တီစ,ဟူသောမင်္ဂလာ-၂ ပိုဒ်ပြီး၏၊

သောဝစ္စသတော,ဟူသောမင်္ဂလာ။

(၄၈) အန္တတမ၊မိုက်မဲဖွလျက်။မောဟလွှမ်း၍။ အမိုက်ဆုံး ဟု။ဆိုထုံးပြုသား၊ လူ့ငနွားလျှင်။ တရား မဲ့စွာ။ မလိမ္မာ၍။ ဆရာ မိဘ။ရဟန်းစသည်၊ မြတ်သုကုန်သား။ သူတော်များတို့။ တရားခမ္မ။ နည်းလမ်းပြလျက်။ဆုံးမ ပဲ့ပြင်။သွန်သင် ဟောပြော၊သူ့သဘော ဝယ်။ကျေပ်ချော ရေပက်၊လျှောကျသက်သည်။ သဲထက် ရေသွန်။ ပမာညွှန်သို့၊ အလွန် ပေါ့ပျက်။ ဆုံးမ,ခက်ရှင့်။ထို့ထက် ယုတ်သူ။

တချို့လူကား၊ရှေ့မူနာဟန်။စဉ်းလဲ ဉာဏ်ဖြင့်၊ဖြန့်ဖွန့်မရှိ၊ နာယူဘိဟောင်း၊ဝိညဉ်ဆောင်လျက်။နောက်နောင်ကွယ်ရာ၊ကျင့်ယုတ်မာကို၊လိုရာအမှု၊ပြုချင်သမျှ၊ ပြုတတ်ကြ၏။ထိုမှ ရှေ့နေ၌၊သဘောပေါက်၍၊မဘောက် မပြန်၊သူတော်မွန်ဟု၊ မှန်ကန်ရိုးစွာ၊ လူလိမ္မာကား၊ဆရာမိတ၊ရဟန်းစသား၊သူတော်များတို့၊ဟောကြားဆုံးမ၊ဩဝါဒကို၊ ကြည်ညိုသဒ္ဒါ၊ရှိသောကြောင့်၊ ထိပ်မှာ ပန်ရွက်။ မယ်နှက်သို့၊ မပျက် မပြယ်။ နာခံလွယ်သည်၊ ။လူ၀ယ် အခဲခက်ဆုံးတည်း၊

---

ပေါရာဏကထာနှင့်၊ယခုဝေါရစကားများကား၊

မွန်ကား၊ ။အထက်ကဆိုခဲ့ပြီ၊

မယ်နှ,ကား၊ ။သံချွန်၊သံတိုသံစလည်းဟူ၏၊

---

အကြွရာအပင့်အရစ်,ကာရန်ခွဲသားများကား၊

သဘောပေါက်၍၊မဘောက်မပြန်,ကားခွဲသား။ရှေ့-ပဓောက်။နောက်-ဘကုန်း။

သောဝစ္စသတာ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏၊

---

သမဏာနဉ္စဒဿနံ,ဟူသောမင်္ဂလာ။

(၃၀) အရိယဝံသာ၊နွယ်တော်လာဟု၊အင်္ဂါလေးပါး၊သမိုက်အားသည်၊ မှတ်သားကုန်ကြ၊ အဖြွက် ပြအံ့၊သီလ သမာ၊ ကျင့်သိက္ခာဖြင့်၊သာသနာ၌၊ လွန်နှစ်ခြိုက်၍၊သိုက်မြိုက် မွေ့လျော်၊သူတော်တရား၊အမြတ်ထားလျက်။လေးပါးပစ္စည်း၊မသိမ်းဆည်းဘဲ၊လိုနည်းမကွက်၊မပုံမက်မြို။မနှစ်လို့သည်။လူတို့ ချက်တမ်း၊ကျက်ပြီးဆွမ်းလျှင်၊အားရမ်းမှုတ၊ရသမျှဖြင့်၊ရောင့်ရဲလင့်၏၊ ။အခွင့်

တပါး။ လျှော်သော အားဖြင့်။ တရား သက်ရာ။ တိုင်ပင်ပါလည်း။ အတ္တာဝပဋိဘာ၊ပရပဋိဘာ၊နှစ်ဖြာအကျိုး၊ တိုးပွါးစိမ့်ငှါ၊ တိုင်ပင်ရာတည့်။ ။ချမ်းသာပြကတော့။တောဘျော်မွေ့သည်။နေလေ့ ဆိတ်ညံ။ကျင့်ချီးခြံလျက်။ဗိတ်ကြီးညီညွတ်။မှန်တုံလတ်တည့်။ ။ဘေးလွတ်ရန်ရှင်း၊ဗျာပါကင်းလျက်၊ညှဥ်းပန်း မရှိ၊ ။သရုတိရှင်။ သူတော်စင်ကို။ ဖူးမြင် ချက်တွေ့။ ပွှဲဇော်လေ့သား။ အကျိုးအားဖြင့်။ တရားအောက်မေ့။ကြံစည်လေ့ဘိ။ သတိသမ္ဗောဇ္ဈင်၊ ဉာဏ်လျှင်ဝိစစ်။ဝင်စားလစ်က။ဓမ္မဝိစရာ၊ပညာဝိစ္ဆေး၊အားသစ်ပေးသို့။အရေးမစွန့်၊မတွန့် လုံ့လ။ ဝိရိယတည်း။ အာမိသကင်း။ နှစ်သက်ခြင်းလျှင်၊ ပီတိဘွင်လတ်၊ ဖဿ စသား၊ တရား ငြိမ်းဘိ။ ပဿဒ္ဓိမည်။ တည်ကြည် ကုန်ပြီ့။ သမာဓိတည်း။ နိုင်းရှိအားပြု။သူစ်လှူ ရှုရာ။ ဥပေက္ခာလျှင်၊ဗေါဇ္ဈင်တရား၊ခုနစ်ပါးကို၊ပွါးများလေ့လာ၊နိုင်စိမ့်ငှာဖြင့်၊ သဿ်ာလုပ်ကျေး၊ဆွေးနွေးမပြတ်၊ဖူးမြင်လတ်သည်။ ။ သူမြတ်သံဃာ ညွှတ်ရုံးတည်း။

---

ငင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်။

ပစ္စည်းလေးပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

သရိက်ကား။ ။ထင်ရှားအောင်ပြုလုပ်ခေါ်ဝေါ် ခြင်း။
နှစ်မြိုက်ကား။ ။အထက်ကဆိုခဲ့ပြီ။
အားရမ်းကား။ ။ ၄င်း။
ချက်တွေ့ကား။ ။ ၄င်း။
ဝိစ္ဆေးကား။ ။ ၄င်း။

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

ကျင့်ဖြိုးမြဲလျက်၊ စိတ်ကြည်ညွှတ်,ကား ခွဲထား၊ ရှေ့-ခခွေး ရရစ်၊နောက်-ကကြီးရရစ်။

သမဏာနဉ္စဒဿနံ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

ကာလေနဓမ္မသာကစ္ဆာ,ဟူသောမင်္ဂလာ၊

(၅၁) ဂိမှကာလေ၊ချိန်ခါနွေဝယ်၊မိုးရေကျစ၊ပထမဟု၊ဗါလဝဿန်၊ပျို့နှ ဟန်နှင့်၊လေပြန် သွန်းသွန်း၊ဝိဘိ စွန်းက၊လေဝန်း ရမ်းပြည်း၊ဖြည်းဖြည်း သာသာ၊ငေးကြည်စွာနှင့်၊ ဖြာဖြာ ထွေထွေ၊ စိမ့်စမ်းရေလျှင်၊တွေတွေသက်ဆင်း၊မြိုင်သနင်းလည်း၊ပင်ချင်း ယှက်ခါ၊ယှဉ်ပြိုင်လာသို့၊ပင်ဝါနိမ့်မြင့်၊ဆင့်ရရင့်လျှင်၊ပင်သင့်ပင်ကျင်၊အသစ်သင်ဖြင့်၊ သေသပ် ပုံရွာ၊ ရွက်ဝါ ရင့်ညောင်း၊ ရွက်သစ်လောင်းလျက်၊ညွန့်ပေါင်းကိုက်ရုံ၊ပွင့်ဖူးငုံလည်း၊သင်းထုံ ပျံ့ရွာ၊ရှုဘိုင်း သာသည်၊ဂန္ဓာ မြိုင်နွယ်၊တုနှိုင်း ဆွယ်သား၊အံ့ဘွယ် ရှစ်ဖြာ၊ဂုဏ်ခြောက်ဝါနှင့်၊အင်္ဂါကိုးပါး၊တရား သုဒ္ဓိ၊ဝိမုတ္တိဟု၊ ပါဠိသုဒ္ဓ်၊ ပါဌဂုတ်ကို၊ ဘွေထုတ်ဂန္ထန်၊ဘိဓာန် လင်္ကာ၊သဒ္ဒါ တောဒည်း၊လွန်ဘိပ်သည်းလျက်၊သင်နည်း ကုန်စင်၊ကျွမ်းရိုး မြင်သည်၊အာပင်ငါးပါး၊ဆရာများကို၊တွေ့ကြားလတ်ဘိ၊အခွင့်သိလျက်၊ပါဠိအဋ္ဌ၊ဝါကျအဋ္ဌနှင့်၊ဝါဒ သဘော၊ယောနိသောဖြင့်၊စောကျော သုံးသပ်၊ဒိုဆည်းဘဝ်၍၊မေးအဝ်သမျှ၊မိပ္ပါယ်ကို၊ ဓမ္မသာကစ္ဆာ၊မေးလျှောက်ရာသည်၊ ၊ပညာသုတ မဆုံးဘည်း၊

---

၎င်းသက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်များကိုဖော်ပြချက်၊

အံ့ဘွယ်-ဂ-ပါးကား၊ ၊နူးညံ့သိမ်မွေ့သော သိက္ခာပုဒ် ရှိခြင်း၊ အသက်မွေးမှုကြောင့်သိက္ခာပုဒ်ကို မလွန်ကြူးခြင်း၊ သာသနာတော်နှိုက် သူယုတ်မာတို့ မတည်ခြင်း၊ ဓာတ်အမျိုး မခြားနား တရားတမျိုးတည်း ရှိခြင်း၊ ရဟန္တာတို့ နိဗ္ဗာန်

စံယူ ပြား သော်လည်း၊ တရား နိဗ္ဗာန်၊ မဆိတ် ညံ့ခြင်း၊ ဓမ္မက္ခန္ဓာ-၈,၄၀၀၀-ရှိသော်လည်း၊ဝိမုတ္တိရသတပါးသာ ရှိခြင်း။ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားရတနာ ပေါ်များခြင်း၊အရိယာတို့ခိုမှီပျော်ပါးရာဖြစ်ခြင်း။ ။ဟူ၍ ၈-ပါးတည်း၊

တရားတော်ဂုဏ်-၆-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

အင်္ဂါ-၉-ပါးကား၊ ။သုတ္တ။ ဂေယျ။ ဝေယျာကရဏ။ ဂါထာ၊ ဥဒါန်း၊ဣတိဝုတ္တ။ဇာတက၊အဗ္ဘုတဓမ္မ၊ဝေဒလ္လ။ ။ဟူ၍ ၉-ပါးတည်း။

အာဝင် ၅-ပါးကား၊ ။အဋ္ဌကထာနှင့်တကွ။ ပါဠိတော်၊ ဆန်း၊ အလင်္ကာ၊သဒ္ဒါ၊အဘိဓါန်။ ။ဟူ၍-၅-ပါးတည်း၊

---

ပေါရာဏကထာနှင့်၊ယခုဝေါဟာရစကားများကား။

ရမ်းပြည်းကား။ ။အထက်ကဆိုခဲ့ပြီ။

ထွေထွေကား။ ။ ငင်း။

သနင်းကား။ ။ ငင်း။

တောဒည်းကား။ ။ဆန်းကျယ်။

စောကျောကား။ ။မေးမြန်းခြင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

လေဝန်းရမ်းပြည်း။ဖြည်းဖြည်းသာသာ,ကား ခွဲထား။ ရှေ့-ပ စောက်ရရစ်ညှသတ်။ နောက်-ဖဦးထုင်ရရစ်ညှသတ်။ ။ဖြာဖြာ ထွေထွေ။ ဖိမ့်စမ်းရေချျင်း။ တွေတွေသက်ဆင်း,ကား ခွဲထား။ ရှေ့ ထဆင့်ထူး၊နောက်-တဝမ်းပူ၊ ။ပါဠိသုဒ္ဒနိ။ပါဠဂုတ်ကုံ၊ဖွေထုတ်_ ဂန္ထန်,ကားခွဲထား၊ရှေ့-ဒွေး၊နောက်-ထဆင့်ထူး၊ ။ဘွေထုတ် ဂန္ထန်၊ဘိဓါန်လင်္ကာ,ကားခွဲထား၊ရှေ့-ထဆင့်ထူးနသတ်၊ နောက် ဓအောက်မြိုက်နသတ်၊

ကာလေနဓမ္မသာကစ္ဆာ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏၊

## ဖတ်ခံမင်္ဂလမုတ္တမ်ဟုသောမင်္ဂလာ-၄-ပါးချုပ်။

(၅၂) အယုတ်,အလတ်။ သခုတ်မှတ်သည်၊ အမြွတ်သုံးပါး။ သည်းခံ၍ြားလော့၊ ညွန်ကြား ပညာ၊ဆရာ မိဘ၊ဩဝါဒကို၊ ဆုံးမ လွယ်စွာ၊အရိယာ တရား။လေးပါး နှယ်မှန်၊ပုထုဇန်လျှင်၊ မြတ်မွန် သယ်ာ။ ထေရ်မဟာကို၊ ပူဇာနွှင်ဟ၊ပြုကုန်ကြလော့၊ ထိုမှတဖြာ။ ခဲခက်စွာလျှင်၊သဒ္ဓါ အနက်၊ဆဲ့နှစ်ချက်ဖြင့်၊မပျက် ရ လင်၊အခါဝင် ငါးပါး၊ ဆရာများကို၊တွေ့ငြား တော်ကို၊အခွင့်သိလျက်၊ ပါဠိသုဒ္ဒန်၊ ပါဠဝုတ်ကို၊ဘွေသုတ်ကျမ်းလာ၊မသိသာမူ၊ကောင်းစွာသဘော၊ ယောနိသော်ဖြင့်၊စောကျောသုံးသပ်၊မေးအပ်သင့်ရာ၊ မေးမြန်းရာ သည်၊ ။လေးဖြာကျင့်ဝတ် မှတ်ထုံးတည်း။

---

ရင်းလက်ဘိုဒ်တွင်ပါသော လိနတ္တအဓိပ္ပါယ် များကိုဘော်ပြချက်။

အရိယာဝံသတရား-၄-ပါးကား ။သာသနာတော်၌မွေ့လျော်၍၊ သိက္ခာပုဒ်ကို စောင့်ရှောက်သဖြင့်။ ပစ္စည်းလေးပါး သိမ်း ထားမရှိ၊ရသမျှဖြင့်ရောင့်ရဲခြင်း၊ ။အခွင့်သင့်ရာ၊တိုင်ပင် ပါလျှင်၊ အကျိုးနှစ်ပါး မယုတ်ခြင်း၊ ဆိတ်ညံ သောနေရာ၌ နေလေ့ရှိခြင်း၊ဘေးလွတ်,ရန်ကင်း၊ညှဉ်းပန်းမရှိခြင်း။ ။ ဟူ၍လေ ပါးတည်း။

သဒ္ဓါ နက်-၁၂-ချက်ကား။ ။ဝဏ္ဏကလုံးအက္ခရာတပါး၊အက္ခ ရာများကို ဒဘ ါး၊ပဒများကို ပါကျဟူသော ဗျဉ္ဇနတပါး။ ပါကျဗျည်းကို ဝေဘန်ရာ အာကာရတပါး၊ အာကာရကို ဖွင့်ဆိုရာ နိုယုတ္တတပါး၊နိရုတ္တိကို ၃ ံ့ဆိုရာ-နိဒ္ဒေသ,ဟူ၍ သဒ္ဒါခြောက်ပါး၊ ။အက္ခရာအကျဉ်းနက်ကိုသံကာသန၊ ပဒအကျယ်အနက်ကိုပကာသန၊ဝါကျအကျယ်အနက်ကို ဝိဝရဏ၊အာကာရအနက်ကိုဝေဘန်ရာဝိဘဇ္ဇန၊နိယုတ္တိကို ထင်ရှားစွာ ပြရာ ဥတ္တာနိကမ္မ၊ အသုံးသုံး

ပညပ်နက်ကို နိဒ္ဒေသ။ ဟူ၍ အနက်-၆-ပါး။ ၂-ရ သဒ္ဒါအနက်-၁၂-ချက်တည်း။

အာဝင်-၅-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏာကထာနှင့်။ယခုဝေါဟာရစကားများကား။

မွန်ကား။ ။အထက်ကဆိုခဲ့ပြီ။
စောကျော့ကား။ ။ငှင်း။

ဇေတံမင်္ဂလရတ္တမံဟူသောမင်္ဂလာ-၄-ပါးချုပ်ပြီး၏။

---

## (၉) တပေါစ,ဟူသောမင်္ဂလာ။

(၅၃) ရတနာရောင်ခြည်။ထိန်ထိန်လည်လျက်။လေးမည့်တင့်ခွန်း။လေးရောင်ထွန်းသည့်။လေးကျွန်းချက်ချာ။ရောင်ဝါ မမှိန်။အာလိန်ငါးဆစ်။မြစ် ခုနစ်မြောင်။တောင် ခုနစ်ဖြာ။ယုဇနာ တသောင်း။နတ်အပေါင်းသည်း။ခင်ဗြောင်း ပျော်ရာ။ ဝတိန်သာဝယ်။ သုရာ ခပဲ။ ရန်စစ်ပွဲကို။စောရဲ ခွေမှောက်။ဘုန်းကျိုး ပျောက်၍။ လျှံတောက် ရိပ်ငြိမ်။နဘာတိမ်ဝယ်။မွေ့သိမ် ဇာဠာ။မင်္ဂလာ ကြွက်သရေ။တက်ဖြိုးဝေလျက်။လ,နေထွန်းယောင်။တူနွန်း ပြောင်သည့်။ ကိုယ်ရောင်မြဲ့မြဲ့။အတုမဲ့သား။နှစ်ဆဲ့ငါးကုဋေ။ရံခြွေ ဝန်းညီ။ဒေဝီ ဒေဝေါ်။ဖြာဖြာ ရချုံး။နတ်ဘုံလုံးလျှင်။ပတ်ကုံးဖိမ့်ဖိမ့်။သဲသဲသိမ့်မျှ။ နတ်ငြိမ့်သဘင်။နတ်ပဉ္စင်လည်း။ငါးအင်တူရိယာ။ ဒေဝစ္ဆရာတို့။လံသာ သံချို။သီဆိုပျော်ပါး။ကျော့သင်ရှားသည်။ဆိုကြွားခန့်ရန်။တမန်ယော်ကျား။အိုနတ်သား။ ။မှတ်ထားသေချာ။စေ့စေ့ နာလော့။သာဂြာ ယတနစကျွေစသား။ဒွါရ ခြောက်ပါး။တံခါး လဟာ။ ခြောက်မျက်နှာလျှင်။ပမာတင်ဘိ။သတိမပျက်။ တံခါးရှက်တည့်။ ဝင်ထွက် တံခါး။ မပိတ်ငြားမူ။ မြို့တွင်းသူတို့။ ပူပူဆာဆာ။ မချမ်းသာအောင်။ဗျာပါသောက။အိမ်မှစ၍။ပျားအုဥ္စွာ။ရတနာ ခွေငွေ။အထွေထွေ

ကို။ယုလေခိုးသူ၊ဖျက်ဆီးမှုမှု။ ပမာ ရှုလော့၊စက္ခု စသား၊ အာရုံ အားဖြင့်။ခြောက်ပါးဒွါရာ၊မလုံပါမူ၊အဘိဇ္ဈာ ဒေါမနဿ။မျှားလတ် ထိုထို။အကုသိုလ်တို့၊ဖျက်ပြို ပြုန်းတီး၊အသီးသီးဖြင့်။ဖျက်ဆီးရာ လျှင်၊ မဆွတ်ပင်တည်း၊မြို့ဝင်တံခါး၊ လုံခြုံငြားက၊ မြို့သားတဝေး။ ချမ်းမြိမ်းဧးလျက်၊ခိုးသေး ဓားပြ၊မတိုက်ရမှု၊ ပမာပြုလော့။ စက္ခု စသား၊အာရုံအားဖြင့်၊ခြောက်ပါး ဒွါရာ၊လုံခြုံပါမူ၊ အဘိဇ္ဈာ ဒေါ မနဿ၊စရိုလတ်သား၊တရားယုတ်မာ၊ မဝင်ရာဘိ၊ ကောင်းစွာ သိ လော့။ ဟိရီ ဩတ္တပ်၊ မြဲစောင့်အင်သည်၊ ကိုယ်ကြဉ် တရား၊ ကဝ် သောအားဖြင့်၊ခြောက်ပါး ဇာဂြေ၊ လုံခြုံစေမှ၊ သီလ သမာ၊ ပညာ သုဒ္ဓ၊ အနုဿရ၊ ဉာဏမျက်စိ၊တိတိ လင်းလင်း၊အမြင်ပြင်းလျက်၊ သန့်ရှင်းအထွန်း၊ ပဋ္ဌဝေကြောဘာ၊ ဆင်ခြင်ကာဖြင့်၊ချမ်းသာ ဝိမုတ်၊ လောကုတ်တရား၊အာရုံသားသည်၊ ။ခြောက်ပါးဇာဂြေ စောင့် လတ်တည်း၊

---

ငင်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ်
များကိုဘော်ပြချက်၊

အချောင်-၄-ပါးကား၊ ။ခွေး၊ငှေ၊မြွေ၊ဗလ်၊ဟူ၍-၄-ပါးတည်း၊

ဒွါရ ၆ ပါးကား၊ ။စက္ခုဒွါရ၊သောတဒွါရ၊ဃာနဒွါရ၊ဇိဝှါဒွါရ၊ ကာယဒွါရ၊မနောဒွါရ၊ ။ဟူ၍-၆-ပါးတည်း၊

ဇာဂြေ-၆-ပါးကား၊ ။စက္ခုဂြေ၊ သောတဂြေ၊ ဃာနဂြေ၊ ဇိဝှါဂြေ၊ ကာယဂြေ၊မနဂြေ၊ ။ဟူ၍-၆-ပါးတည်း၊

တုရိယာမျိုး-၅-ပါးကား၊ ။တဘက်ဝိတ်စည်၊နှစ်ဘက်ဝိတ်စည်၊ အသုံးရုံခတ်သောစည်၊ ခွက်ခွင်း၊ ကြေးနှင့်စသော တခဲ နက်စည်၊ပွေ၊ခရုသင်းစသောအခေါင်းရှိသောစည်၊ ဟူ၍ ၅-ပါးတည်း၊ ။တနည်း၊နှဲ၊ခရာ၊ပတ်သာ၊စောင်း၊ ညှင်း၊ ဟူ၍-၅-ပါးတည်း၊

ပေါရာဏကထာနှင့်။ ယခုဝေါဟာရစကားများကား။

ခပဲကား။ ။အထက်ကဆိုခဲ့ပြီ။

စောရဲကား။ ။ ငင်း။

ဈွမှောက်ကား။ ။မင်း။ အမြတ်လည်းဟူ၏။

အကြွရာအပင့်အရစ်,ကာရန်ခွဲထားများကား။

လ,နေထွန်းယောင်။ တုနှိုန်း ပြောင်သည်၊ ကိုယ်ရောင်ဖြိုဖြို,ကားခွဲထား။ ရှေ့-ယငယ်။ နောက်-ရကြီး။ ။နဘာတိမ်ဝယ်။ မြွေသိမ်ဇာမှာ,ကားခွဲသား။ ရှေ့-တဝမ်းပူ။ နောက်-သအကြွရာ။

(၅၄) ဝိရိယာရန္တ။ လို့လသမှု။ စုစ်ဝတ္တ။ ဖြင့်၊ အားပြု တသွန်။ မချဝန်ကို။ ကဲလွန်မနှေး၊ အားသစ်ပေးရာ။ သမ္မာဝါယာမ၊ လက္ခဏာနှင့်။ ရသ သိမှု။ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကို။ ဝေဘနဲ့ ကုန်ကြ၊ ကောသဇ္ဇဖြင့်။ လို့လလျော့ကျုန်း။ ချသောဂုန်ကို။ ပူပန်စေတတ်။ အားထုတ်လက်ရော။ အဘိဓ္ဓာ စသား။ ငါးပါး နီဝရဏ။ ပယ်ကုန်ကြလျက်၊ ရျာန်မဂ်စသည်၊ တည်တည်ဆင့်ဆင့်၊ ရင့်ထက် ရင့်၍။ ထောက်ပင့်ရိုလွန်။ မတွန့်မဆုတ်၊ အားထုတ်ခြင်းရာ။ လက္ခဏာတည့်။ ။စိတ်မှာမပေါ့၊ အားမလျော့ဘဲ။ အမြဲတည့်တံ့။ ခိုင်ခံ့စေမှု။ ထောက်ပံ့ကြသည်။ ကိစ္စမသွဲ၊ ။အမြဲမတွန့်၊ မတွန့်မဆုတ်၊ အားထုတ်ခြင်းလျှင်၊ ထင်သောခြင်းရာ၊ ကောင်းစွာနေးရှု။ ပစ္စုပဋ္ဌာန်။ ။တဘာန်ဘုံပြီ။ ဇာတိစသား၊ ဘေးအများနှင့်။ တွေ့ငြား သောခါ။ စိတ်မှာ မဆိုင်း၊ အလိုင်း တကြုံး၊ အပြီး မခန့်၊ ထိပ်သန့်မဆုတ်။ အားထုတ် ခန့်ရန်၊ ပဒဋ္ဌာန်မှို၊ မှန်မချို သည်၊ ဤသို့ပိုင်းခြား၊ မြဲမှတ်သားလော့။ ။တဒါးဘိမ္မ။ ဥဿာဟ_ ဖြင့်၊ တပမြိုးမြို၊ ကြိုးပမ်းခံသျက်၊ မြဲမြဲအကျင့်၊ ဆဲ့သုံးဆင့်ဖြင့်၊ ဝေးလွှင့်ကိလေ၊ မှောင့်ရောင့်ချွေလျက်။ ကိုယ်နေ ရှင်းရှင်း၊ တကိုယ်ချင်းဖြင့်၊ ကိုယ်တွင်း အနေး။ ကိုယ်စိတ် ဧး၅၊ ကြိုးပမ်းရာသည်။ ။ ကောင်းစွာသို့လ တွေ့ဘ်မြဲဘ်ဘည်း။

## ၄င်းလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

ဝိရိဟာရန္တ-၇-ပါးကား။ ။အမှုပြုအံ့၊ မပြုမီ မရသေးသောတရားကို အားထုတ်ခြင်း။အမှုပြုပြီး၍ရှင်းခရီးသွားအံ့၊ မသွားမီရှင်း။ ခရီးသွားပြီးပြီရှင်း၊ဆွမ်းခံ၍လိုတိုင်းမရရှင်း။ဆွမ်းခံ၍ လိုတိုင်းရ၏ရှင်း၊အနည်းငယ် အနာရောက်၏ရှင်း။အနာပျောက်ပြီရှင်း။ ။ဟူ၍-၇-ပါးတည်း။

နိဝရဏ-၅-ပါးကား။ ။ကာမစ္ဆန္ဒနိဝရဏ။ဗျာပါဒနိဝရဏ။ထိနမိဒ္ဓနိဝရဏ။ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏ၊အဝိဇ္ဇာနိဝရဏ။ ။ ဟူ၍-၅-ပါးတည်း။

ရုဘင်-၁၃ ပါးကား။ ။တိစိဝရိက်။ပိဏ္ဍပါတ်၊ပတ္တပိုဏ်၊နိသိန္နိုင်၊ ဧကသနိက်၊အရညကင်၊သုသာန်။ပံသုကူ။ရုက္ခမူ။ အဗ္ဘောကာသိက၊သပဒါနစာရိက၊ ခလုပစ္ဆာဘတ္တ၊ ယထာသန္တတိ။ ။ဟူ၍-၁၃-ပါးတည်း။

တပေါင်,ဟူသောမင်္ဂလာ-၂ ပိုဒ်ပြီး၏။

---

### ဗြဟ္မစရိယဥ,ဟူသောမင်္ဂလာ။

(၅၅) ဗြဟ္မစရိယ။မြတ်ဖွတရား။ထိုဆယ်ပါးကို။ထင်ရှားဒေသနာ။ကျမ်းဂန်သာသည်၊ဆိုင်ရာဆိုင်ရာ။မင်္ဂလာဖြင့်။သွင်းပါကြလျှင်၊ဗြဟ္မစရိယာ၊၌အရာမူ၊တပါးသူသော့။ကြင်သူမယား။ ညာသက်ထားမှ။တပါး အကျင့်။ ရောင့်ရဲလင့်၍။ မသင့်အင်္ဂါ၊ ရှောင်ကြဉ်ရာလည်း။ ဗြဟ္မာစရိယတ်။အကျင့်မြတ်သာ၊ သူတော်စွာဘို့။ ကျင့်ရာအမ်းကောင်း၊တမျဉ်းကြောင်းဟု၊ ထုံးဟောင်း မှတ်သား။ ကျင့်ကြီးငြားမှ။မှန်မချို့လျှင်။၌သို့ကျင့်သား။အကျိုးအားမူ။ လေးဆူ ကျွန်းမြတ်၊ပိုးမိုးလတ်သည်။မန္တာတတ် စကြာ။ဘုန်းရောင် ဖြာ၍။

အချာချုပ်တည်း။ ဒုပ်စည်း ချမ်းငြိမ်။ မင်းစည်းစိမ်လျက်။ မနွန်း တက်သာ။ အထက် ခြောက်ရွာ။ ဒေဝါ ဒေဝ။ ပရနိမ္မိ။ နတ်တုန်းရှိ တို့။ စည်းစိမ်ခြိဖြင့်။ လူတို့အသက်။ ချင့်တွက်သချာ။ ကုံးရာနှစ်ဆယ်။ ရွှန်းကယ် မသွေ၊ တကုဋေစစ်။ ထိုနှစ် တိုင်တိုင်။ ပြိုးခိုင် စည်းစိမ်။ နတ်ရိပ်ငြိမ်ဖြင့်။ မွေ့သိမ်ချမ်းသာ။ ခံစားရာ၏၊ တပြာထို၍။ ပစ္စကျွ လည်း။ ရချ မပျက်။ အသက်ရှည်ရေး။ အနာ ကင်းခြင်း၊ ကြောင်းရင်း ငါးပါး။ ထိုတရားတွင်။ တပါးဝင်ဟု။ ဆင်ခြင်မှတ်သား။ သတိထား သည်၊ ။ တရားပြဟ္မစရိယတ်တည်း။

---

## ၎င်းလက်ာပိုဒ်တွင်ပါသော သိနတ္တအဓိပ္ပါယ် များကိုဘော်ပြချက်။

ပြဟ္မစရိယတရား–၁၁-ပါးကား။ ။ဒါန။ဝေယျာဝစ္စ။ ပဉ္စသီလ။ အပ္ပမာဒ။ ပြဟ္မစရိယ။ သမ္မာဝါယာမ။ ဥပေါသထ။ အရိယ သစ္စာ။ သာသန။ ဒေသန။ မဇ္ဈိမယာ၊ ဟူ၍-၁၁-ပါးတည်း။

ကျွန်း-၄-ကျွန်းကား။ ။အထက်ကဆိုခဲ့ပြီ။

နတ်ပြည်-၆ ထပ်ကား။ ။စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ၊ ဝသဝတ္တိ။ ။ဟူ၍ ၆-ထပ်တည်း။

အသက်ရှည်၊ အနာကင်းခြင်းအကြောင်း-၅-ပါးကား။ ။သပ္ပါယ ကာရီ၊ သင့်တင့်သောအမှုကိုပြုခြင်း၊ သပ္ပါယဘော်ဇန်၊ သင့် တင့်သော အစာကိုစားခြင်း၊ ဘောဇနမတ္တညုတာ၊ အစာ စားခြင်း၌ အတိုင်းအရှည်ကိုသိခြင်း၊ ကာလစာရီ၊ ဥတုရာ သီ အခါကာလအလျောက် ကျင့်ခြင်း။ ပြဟ္မစရိယ၊ မြတ် သောအကျင့်ကိုကျင့်ခြင်း၊ ။ဟူ၍-၅-ပါးတည်း။

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ကြွင်သူကား။ ။မယား။
ဖြစ်ီးကား။ ။အထက်ကဆိုခဲ့ပြီ။
နွန်းကား။ ။တူသောသဘော၊အတိုးထားခြင်း၊ယှဉ်ပြိုင်ခြင်းသဘော၊

(၅၆) ဖြဟ္မစရိယ၊ဆင့်၍ပြအံ့။ လောက ဓမ္မတာ၊ လူ့တံထွာလျှင်၊ကာမာရတိ၊ရွှံဘွယ်လို့ဟု၊လောကိ စည်းစိမ်၊ဘင်ပုပ် အိမ်သို့၊ကြိမ်ကြိမ်များစွာ၊ကိလေသာကို၊ အာသာ ငမ်းငမ်း၊တပ်မက်လွှမ်းလျှက်၊ သော့သွမ်း ရမ္မက်၊ ပူပန်ချက်ဖြင့်၊ကလက် ကလိန်း၊ ကျက်မထိန်းဘဲ၊မိန်းမနိုင်ငံ၊ဆက်ဆံမြူးတူး၊လိုက်စား ကြူးလျှင်၊ကျေးဇူးမပြိုး၊တန်ခိုးယုတ်စွာ၊ပညာယုတ်ငြား၊ခွန်အားယုတ်ပျက်၊ကိုယ်လက်ကိုက်ခဲ၊ဆင်းရဲပူဘာ၊ရုပ်ဝါမလန်း၊ အားကုန် ခန်းပြီး၊ပင်ပန်းကြီးလျှက်၊ဘုတ်ဟာီးချောင်းဆိုး၊ဘေးထိုး ရင်ကြပ်၊ဖြူဖတ်သားရေ၊ မူးမှိုင် ဝေလျှက်၊ အနေ မကောင်း၊အညောင်း အကိုက်၊ကိုယ်၌ပေါင်းရ၊ဆနဝဆိုး၊ ရောဂါအိုးလျှင် နာမျိုး တည်ရာ၊ လွန်ယုတ်မာ၏၊ ဓမ္မတာဂန်၊မလွန်နိုင်ကြ၊ သင့်ရုံမျှသာ၊ ဝတ္တအိမ်လျှင်၊ထွက်ဝင်သွားလာ၊ ထိုအခါသို့၊ ပညာ ချင့်လျှက်၊ ဆင့်ဆင့် မပွါး၊စောင့်စည်းငြားက၊ခေါင်းပါး ရောဂါ၊ကင်း အနာနှင့်၊ ရဿယန၊ဘေးသဏ္ဍသို့၊ကာယမနှမ်း ငြေးကြည်ချမ်းသည်၊ ။သက်တမ်းရှည်မျှကြ၍လတ်တည်း၊

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ငမ်းငမ်းကား။ ။အလွန်အမင်မသိမ်းမတားနိုင်ခြင်း၊
ရမ္မက်ကား။ ။တပ်နှဂ်သက်ခြင်း၊
သော့သွမ်းကား၊ ။ရိုက်သည်၊

ဗြဟ္မစရိယဋ္ဌ,ဟူသောမင်္ဂလာ-၂-ပိုဒ်ပြီး၏။

## အရိယသစ္စာနဒဿနံ,ဟူသောမင်္ဂလာ။

(၅၇) အာသဝတရား။လေးပါးဖြစ်ချက်။ ဒေသနက်လျှင်။ မြွေးယှက်အဝိဇ္ဇာ။တဏှာလောဘ။မူလနှစ်ပါး။ ပဋ္ဌာန်းအားဖြင့်။ ခြော်ပါးသိမှု။ ပစ္စည်းပြုလျက်။ ဟေတုဖလ။ ကြောင်းကျိုးမျှသာ။ နေတ္တိမှာကား။ ကုသလာကုသလ။နှစ်ဌာနဖြင့်။မူလတရား။ ဆဲ့ရှစ်ပါးကို။ မှတ်သားသိမြင်။ဒွါဒသင်လျှင်။ပုံလင်ပေါင်းစည်း။အကျဉ်းနည်းက။ ကေတ္တုတည့်။ယင်းမှအပြား။တပါးတပါး။အကျယ်အားဖြင့်။ဟော ကြားနှုသ။နှာနုတ္တတည့်။ထိုမှာဘဝ။ဒွါဒသဟု။ပဋိစ္စတရား။ ပိုင်သား စိုးရ။ဘန်ဆင်းစသည်။အဋ္ဌ ကင်းစင်။ ပြုပြင်ကင်းရာ။ အဗျာပါရ။ နည်းမှာကြမ္မို။မှန်မချို့တည့်။ယင်းသို့ ဗျာပါ။မရှိရာဘဲ။ ကြောင်း ကျိုးစွဲ၍။ဖြစ်မြဲနိယံ။သာရုဏ္ဏကား။ဧဝံဓမ္မတာ။ နည်းလေးဖြာကို။ ကောင်းစွာစစ်ဆေး ကြံစည်တွေးလျက်။အရေးကြီးစွ။ ကြုံးပမ်းကြ လေ့။နိစ္စသုခ။အတ္တကာယာ။သညာဝိပ္ပလ်။မဘောက်ပြန်သည်။ ။ နည်းမှန်လမ်းဦး မှတ်ရာတည်း။

---

ဦးလက်ာပိုဒ်တွင်ပါသော လိနတ္ထအခိပ္ပါယ်များကိုဘော်ပြချက်။

အာသဝတရား-၄-ပါးကား။ ။ကာမာသဝ၊ဘဝါသဝ။ဒိဋ္ဌာသဝ။ အဝိဇ္ဇာသဝ။ ။ဟူ၍လေးပါးတည်း။

မူလ-၂-ပါးကား။ ။ပဋိစ္စသမုပ္ပါဒ်နည်း။ ။အဝိဇ္ဇာ။တဏှာ။ ။ ဟူ၍-၂ ပါးတည်း။

မူလ-၆-ပါးကား။ ။ပဋ္ဌာန်းနည်း၊ လောဘ။ဒေါသ။မောဟ။ အလောဘ၊အဒေါသ။အမောဟ။ ။ဟူ၍ပေါင်း ၆-ပါးတည်း။

မူလ ၁၈ ပါးကား။ ။နေတ္တိနည်း၊ တဏှာ။ အဝိဇ္ဇာ။ လောဘ။ ဒေါသ၊မောဟ၊သုဘသညာ။သုခသညာ၊နိစ္စသညာ။ အတ္တသညာ။ ။အကုသိုလ်-၉-ပါးတည်း၊ ။သမထဝိပဿနာ။ အလောဘ။ အဒေါသ။ အမောဟ အသုဘာသညာ၊ ဒုက္ခသညာ။အနိစ္စသညာ။ အနတ္တသညာ။ ကုသိုလ် ၉ ပါးဟူ၍ ၁၁-ပါးတည်း။

နည်း-၄-ပါးကား။ ။ကေတ္တနည်း၊နာနတ္တနည်း။အဗျာပါရနည်း။ ဧဝံဓမ္မတာနည်း။ ။ဟူ၍လေးပါးတည်း။

ဒွါဒသပါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ဝိစွေးကား။ ။အထက်ကဆိုခဲ့ပြီ။

(၅၈) သဗ္ဗဝါသ။ ဘုံကိုးဝတွင်။အစ သုံးဆိတ်၊ ဗိုလ်ဟိတ် စပ်ကာ၊အင်္ဂါဆဲ့နှစ်ရပ်။အစပ်သုံးပါး၊အလွှားလေးသွယ်၊ နှစ်ဆယ် ခြင်းရာ၊သုံးဖြာ ဝဋ်။ကာလ သုံးဖြာ။ သံသရာဝယ်၊ ချာချာ လည် တတ်၊ရဟတ်စက်လား၊ဆုံလည်ခွားသို့။မနား မရပ်။ထပ်ကာ ထပ် ကာ။ခန္ဓာ ဓာတ်။ရှိတုံဘိက၊ဗျာဓိ ဇရာ၊မရဏာလည်း၊ ရှိရာစမြဲ။ ဘောက်လှဲမငြိမ်။ပိုးရိပ်ပူဆွေး။ငိုကြွေး ဆင်းရဲ၊အမြဲ ဖြစ်တုံး။နှလုံး ဆာပူ။ချစ်သူ ကွေကွင်း၊မုန်းခြင်း တွေနေ၊ တထွေထိမှ။ တောင့်တ လိုရာ၊မရပါ၍၊ကြီးစွာ ပင်ပန်း။မှတ်ခန်း အချုပ်၊ ပဥ္စုပ္ပါဒါ၊ ဆင်းရဲ သာတည်း၊ ဤနည်း တည်တည်။ ကျင်လည် သမှု။ တေဘူမကာ၊ သင်္ခါရကား၊ဖြစ်ကပျက်ကြုံ။တလုံလဲလှဲ၊ တမွဲမွဲဖြင့်။ ဘောက်လှဲ ဘောက်ပြန်၊ တနံတန် မျောရ။လောဘ တဏှာ။ကြည်အပ်ရာသား။ ဤတရားသည်၊ ။မှတ်သားဒုက္ခ သစ္စာတည်း။

ဂုဏ်းလက်ာပိုဒ်တွင်ပါသော လိနတ္ထဒွိပ္ပါယ် များကိုဘော်ပြချက်။

သဗ္ဗဝါသ။ဘုံကိုးဝကား။ ။နာနတ္တကာယ,နာနတ္တသညီ။ကေတ္တ ကာယ,နာနတ္တသညီ။ ကေတ္တကာယ,ကေတ္တသညီ။ သညီ ဘဝ။အသညီဘဝ။နေဝသညီနာသညီဘဝ။ ကေဝေါကာ ရဘဝ၊ စတုဝေါကာရဘဝ။ပဉ္စဝေါကာရဘဝ။ ။ဟူ၍ ၉-ပါးတည်း။

အင်္ဂါ-၁၂-ပါးကား။ ။အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။တဏှာ။ဥပါဒါန်။ဘဝ။ဇာတိ။ ဇရာမရဏ။ ။ဟူ၍-၁၂-ပါးတည်း။

အစပ်-၃-ပါးကား။ ။သင်္ခါရနှင့်ဝိညာဉ်အကြားတစပ်။ဝေဒနာနှင့်တဏှာအကြားတစပ်။ဘဝနှင့်ဇာတိအကြားတစပ်။ ဟူ၍သုံးပါးတည်း။

အလွှား-၄-သွယ်ကား။ ။အဝိဇ္ဇာ။သင်္ခါရ။ဤနှစ်ပါးသည်တလွှား။ ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ ဝေဒနာ။ ဤငါးပါးသည်တလွှား။ တဏှာ။ ဥပါဒါန်။ ဘဝ။ ဤသုံးပါးသည် တလွှား။ဇာတိ။ဇရာ။မရဏ။ဤသုံးပါးသည်တလွှား။ ။ဟူ၍လေးပါးတည်း။

ခြင်းရာ-၂၀-ကား။ ။အဝိဇ္ဇာ။ သင်္ခါရ။ တဏှာ။ ဥပါဒါန်။ ဘဝ။ အတိတ်အကြောင်းငါးပါးဟုဆိုအပ်သောခြင်းရာငါးပါး။ ။ တဏှာ။ဥပါဒါန်။ ဘဝ။ အဝိဇ္ဇာ။ သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါးဟု ဆိုအပ်သော ခြင်းရာ ငါးပါး။ ။ ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ ဝေဒနာဟူသော။ ပစ္စုပ္ပန်အကျိုး ငါးပါးဟုဆိုအပ်သော ခြင်းရာ ငါးပါး။ ။ ဝိညာဏ်။နာမ်ရုပ်၊သဠာယတန၊ ဖဿ။ ဝေဒနာ,ဟူသော အနာဂတ်အကျိုး ငါးပါးဟုဆိုအပ်သော ခြင်းရာငါးပါး။ ပေါင်းခြင်းရာ-၂၀ တည်း။

ဝဋ်-၃-ပါးကား။ ။အဝိဇ္ဇာ။ တဏှာ။ ဥပါဒါန်။ ဤ သုံးပါးကား ကိလေသဝဋ်။ သင်္ခါရ။ကမ္မဘဝ ဤနှစ်ပါးကား-ကမ္မဝဋ်။ ။ ဝိညာဉ်။ နာမ်ရုပ်။ သဠာယတန။ ဖဿ။ ဝေဒနာ။ ဥပပတ္တိဘဝ။ဇာတိ၊ ဇရာမရဏ။ဤ ၇-ပါးကား။ဝိပါကဝဋ်,ဟူ၍ ဝဋ်သုံးပါးတည်း။

ကာယ ၃ ပါးကား။ ။အဝိဇ္ဇာ၊သင်္ခါရ။ ဤနှစ်ပါးကား။ အတိတ်ကာလ။ ။ဝိညာဉ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ ဥပါဒါန်။ ဘဝ။ ဤ-၇ ပါးကား-ပစ္စုပ္ပန် ကာလ။

ဇာတိ၊ ဇရာ၊ မရဏာ။ ဤနှစ်ပါးကား၊ အနာဂတ်ကာလ,ဟူ၍ သုံးပါးတည်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

တလုံလဲလဲ၊ တမွဲမွဲဖြင့်။ ဘောက်လဲ့ဘောက်ဖြန့်,ကား ခွဲထား။ ရှေ့-လနောက်ပစ်၊ နောက်-လဟထိုးနောက်ပစ်၊

(၅၉) နက္ခသတ္တာ၊ အကြောင်းမှာကား။ တဏှာ လောဘာ၊ မူလ ကတည့်။ လောဘ ခြင်းရာ၊ အကျဉ့်းမှာဝိမ့်။ သေချာ မှတ်လတ်၊ ညောင်ကြွတ်ပင်ထက်၊ မယှဉ်ငှက်လျှင်၊ ချန်လျက်ချန်လျက်။ လွန်တပ်မက်၍၊ ခက်လက်ကူးပြောင်း၊ မညောင်းမညာ၊ ငါ့ဟာငါ့ဟာ၊ မြည်တမ်းကာဖြင့်၊ အာသာရမ္မက်၊ လွန်နှိုင်စက်၍၊ မသက် မဆိုင်၊ ကိုယ်မပိုင်သည့်၊ မနိုင်ပိုးရ၊ မောရုံမျှတည့်။ လောဘတဏှာ၊ ငှက်ပမာသို့။ မှတ်တုံမြို့လေ၊ လူတို့မှာသည်း၊ ငှက်ဈေးနည်းလျှင်၊ ပဋ္ဋည်းဥဇ္ဇာ၊ ရတနာခပင်း၊ ဆင်,မြင်း,ကျွဲ,နွား၊ သား မယားနှင့်၊ တိုင်းကား ပြည်ရွာ၊ ... ာသနင်း၊ ဘိုမင်းဘိုးပိုး၊ တို့လူမျိုးနှင့်၊ တို့ဘိုး တို့ဘ၊ စွဲသမ်းကြွ သား၊ လောဘတဏှာ၊ ဖြစ်တတ်ရာသည်။ ။သတ္တာသမုဒယတည်း။

---

ပေါ်ရာဏကသာနှင့်၊ ယခုဝေါဟာရစကားများကား။

ရမ္မက်ကား။ ၊တပ်နှစ်သက်ခြင်း၊
မင်းကား။ ၊အထက်ကဆိုခဲ့ပြီ၊
သနင်းကား။ ။ ငှင်း။

---

(၆၀) နက္ခ သမုဒယ။ သင်္ခတဟု၊ နှစ်ဝတခု၊ သင်္ခမပွါးတဲ၊ ...ပြားချုပ်ငြိမ်း၊ လက်စသိမ်းဖြင့်၊ ငြိမ်းကု...လို့။ ဇာတိ...သား၊ လေးပုကန္တာ၊ ထုရပြောဇ္ဇာသည်။ တဏှာ ဝါနှ၊ ဟောမ တောရပ်။ အထပ်ထပ်မှ၊ ငြိကပ် မရှိ၊ ထွက်လွတ်ဘိသား၊ အမြွတ် ထားသည်။

တရားနိဗ္ဗာန်။ ငြိမ်းရာမှန်ပြီ။ ဧကန်ရှိသည်၊ သန္တိလက္ခဏာ။ တည်ကြည်စွာဖြင့်၊ မဂ္ဂါရမ္မဏာ။ ဝိရာဂဟု၊ အသင်္ခတဓာတ်။ အမြတ်ဆုံးထား။ ဤတရားကား။ ။မမှားနိရောဓသစ္စာတည်း။

---

ဝင်းလက်ဘိုဒ္ဓိတွင်ပါသော လိနတ္တအဓိပ္ပါယ်
များကိုဘော်ပြချက်။

ကန္တာရ-၄-ပါးကား။ ။ဇာတိကန္တာရ။ ဇရာကန္တာရ။ ဗျာဓိကန္တာရ။ မရဏကန္တာရ။ ။ဟူ၍လေးပါးတည်း။
တနည်း။ ။စောရကန္တာရ။ ဝါဠကန္တာရ။ နိရုဒက ကန္တာရ။ ဒုဗ္ဘိက္ခကန္တာရ။ ။ဟူ၍လေးပါးတည်း။

---

ပေါရာဏကထာနှင့်။ ယခုဝေါရစကားများကား။

ထုပြောကား။ ။အမျှား။
ဟောမာကား။ ။တော။

---

(၆၁) ဒုက္ခ, သမုဒယ။ နိရောဓ, ဟု။ သုံးဝလက္ခဏာ။ ထင်တတ်စွါသည်။ သမ္မာဒိဋ္ဌိ။ သိသည့်အခါ။ နိရောဓကို။ တောင့်တမြော်ရေး၊ ကြံတွေးလက္ခဏာ။ ထင်တတ်စွာသည်။ သမ္မာသင်္ကပ္ပ၊ ရသဝေါဒါ၊ အစလသသား။ လေးဖြာနှုတ်မိက်။ ဒုစရိုက်ကို။ မကြုံကျက်ပယ်စွါ။ သမ္မာဝါစ။ ကာယဒုစ္စရိ။ ဝိရမိကို။ ကြည်သိပယ်စွါ။ သမ္မာကမ္မန္တ။ ကာယဝစီ။ နှစ်သမီ သမိက်။ ဒုစရိုက်ကင်း။ ကိုယ်၌တည်။ သက်မွေးမှုကြောင့်။ မပြုကြည်စွာ။ သမ္မာအာဇီဝ။ နိရောဓသွင်။ ရောက်ချင်ကျင်ကျင်။ ပယ်အင်ပယ်ရှား။ ပွါးအင်ပွါးမှု၊ အားထုတ်လေ့စွါ။ သမ္မာဝါယာမ။ နိရောဓဓါတ်။ တရားမြတ်ကို။ မပြတ်မရွေ့။ တစေ့စေ့ဖြင့်၊ အောက်မေ့သည်မှာ။ သမ္မာ သတိ။ နိဝရဏ၊ စသည်ကင်းပြတ်၊ ရှင်းရှင်းလွတ်ချွတ်။ သက်လတ်အပ္ပနာ။ တည်ကြည်စွာလျှင်။ သမ္မာသမာဓိ။ မည့်ရှိ ထင်ရှား။ ဤရှစ်ပါးကား ။တရားမဂ္ဂ သစ္စာတည်း။

## ငုံးလင်္ကာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်၊

ဝစီဒုစရိုက်-၄-ပါးကား၊ ။မုသာဝါဒ၊ပိသုဏာဝါစာ၊ဖရုသဝါစာ၊ သမ္ဖပ္ပလာပ,ဟူ၍လေးပါးတည်း၊

ကာယဒုစရိုက်-၃-ပါးကား၊ ။ပါဏာတိပါတ၊အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ,ဟူ၍သုံးပါးတည်း။

သမ္မပ္ပဓာန်-၄-ပါးကား။ ။မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်စေခြင်း၊ဖြစ်ပြီးသော အကုသိုလ်ကိုပယ်ခြင်း။ မဖြစ်သေးသော်ကုသိုလ်ကိုဖြစ်စေခြင်း၊ဖြစ်ပြီးသောကုသိုလ်ကို ပွါးစေခြင်း,ဟူ၍လေးပါးတည်း၊

---

(၁၂), ဒုက္ခ,သမုဒယ၊နိရောဓဟု၊မဂ္ဂသစ္စာ၊ လေးဖြာ တရား၊ ပိုင်းခြားပယ်ဖျောက်၊မျက်မှောက် ပွါးများ။ အစဉ် အားဖြင့်။ မှတ်သားသချာ၊ဆိုဘုံပါအံ့၊ ။ခန္ဓာပဉ္စက၊သမုဟကိ၊သုံးဝလက္ခဏာ။ ထင်ဘုံလာမူ၊ ငါ သူတပါး၊ ယောက်ကျား မိန်းမ၊ သတ္တမဟုတ်၊ သမုတ်ပေါ်ဘာရ၊ပညာဝ်မျှဟု၊သစ္စကိစ္စ၊ကတသုံးတန်၊သုံးပါးဉာဏ် ဖြင့်၊ဟုတ်မှန်ထိုးထွင်း၊သိခြင်း ပြုခြင်း၊ တတ်ခြင်းမရှု၊ ပြီးကုန်ကြသည်၊ ဒုက္ခ သစ္စာ၊ ပိုင်းခြားရာဖြင့်၊ ကောင်းစွာ မှတ်ဘိ၊ ဤသို့ သိသား၊ ကြင်ယောက်ကျားသည်။ ရေလား လျှပ်လျှင်၊နေခြည် ဟစ်သည်။ဘုံဆုပ်ကိုင်ရေ၊သင်များချေ၍၊ ရေမဟုတ်မှန်း၊ သိဖြောင့်တန်းကာ ပြိုဝှန်းနှာသာ၊မတပ်ရာသို့၊တဖျာကင်းလွယ်၊ဉာဏ်သုံးဆယ် ဖြင့်၊ စွန့်ပယ်ရှားမှု၊ သမုဒယ၊ ။သဉ်ါရနည်၊ ကိုးဘွယ်ရာမဲ့၊ ...ဘ်ဖြက်ခဲ့သား၊ ကြင် ယောက်ကျားသည်။ နွားဟု ထင်လျက်၊ ကျားကို တက်၍၊စီးလျက်လင်းဘိ၊ ကျားမှန်းသိက။မိမိ လွတ်ရာ။ ပြေးပွက်ဥါသို့၊မြေဘ်ခါကြိုးကုတ်၊အားထုတ်သောလား၊ သုံးပါး ဉာဏ်ရှု၊ပြီးကြောင်းပြုမှ၊ငါးခန္ဓာ၊လွတ်ငြိမ်းရာသို့၊ရည်ဘာစေ သ၊နိရောဓရောက်၊အာရုံ ပျောက်သည်။မျက်မှောက် ပြုခြင်း၊ ။

ယင်းသဘာဝ။ နိရောဓရောက်၊ မျက်မှောက်ပြုလို။ ထိုပုဂ္ဂိုလ်ကား။ ကျွားကို ကြောက်၍၊ထွက်မြောက် ပြေးခွင့်။ အသင့် ယူကြ၊ တရံမမေ့၊တည်စေ ရွှေ့လျှင်၊ခုန်ဆွေ့ ယောက်ကျား၊ ပြေးသောလားသို့။အပြေးရှစ်အင်။ထိုမဂ္ဂင်ကို။အကြွင်သုံးပါး၊ဥာဏ်တရားဖြင့်။ ။ထင်ရှားကုန်ကြ စေရာတည်း။

---

## ၎င်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဖော်ပြချက်။

ခန္ဓာ-၅-ပါးကား။ ။ရူပက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ။သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ။ဝိညာဏက္ခန္ဓာ။ ။ဟူ၍-၅-ပါးတည်း။

လက္ခဏာရေး-၃-ပါးကား။ ။အနိစ္စလက္ခဏာ။ဒုက္ခလက္ခဏာ။ အနတ္တလက္ခဏာ။ ။ဟူ၍သုံးပါးတည်း၊

ဥာဏ်-၃-သွယ်ကား။ ။သစ္စဉာဏ်၊ကိစ္စဉာဏ်။ကတဉာဏ်။ ။ဟူ၍သုံးပါးတည်း။

မဂ္ဂင်-၈-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ။

---

## ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

တံဖွင်ကား။ ။အထက်ကဆိုခဲ့ပြီ၊

---

## အကျွချာအပင့်အရစ်,ကာရန်ခွဲသားများကား။

စွန့်ပယ်ရှားမှု၊သမုဒယ,ကားခွဲထား။ရှေ့-မဟာထိုးတုချောင်းငင်။နောက်-မဘာချောင်းငင်၊ ။သမုဒယ။သင်္ခါရနယ်,ကား ခွဲထား၊ရှေ့-ယငယ်။နောက်-ရကြီး။ ။ရေလားလျှင်လျှင်။နေချောင်ဟာဝ်သည်။တံဖွင်ကိုရေ,ကားခွဲထား။ရှေ့-လဟာထိုးယပင့်။နောက်လဟာထိုး၊

အရိယာသစ္စာနုဒဿနံဟူသောမင်္ဂလာ-၅-ပိုဒ်ပြီး၏။

## နိဗ္ဗာနသစ္ဆိကိရိယာစ,ဟူသောမင်္ဂလာ။

(၃၇) သမ္ဘသန်။စသည်ဆယ်တန်၊ပွါးသောဉာဏ်ဖြင့်။ထက်သန်ဆင့်ဆင့်၊ရင့်ထက်ရင့်၍၊ ဒုက္ခသမုဒယ။ နိရောဓဟု။ မဂ္ဂသစ္စာ။ ညီလေးဖြာတွင်၊ အကြိုးဝင်သည်။ ဤလျှင် သစ္စာ၊ နိရောဓါကို။ ကောင်းစွာမြင်သိ၊သဉပါဒိ၊အနုပါဒိဟု၊ မည်ရှိ နိဗ္ဗာန်၊ မြတ်ပွန် တရား၊ ထိုနှစ်ပါးတွင်၊လေးပါး ဝိပလ်၊ ဘောက်ပြန်သမှု၊ ကိုယ်ဟု စွဲကြာ၊သက္ကာယကို။သ က်စ သိမ်းချုပ်။ လက်ငုတ် မကျန်၊ ပယ်ဖျန်ဖြတ်ချ၊လောဘ,ဒေါသ၊မောဟ,ဒိဋ္ဌိ၊အစရှိသည်၊များတိ ထွေထွေ၊ သံကိလေဋ္ဌာ၊ဝဋ္ဋနပစ်မလ၊ ဩဃ,ယောဂ၊ အာသဝနှင့်၊ဂန္ထ ကင်းကွာ၊သစ္စာလေးချက်၊ဆဲ့ခြောက်နက်ကို၊ ဖိုလ်မဂ် စိတ်သန်။ နိဗ္ဗာန်ညွှတ်တိ၊ဝိမုတ္တိတရား၊ထင်ရှားမျက်မှောက်၊ရောက်လတ်ကုန်ရာ၊ ခန္ဓာအစဉ်၊ဝိညာဉ်နာမ်ရုပ်၊မချုပ်သေးတိ။သဉ္ဇိလက္ခဏာ။ တည်ကြည်စွာမှ၊သဉပါဒိသေသ၊နိဗ္ဗာနတိ။ပဋိသန္ဓေ၊မနေတာဘန်။ ခန္ဓာမကြွင်း၊ တျင်းတျင်း ကုန်စင်၊အသင်္ခတဓာတ်၊ အနုပါဒိသေသတ်၊ အမြတ်နိဗ္ဗာ န်၊ ကေနဲ့ ထုတ်ချောက်၊ မျက်မှောက်ရှေးရှု၊ အာရုံပြုသည်၊ ၊သွတ်မှုတရား မြတ်စွာတည်း။

---

### ၎င်းသက်သေပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဘော်ပြချက်။

ဒသသန္နဉာဏ်-၁၀-ပါးကား၊ ၊အထက်ကဆိုခဲ့ပြီ။

မဂ္ဂင်-၈-ပါးကား၊ ၊ ၎င်း။

ဝိပလ္လာသတရား-၄ပါးကား၊ ၊နိစ္စဝိပလ္လာသ၊သုခဝိပလ္လာသ၊အတ္တဝိပလ္လာသ၊ဒိဋ္ဌိဝိပလ္လာသ၊ ၊ဟူ၍လေးပါးတည်း။

သစ္စာအနက်-၁၆-ချက်ကား၊ ၊ဒုက္ခသစ္စာ၌ နှိပ်စက်တတ်သောအနက်၊ပြုပြင်အပ်သောအနက်၊ပူပန်စေတတ်သောအနက်၊ ဖောက်ပြန်စေတတ်သောအနက်၊ ၊ဟူ၍လေးပါးတည်း။

သမုဒယသစ္စာ၌၊အားထုတ်အပ်သောအနက်၊ အကြောင်းဖြစ်သော

အနက်။ ယှဉ်စေတတ်သောအနက်၊ တားမြစ်တတ်သော
အနက်။ ။ဟူ၍လေးပါးတည်း။

နိရောဓသစ္စာ၌၊သံသရာမှထွက်မြောက်ခြင်းအနက်။ ဆိတ်ငြိမ်ခြင်း
အနက်။မပြုပြင်အပ်သောအနက်။ မသေသောအနက်။ ။
ဟူ၍လေးပါးတည်း။

မဂ္ဂသစ္စာ၌။နိဗ္ဗာန်သို့မြင်တတ်သောအနက်။နိဗ္ဗာန်၏အကြောင်းဖြစ်
သောအနက်။ နိဗ္ဗာန်ကို ဆောင်တတ်သောအနက်၊ အကြီး
အမျူးဖြစ်သော အနက်။ ။ဟူ၍လေးပါး။ ရှု-၁၆-ပါး
တည်း။

ဩဃ-၄ ပါးကား။ ။ကာမောဃ၊ဘဝေါဃ၊ဒိဋ္ဌောဃ။ အဝိဇ္ဇော
ဃ၊ ။ဟူ၍လေးပါးတည်း။

ယောဂ-၄-ပါးကား။ ။ကာမယောဂ။ ဘဝယောဂ။ ဒိဋ္ဌိယောဂ။
အဝိဇ္ဇာယောဂ။ ။ဟူ၍လေးပါးတည်း။

အာသဝ-၄-ပါးကား။ ။ကာမာသဝ။ ဘဝါသဝ။ ဒိဋ္ဌာသဝ။
အဝိဇ္ဇာသဝ။ ။ဟူ၍လေးပါးတည်း၊

ဂန္ထ-၄ ပါးကား။ ။ကာမဂန္ထ။ဘဝဂန္ထ၊ဒိဋ္ဌာဂန္ထ။အဝိဇ္ဇာဂန္ထ။ ။ဟူ
၍လေးပါးတည်း။

သစ္စာ-၄-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

ပွန်ကား။ ။အထက်ကဆိုခဲ့ပြီ။
ထွေထွေကား။ ။ငင်း။

---

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

နိဗ္ဗာနတိ။ ပဋိသန္ဓေ,ကားခွဲထား။ ရေ့-တဝမ်းပူ။ နေ့ဲ-မူသံ
သျှဉ်းချိတ်။

နိဗ္ဗာနသစ္စာကိဂ်ရိယာစ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

ဇတ်ခင်္ဂလမုဉ္စမံဟူသောခင်္ဂလာ-၄-ပါးချုပ်။

(၄၄) ဤသို့တပ။ မြိုးခြိမ်ရလျက်၊ လိုလ ဆင့်ဆင့်၊ ထေးဖင့် နားခြွေ၊လိုခြိုစေသား၊ရှစ်ပါးဝိရိယ။သမ္မပ္ပဓာန်၊အမွန်မြတ်ဖွ။ မြဟ္ဓ စရိယာ၊သူတော်စွာတို့။ ကျင့်ရာလမ်းကောင်း။ တံမှဉ်းကြောင်း ဖြင့်၊ထုံးဟောင်းနည်းယူ၊ဟူတုံရကား။ လေးပါး သစ္စာ၊ အရိယာ တို့၊ကောင်းစွာသိမြင်၊လျှင်တောက်တပို၊ရောက်လိုရကား၊တရား နိဗ္ဗာန်၊ တောင်းဆု ပန်လျက်၊ကြေန် မျက်မှောက်၊ရောက်အံ့ ရှေးရှု။ အာရုံပြုသည်၊ ၊လွတ်မှုတရား သံသာတည်း။

---

ဂုဏ်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဖိပ္ပါယ်
များကိုဘော်ပြချက်။

ဝိရိယာရမ္ဘ-၈-ပါးကား၊ ၊အထက်ကဆိုခဲ့ပြီ၊
သမ္မပ္ပဓာန်-၄-ပါးကား၊ ၊ ၄င်း၊
သစ္စာ-၄-ပါးကား၊ ၊ ၄င်း၊

---

ပေါရာဏကထာနှင့်ယှဉ်ဝေါရစကားများကား၊

လျှင်တောက်တပိုကား၊ ၊အထက်ကဆိုခဲ့ပြီ၊

---

အံကျရာအပင့်အရစ်,ကာရန်ခွဲထားများကား၊

တရားနိဗ္ဗာန်၊ တောင်းဆုပန်လျှက်,ကား ခွဲထား၊ ရှေ့-ဗထက် ပြိုက်နှစ်လုံးဆင့်၊နောက်-ပစောက်နသတ်၊

ဇတ်မင်္ဂလမုဉ္စမံ,ဟူသောမင်္ဂလာလေးပါးချုပ်ပြီး၏။

---

## (၁၀) ဗဟုဿုတသာကစ္ဆမ္ဗေ ပိဋကပ္ပါယသာ နဂဇ္ဇာပ ဝတ္တိ, ဟူသောမင်္ဂလာ။

(၆၅) ယုဂန်,ဏ္ဏသိန်။ ကရဝိန်ဟု။ နေမိန္ဓရ၊ စသည် ပတ်ခြံ၊ တောင်ရေရံလျက်။ ဝင်းလျှံ ကြည်ကြည်။လေးရောင် လည့်သည်၊ ငါးမည်အာလိန်။တာဝတိန်ဝယ်၊ ငါးသွယ်ကျောင့်မှု။ ဂရုမဗ္ဗ။ ဝေရ တရား။မရှိပြေးဘဲ။အမြဲလုံခြုံ။ အစဉ်ထုံ၍။ ချွေဘုံစံကြူး။ လွန် ပျော်မြူးလျက်။ကြည်နူး ထွန်းပ။ ဥပ္ပလဟု။ သိကြား ခန့်ရန်။ တမန် ယောက်ကျား။အိုနတ်သား။ ။မှတ်သားသေချာ။စေ့စေ့နာလော့။ လာဘာလာဘ။ယသ,အယသ။နိန္ဒာ,ပသံ။သုခံ,ဒုက္ခ။ လောကဓမ္မ တာ။ပမာမေလျှင်း။ နိမ့်ရှိုင်းမြင့်မောက်။ ဘောက်ဘောက်ပြန်ပြန်။ ဖြစ်မြဲမှန်ရှင့်။လေးတန်ရဝ်ရာ၊ လေးမျက်နှာမှ၊သံဝါ ဟည်းဟည်း။ မုန်တိုင်း သည်းလည်း။ ခိုက်ဆည်း ထွေရော်။ လာလတ်သော်မူ၊ နူမြူမတိမ်း။မယိမ်းမယိုင်။ကြံ့ကြံ့ ခိုင်ဖြိုး၊ ဖျွတ်တိုင်ကြီးသို့။ ညီးညီး ဝါဝါ။ သမ္မာရဋ္ဌ။ရဲရဲညီသည်။ ခိဏာသဝ။ ရဟန္တာ့စိတ်၊ အာသ ဝေါဆိတ်၍။ဇ္ဈာနိန္ဒ္ဓ။ သည်းခံကြလျက်။ ဘဝဆုံးချုပ်။ မဘုန်လှုပ် ဟူ။လျစ်လျူသဘော။မိုလ်စိတ်စောသည်။ ။မြတ်သောစိတ်လျှင် ငြိမ်းချမ်းတည်း။

---

ငင်းလက်ာပိုဒ်တွင်ပါသော လိနာ္တအမိပ္ပါယ် များကိုဘော်ပြချက်။

ဂရုခမ္ဗတရား–၅–ပါးကား။ ။ပဉ္စသီလငါးပါးပင်တည်း။

---

ပေါရောဏကသာနှင့်။ယခုဝေါဟာရစကားများကား။

ထွေထွေကား၊ ။အထက်ကဆိုခဲ့ပြီ။

ခိုက်ဆည်းကား။ ။ငင်း။

ဖြမ်းကား။ ။ ငင်း။

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ရဟန္တာ့ဗိတ်၊ အာသဝေါဆိတ်၍,ကား ခွဲထား။ ရှေ့-စလုံး။ နောက်-ဆလိမ်။

ဗုဒ္ဓသားလောကဇမ္ဗူဟိ၊ဗိတ္တ ယသနကမ္ပတိဟူသော မင်္ဂလာတပိုဒ်ပြီး၏။

---

အ,သောကံ,ဟူသောမင်္ဂလာ။

(၄၄) သားတွီး လင်၊ ကျွန်သခင်ကား။ ငါးယောက်အားနှင့်။ ဆွေသား မျိုးရင်း၊ပျက်စီးခြင်းလျှင်။ အရင်း ဖြစ်တတ်၊ ဒေါမနသ်သည်။သောကမည်ရှင့်။ယခင့်သောက၊အနိဋ္ဌသာ၊လက္ခဏာတည့်။ ဤသည့်တရား။ခံစားခြင်းမှ၊ရသမည်ထိုက်။စိတ်နှိုက်မှီရာ၊ကြွင်နာ သမှု၊ပစ္စုမသွင်း၊ပျက်စီးခြင်းမှာ၊နီးဋ္ဌာလည်းကောင်း၊တကြောင်း ထိုမှ၊ဒုက္ခမငြိမ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေး မြည်တမ်း၊ ညှိုးနွမ်းသော စိတ်၊ အတိတ် နာဂတ်၊ သုံးဖြတ်ကင်းသာ၊ ယုတ်စွာ အကျိုး၊ မရှိနိုး တည်း၊အဲခိုး စိတ်လျော့၊ဖြော့တော့ အသင်း၊ ဘောက်ပြန်ခြင်းဖြင့်၊ ထမင်းရေစာ၊အရသာကို၊ကောင်းစွာ မစား၊ရန်သူများတို့၊ ဝမ်း မြောက်ဘို့သာ၊ ဖြစ်တို့ရာ၏၊ ဩဇာ ယောဂ၊အာသဝနှင့်၊ဂဏ္ဍမ ကင်း၊ရှောင်အတွင်းမှ၊ပွင့်လင်း သစ္စာ၊ဉာဏ်ရောင်ဝါဖြင့်၊ခီဏာ သဝ၊ရဟန္တာ့ဗိတ်၊ဝိပရိတ်ကင်း၊ကြောက်ခြင်းဆိတ်ငြိမ်၊ မစိုးရိမ် ရ၊တည့်ကြည်ဖွာသည်၊ ၊သောက လွတ်မြောက်ငေးချမ်းတည်း၊

---

ပေါ်ရာထက်ကသာနှင့်၊ယခုဝေါဟာရစကားများကား၊

ကက်ာကား၊ ၊မျက်မှောက်၊ပစ္စုပ္ပန်လည်းဟူ၏၊
အဲ့ခိုးကား၊ ၊အထက်ကဆိုခဲ့ပြီ၊
အ,သောကံ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏၊

## ဝိရဇံ့ဟူသောမင်္ဂလာ။

(၆၇) သမ္မာသနု။စသည်ဆယ်တန်။ ဥာဏ်ဝိပဿနာ။ ရင့်သန်စွာဖြင့်။သစ္စာလေးအင်။အစဖြင့်လျက်။ပထမမင်္ဂ။လက်ပွန်တက်မှ။ ကြေဇိရံ။ ကောလံ ကောလ။ သတ္တက္ခတ္တုဟု။ ဆုံးသ ပိုင်းခြား။ ဘဝအားဖြင့်။အခွင့်ကြိုကြိုက်။လူ့ဘုံနတ်ရပ်။ရောစပ်သောထွေ၊ ခုနစ်ကြိမ်နေခြင်း။ ဇာတိကင်း၍။ အချင်းခပ်သိမ်း၊ငြေးငြိမ်းကြေနှန်။ လမ်းမှန်ကုန်သိ။ဒိဋ္ဌိကင်္ခါ။ပယ်အစ်ခွါမှ။အပါယဒုက္ခ။ ကင်းကုန်ကြ၏။ ဒုတိယကား။ကာမ,ရာဂ၊ဒေါသ ခေါင်းပါး။တရားမွေ့သိမ်။ကာမအိမ်ကို။တကြိမ်သာဝံ၊သကဒါဂံမှ။တတိယကား။ခေါင်းပါး ကျုန်ထ။ကာမ,ရာဂ။ဒေါသမကြွင်း။ ပယ်ရှင်းကုန်ရာ။ အောက် ကာမာသို့။တခါမပြန်။ဖြာဟ္မာဆန်၍။နိဗ္ဗာန်လက်နီး။နာဂါမ်ပြီး၏။ခရီးလမ်းထောင့်။မျှော်ရောင့်အပိဋ္ဌာ၊တဏှာကိလေ။ရန်ငြစ်တေကို။ အနဝသေသ။ပဟာနဖြင့်။ ကျုန်ရမရှိ။ ပယ်ကုန်ဘိက။ စတုတ္ထဟု။ အရဟတ္တမင်္ဂ။ဗိတ္တက္ခဏ။တချက်မျှဖြင့်။ဖလသမာ၊ဓိဏာသဝ။ ပုဂ္ဂလကား။လောဘ,ဒေါသ။မောဟဟူသည်။မြူရဇကင်း။ စိတ်သန့်ရှင်းသည်။ ။ကိုယ်တွင်းအရေး ငြေးချမ်းတည်း။

---

ငုံးလက်ာပိုဒ်တွင်ပါသော လိနတ္တအဓိပ္ပါယ်
များကိုဘော်ပြချက်။

ဝိပဿနာဥာဏ်-၁၀-ပါးကား။ ။အထက်ကဆိုခဲ့ပြီ။
သစ္စာ-၄-ပါးကား။ ။ ၄င်း။

---

ပေါရာဏကထာနှင့်။ယခုဝေါဟာရစကားများကား။

လက်ပွန်ကား။ ။အဘက်ကဆိုခဲ့ပြီ။
လက်နီးကား။ ။အနီးအပါး။

---

အကြွရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ချုန်စ်ကြိုပ်နေခြင်း၊ဇာတိကင်း၍၊ အချင်းခပ်သိမ်း,ကားခွဲထား။ ရှေ့-ခွေးရရစ်၊ နောက်ခွေးယပင့်။ ၊စတုဏ္ဍဟု။အရဟာဏ္ဍမင်္ဂ ကားခွဲထား၊ရှေ့-ထဆင့်ထုးနှစ်ဆင့်၊နောက်တဝမ်းပူနှစ်ဆင့်။

ဝိရဇ ်,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

---

ခေမံ,ဟူသောမင်္ဂလာ၊

(၆၇) ဓလောဘ,ဒေါသာ၊မောဟဟူသား၊ ဝဋ်သုံးပါးနှင့်၊ ယှဉ် ငြားတတ်သည်၊ယောဂမည်၏။ ဤသည့် ယောဂ။ တဒင်္ဂတိ။ ဒိဋ္ဌိယောဂ။ စွန့်လတ်ကမူ၊ခေမ မည်လစ်။စင်စစ်မူကား၊တရား လုံးပုံ၊ တောဘုမ္မက။သံဒိ ါရတွင်၊လောဘကြည်ထ။ဒုက္ခသစ္စာ၊ပိုင်းခြားကာ ဖြင့်၊ကောင်းစွာသိမှု။ သမုဒယသစ္စာ၊ ပယ်အပ်ရာကို၊ ကောင်းစွာ ပယ်ဘိ။နိရောဓသစ္စာ၊မှန်စွာ မဘောက်၊မျက်မှောက်ရေးရှု။ အာရုံ ပြုတတ်၊မဂ္ဂင်မြတ်ကို၊ပွါးလတ်တုံမှ။ မဂ္ဂသစ္စာ၊ယင်း လေးဖြာကို၊ ယထာဘုတ။ ဟုတ်မှန်ကျအောင်၊ သိစွမ်းဆောင်ဘိ။ ဝိကာသဝ။ ဝိရာဂဟု၊ဘာမကြို၊ဇာတိမြုံမှ၊လုံးပုံကင်းလွတ်၊ မြတ်ထက် မြတ် ၍၊ဥပဒ်သိမ်ဖျင်း၊ မှောင့်ရောင့်ကင်းသည်။ ၊ကိုယ်တွင်းကုန်ခန်း ဘေးဘျမ်းတည်း။

---

ငုံးလက်ာပိုဒ်ဘွင်ပါသော သိနည်းအဓိပ္ပါယ်များကိုဘော်ပြချက်။

ပင်္ဂို-၃-ပါးကား။ ၊အထက်ကဆိုခဲ့ပြီ။
သစ္စာ-၄-ပါးကား၊ ၊၎င်း။

---

အကြွရာအပင့်အရက်,ကာရန်ခွဲထားများကား၊

တဒင်္ဂတိ။ ဒိဋ္ဌိယောဂ,ကား ခွဲထား၊ ရှေ့-တဝမ်းပူ၊ နောက် ဒွဝမ်းဘဲ။ . ၊ခေမံ,ဟူသောမင်္ဂလာတပိုဒ်ပြီး၏။

## ဇော်မင်္ဂလမုတ္တမံ ဟူသောမင်္ဂလာလေးပါးချုပ်။

(၄၉) လာဘာလာဘ။စသည်တရား။ရှစ်ပါးလောကဓံ။ခါနိုယံ လျှင်။ဆက်ဆံသဖြင့်။သည်းခံလင့်လော့။မြင့်ထက် မြင့်စွာ။သံသရာ ပင့်၊ကြေဲ့ကွင်းညွတ်မှ၊ထွက်လွတ်ကုန်ရာ။ဈာန်မှာနိဗ္ဗာ၊ မတောင့်တ သည်။ဘဝဆုံးချုပ်။မတုန်လှုပ်ရ။သောဘ,ဒေါသ၊မောဟဟူသား။ မြူသုံးပါးကင်း။ စိတ်သန့်ရှင်း၍၊ကိုယ်တွင်းတရား။လေးပါးသစ္စာ။ ယထာဘူတ။အမှန်ကျအောင်။သိစွမ်းဆောင်ဘိ။ ခိဏာသဝ။ဝိရာဂဟု။ဘဝမကြို။ဓာတိ မြုံလတ်၊ ဘေးလွတ် ရန်ရှင်း၊ မှောင့်ရောင် ကင်းသား။လေးပါးမင်္ဂလာ၊ဟောညွှန်ပြသည်၊ ။ချမ်းသာထွန်း မြတ် ထွက်လမ်းတည်း။

## ၎င်းလက်ာပိုဒ်တွင်ပါသော လိနတ္ထအဓိပ္ပါယ် များကိုဖော်ပြချက်။

လောကဓံ တရား-၈-ပါးကား။ ။လာဘ။အလာဘ။ယသ၊အယ သ၊ နိန္ဒာ။ ပသံသ၊သုခ၊ဒုက္ခ။ ။ဟူ၍ ၈-ပါးတည်း။

သစ္စာ-၄-ပါးကား။။ အထက်ကဆိုခဲ့ပြီ။

မင်္ဂလာ-၄-ပါးကား။ ။နကမ္ပတိ။အသောကံ။ဝိရဇံ။ခေမံ။ ။ ဟူ၍လေးပါးတည်း။

တော်မင်္ဂလမုတ္တမံ ဟူသောမင်္ဂလာ-၄-ပါးချုပ်ပြီး၏။

## (၁၁) ဇောဒိသာနိဟူသောဂါထာ။

(၅၀) ကာမာဝစရ၊ နတ် ဌာနတွင်။ ယောဘုယျဗိတ်။ ဥဘတ် မဆိတ်သည်၊တိဟိတ်ပဋိသန်။ကုသိုလ်ဘန်၍။နတ်ဌာန်ဖြစ်ဘိ။ ဇာ တိမဟာတ်။ ။ပြာသာဒ်ဝေယန်၊ ဗိမာန်ဘုံကြီး။ ရွှေတိပြီးလျက်။ ညီးညီးထိန်ထိန်။အရှိန်မခန်း။လောင်ခမန်းမျှ။အဆန်းတကြယ်။ကြီး ကျယ်မြင့်မြတ်။ နတ်ပဒေသာ။မဟာရုက္ခ။ လိုကိုင်းရသည်။ ပုည

မှုဟာတဲ့။ ။နတ်သစ်နတ်ဟောင်း၊သောင်းပြောင်းရောရာ။ ညီလာ
သဘင်၊မပြတ်ရင်မှူ၊စိမ်ပြုသည်၊ဂုဏာမဟာတ်။ ။ဂုဏ်မြတ်သုံးပါး။
ဖြည့်ပုံ ငြားသည်၊ သိကြား ဇမ္ဗူရာဇာ၊အမှူသစ်နိုက်၊ စိစစ်ရေးရာ။
ကောင်းစွာဆောင်တတ်၊ချစ်သားနတ်။ ။မှတ်သော့မှန်စွာ။အသေ
ဝနာ၊အစ လာ့သည်၊ မြတ်စွာ ဟောဖြိုက်။ ဇမ္ဗူစက်လျှင်၊ ရေတွက်
မချွဲ၊သင်္ချာ ပွဲ့ မူ၊သုံးဆဲ့ရှစ်ဖြာ၊မင်္ဂလာကို၊ကောင်းစွာပြုရ၊ကုသလ
ကြောင်၊ သမ္ဗုလုံးပုံ၊ဘု အတည်တည့်၊ပြည်အစို့ ပို့၊မြို့အခန်းခန်း၊
ကြုဋ္ဌန်းထိုမှူ၊ ကြိုက်ကြုကြလည်း၊ ဒေဝပုတ္တ၊ ကိလေသ,နှင့်၊ ခန္ဓ
မည်ရှိ၊အဘိသင်္ခါ၊ လေးဖြာဝေးရှောင်း၊ ဦးမထောင်းသည်၊ ရန်
ပေါင်းမနိုင်၊တောင်ကိုင်ဌာန၊ ချမ်းသာစွာဖြင့်၊ ပထ လေးလီ၊ မျှညီ
ကြွေ့ကြွေ့၊ပျော်ပံမွေ့သည်၊ ချမ်းမြေ့သာဂူ၊အဋ္ဌတိသ်ာ၊ မင်္ဂလာ
တရား၊မြဲမှတ်သားသော့၊တရားအသုံး၊တွက်ကျုံး ကံနိုးနေ၊ သိန်း
ကုဋေ ဟ္၊ဖြည်းထွေနတ်နတ်၊ပရိသတ်တို့၊အရဟတ္တဖိုလ်၊နိဗ္ဗာန်ကို
သာ၊ရောက်ကုန်ရာမြို့၊အချို့နတ်ပွန်၊ သောတာပန်မြတ်၊ နတ်တချို့
မှာ၊သကဒါဂါမ်၊အနာဂါမ်များ၊ပိုင်းခြားမရှိ၊ များဘိဒေဝ၊ တရား
ရသည်၊ ။နတ်မျှော့ကျွတ်တမ်း များမြောင်တည်း၊

---

ဌ်းလက်ာပိုဒ်တွင်ပါသော လိနာ္တအဓိပ္ပါယ်
များကိုဘော်ပြချက်၊

မာန် ၃ ပါးကား၊ ။ဇာတိမာန်၊ ပညာမာန်၊ ဂုဏာမာန်၊ ။ဟူ၍
သုံးပါးတည်း၊

ဇာရိယာပုတ်-၄-ပါးကား၊ ။အထက်ကဆိုခဲ့ပြီ၊

---

ပေါရာဏကထာနှင့်၊ယခုဝေါရစကားများကား၊

ဦးမထောင်းကား၊ ။အထက်ကဆိုခဲ့ပြီ၊
တောင်ကိုင်ကား၊ ။ချမ်းသာသောအရပ်ဌာန။

ကြွေ့ကြွေ့ကား။ ။အချားမြင်သည်၊
ပြည်းထွေကား။ ။အများ။

အက္ခရာအပင့်အရစ်,ကာရန်ခွဲထားများကား။

ယောဘုယျဗိတ်။ ဉာဏ်မဆိတ်သည့်,ကား ခွဲထား။ ရှေ့-စလုံး၊ နောက်-ဆလိမ်။ ။အဆန်းတကြွယ်။ ကြီးကျယ်မြင့်မြတ်,ကား ခွဲသား။ရှေ့-ကကြီးရရစ်။နောက်-ကကြီးယပင့်။

တောဒိသာနိကတွာန,ဟူသောနိဂုံးဂါထာတပိုဒ်ပြီး၏။

ကျမ်းပြီးနိဂုမ်းလင်္ကာ။

(၇၁) ဘုရား့နတ်နက်။ဂမ္ဘစက်ကား။ ဟောဖြွက်ဆားသည်၊ တရားအမျိုး။ကျမ်းရိုးအရှိ။အာဒိမင်္ဂ။ပဉ္စကလျာ။ သုံးဖြာဝေဘန်။ တဏှာညွန်မှ။ ထွက်လွန်စေဘိ။ဝိမုတ္တိရသ်၊ တပါး မှတ်လေ့။ သိလဘ်ဘာ၊။ခန္ဓ ဝိနယ၊ နှစ်ဌာတည့်၊ သုတ္တဝေါဟာ။ အာဏာဝိနယ။ ဘိဂမ္ဘမြတ်။ ပရမတ်ဟု။သိမှာ်သေချာ။ယထာပရာဂ။နှလောမနှင့်။ ယထာဂမ္ဘ။သာသနာကား။သုံးထွေပြားရှင့်။မှတ်သားသီးသီး။ကြီး ကြီးငယ်ငယ်။ သွယ်သွယ်သိကွာ။ စောင့်ရှောက်ရာသည်၊ သံဝရ သံဝရ။သဿတနှင့်။ဥစ္ဆေဒ,က။စသည်များပြား။ နှောင်ကြိုးများ ကို။ဖြေဌြားလတ်ဘိ။ဗိဇ္ဇာဝိနိဝေဌနာ။ နက်နဲစွာလျှင်။ ခန္ဓာအာယတ နှ။ စသည်သရုပ်။ နာမ်ရုပ်ပိုင်းခြား။ ဟရားဝေဘန်။ တနဲတန်များစွ၊ နာမရူပ။ ပရိစ္ဆေဒနာ။ ကထာသုံးပါး။ မှတ်သားတုံပြီ။ အဓိသိလ။ စိတ္တပညာ၊သိက္ခာသီးသီး။မြင်ကြီးငါးသွယ်။မြစ်ငယ်ငါးရာ။ဖြာဖြာ ရစ်ဝှစ်။ ရေအစုတ်လည်း။ မဟာသမုဒ္ဒ။စီးဝင်ရသို့။ ဒီဃမဇ္ဈိုတ်။ အင်္ဂုတ္တရ၊ သံယုတ္တနှင့်။ ခုဒ္ဒကကား၊ များစွာ့အထူး။ ငါးဦးနိကာ။ အင်္ဂုဏ္ဏာဝါနှင့်။အင်္ဂါကိုးတန်။ဟောရေးပြွန်သား။တပါးနှသန်။ တပါး ခန့်ဟု။ဂမ္ဘပဒေသ။ခမ္ဘခန္ဓ၊သင်္ချာတွက်ရှု၊အနုသန္ဓေ။မေးဖြေပုစ္ဆာ။

မာတိကာဟု။ဝဏ္ဏုဝါရ၊တိက်,ဒုက်စသား။ပိုင်းခြားခွဲ၊ များစွာ
ဆိုင်သည်း၊ ဝိနည်းကျမ်းဂန်၊ ဓမ္မကြွန်အွဲရှောင်း။ နှစ်သောင်း တ
သောင်း၊များမြောင်သဏ္ဌာဝါ။ ဝေနေယျာတို့၊ လေ့လာ စွဲသုံး၊ ဝိတ်
သုံးကို၊ယုကျုံ့ညွတ်ရှုး။ကြည်နူးစေတတ်၊ကျမ်းမြတ်သုတ္တန်၊ဝေ
ဘန်သင်လောင်း၊နှစ်သောင်းတထောင်။ ထို့နောင်ဘိဓမ္မာ။ သင်္ချာ
ဆင့်လောင်း၊ ·လေးသောင်း နှစ်ထောင်။ သုံးစောင် ရပေါင်း၊ ရှစ်
သောင်းလေးထောင်။ဘုန်းခေါင်ဘုရား၊ဟောမြွက်ထားသည်၊ ၊
ဘုရား ရှစ်သောင်းလေးထောင်သော်။

---

(၇၂) မန္တန်ရာ၊ လက်ပွန်ခါဝယ်၊ ရာဇာသမ္မတ၊ ခတ္တိယဟု။
နာမ,သုံးရစ်။ဘွဲ့သင်းကျစ်ဖြင့်၊သင်္ဂသစ်ဘုန်းကျိုး၊ရေမြေပိုးလျက်၊
တန်ခိုးထွန်းပ။ သက်ဆင်းကြသည့်၊ သကျဝံသာ။နေနွယ်လာဟု။
ရာဇာအာဟိန်၊အသန္တိနဲ့လျှင်။နရိန္ဒဥက္ကဋ္ဌ၊ဘူတပတ်တို့၊ဘွတ်မြတ်
ဘုန်းပွင့်။ပဋိဘွင့်၍။ဆင့်ဆင့်များမြောင်၊စိုးရိုးဆောင်သည်။ ကုန်း
ဘောင်သမ္မတ၊ဒသမမြောက်။ကြဋ္ဌန်း ဆော င်သည်၊ ရွှေမှောက်
သည့်ချား၊ကျင့်ဘရားလည်း၊ ဆယ်ပါးဓမ္မ၊ သင်္ဂဟနှင့်၊ နာယက
ဂုဏ်၊ခါမသုန်သည်၊ ဘုန်းဟုန် မြင့်ဆောင်။ မာရ်အောင်ရတနာ၊
ဒါယကာဟု၊ နရာသဘ။ နရဒ္ဓဥဿျောင်၊ တို့ဘုန်းခေါင်လျှင်။ မြန်
ကောင်မဏ္ဍာဘာ၊ဝံစဉ်ခါမူ။ တော်ရည်တနှင့်၊ ကိုးပွင့် ကုံးသွယ်၊
စလွယ် ရွှေဗောင်း နားဒေါင်း ဝတ်လို၊ လို့ရုံခပင်း။ မကျန်ကြွင်း
သည့်၊ကြီးနိုင်းဆောင်ယောင်၊ ဗိုလ်ထုဘောင်တွင်၊ များမြောင် ဝတ်
စား၊သနားချီးမြှင့်၊ ‘သံတော်ဆင့်နေမျိုးမင်းကျော်ဇေယျသူ’’၊မြန်
မြေရတွင်၊ဗုန်ချယ်လေး၊“ဦးကျော်ဇေ”သည်၊ရှေးရှေးဆရာ၊ ပည
ဂါတ်၊စဉ်လာအဆို၊မှန်ယိုခလိုက်၊ အကြိုက်ရေစာ၊ အနာလွတ်
ကင်းငါးဆယ်တွင်းသက်၊ငါးချက်ဂုံမြောက်။ မုန်သော် မာတင်၊
ပမာထင်သည်၊အာဝင်ငါးပါး၊ဆရာများတို့၊ထံပါးသက်နိုး၊ မြှော်
ချီးသနား၊ပညာ့အားလျှင်၊သင်ကြားသမှု၊ဓမ္မပဒေသ၊နယပဒေသ၊

ကောင်းစွာရ၍။များဖွာကျမ်းဂန်။ချင့်ဝေဘန်မှ။နှစ်တန် အကျိုး။ နှစ်ပါးတိုးလျက်။ ပြည့်ဖြိုးစိမ့်ငှါ။ မင်္ဂလာဟု။ ပညာတန်ဆောင်။ ညွှန်ထွန်းထောင်သည်။ ။ရိုက်မှောင်ကင်းပျောက် လင်းပြောင်သောဝ်။

---

(၁၃) သက္ကရာဇ်ကောဇာ။ဆသဏ္ဍာနှင့်။ဒွယာဲဧကာ။ဗုဒ္ဓဘာသာ။ သာသနာမှု။ အဋ္ဌာပဋ္ဌ။ ဇယဒွယ်ဓိ။အာသဋ္ဌိဓိဟု။ ပုဏ္ဏာမိဝေ့။ လပြည့်နေ့၌။ချမ်းမြေ့သာယာ။မင်္ဂလာပျို့။အောင်မျို့ ကျမ်းမြတ်။ အပြီးသတ်ရှင့်။မြတ်ကုသလ။ဤပုညကြောင့်။ ဘဝနှောင်ခါ။ သံသရာဝယ်။ငြိတွယ်မရှိ။ကင်းကုန်ဘိသည်။ဝိပဿနာဉာဏ်။ဆယ်ပါး သန်လျက်။ လေးတန် သစ္စာ။ ပွင့်လင်းခါလျှင်။ ကောင်းစွာ မြင်သိ။ မြို့ကင်းဘိ၍။ဓာတိမြုံရာ။တဏှာမောဟ။စသည်အပြား။ဆဲ့တပါး မီး။ငြိမ်းပြီးချမ်းသာ။ မဟာအမတ။ အသင်္ခတဂါတ်။ ပရမတ်ကို။ တောက်ထဲတပုံဖြင့်။ရောက်လိုကုန်သည့်။ ဤသည့် ဆုမြတ်။ မရှလတ်ကြား။အမြတ်ဆားသည်။ တရားမင်္ဂလာ။ ကျင့်လိုပါသည်။ တဖြာထိုမှ။မြတ်ပုညဲတို့။ဤအတိုကို။မြင်းမိုရ်နေရှု။မြုလာဂမမှု။အနန္တာဟု။ နည္တကျေးဇူး။ အဘုရား မြင့်မြတ်။ ဘိမ်ဦးနတ်ဟု။ မြတ်သည့် အလှူ။ ခံဘိုက်မှုဘိ။ဒက္ခိဏောယျ။ မည်ထိုက်ဖွာသည်။ မိဘ ဆရာ။ ဉာတကာမှ။အာဒိစ၍။သဗ္ဗဥသံ။အလုံးပုံလျှင်။ ဘုံသုံးဆဲ့တစ်။ ဖြစ်ဖြစ် သမျှ။ဝေနေယျကြာ။ သတ္တဝါကို။ ငါနှင့်အတူ။ အမျှလှူသည်။ ။ ကြည်ဖြူသာခု ခေါ်ဆောင်သောဝ်။

ကျမ်းပြီးနိဂုံးလင်္ကာသေးပိုဒ်ပြီး၏။

ဤတွင်၍မင်္ဂလာပျို့ပြီး၏။

---